# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အနှစ်ရှိသောတရားကို ရနိုင်**

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသောတရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)


၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက် | ၂၀၁၇ ခုနှစ်၊ သြဂုတ် ၁၂ ရက်၊ စနေနေ့၊ | အတွဲ (၅၆)၊ အမှတ်(၃၁၃)


# ပြည်တွင်းစစ်ငြိမ်းရန်နှင့်အတူ တစ်ချိန်တည်းတွင် တိုင်းရင်းသားများအားလုံး ဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားနေခြင်းဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြား

## မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Democratic Transition) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်

**နေပြည်တော်    သြဂုတ် ၁၁**

မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Democratic Transition) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❁


**ဒီမိုကရေစီစနစ်အတွင်းမှာဆိုရင် တစ်ယောက်ကို တစ်ယောက် လေးစားမှုဟာ အင်မတန်မှ အရေးကြီးပါတယ်။ မတူညီတဲ့ သဘောတရားတွေရှိပေမယ့်လည်း တစ်ဦးနဲ့တစ်ဦး လေးလေးစားစား၊ သိက္ခာရှိရှိဆက်ဆံဖို့က အင်မတန်မှ အရေးကြီး**

---

**ရာသီတုပ်ကွေးရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၅၃၅ ဦးအနက် H1N1 ပိုးတွေ့လူနာ ၂၀၄ ဦးရှိ၊ ယနေ့အထိ သေဆုံးသူ ၂၃ ဦးရှိ** စာ » ၁၁

**မဲရလဒ်ကြေညာမှုအပြီး ဆန္ဒပြမှုများ ပေါ်ထွက်လာနိုင်သည့်အတွက် ကင်ညာရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးအတွက် ပြင်ဆင်** စာ » ၁၄

**ဆိုက်ဘာစစ်ပွဲများကြောင့် လုံခြုံမှုကင်းမဲ့တဲ့ ကမ္ဘာကြီး ဖြစ်လာတော့မှာလား** စာ » ၁၅


Let's Build Together!

ရုံးချုပ်
အမှတ်(၁၂၃)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း: +၉၅၁ ၂၅၅ ၈၁၉ ၃၈   ဖက်(စ်) : +၉၅၁ ၂၅၅ ၈၁၉ ၃၈
Email : ho@maxcement.com
Sales Hotline : +၉၅၉ ၇၇၀ ၇၇၀ ၇၇၀
Techanical Hotline : +၉၅၉ ၉၆၀ ၉၆၀ ၅၆၀

စက်ရုံ
တောင်ဇီလာ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်။
ဖုန်း: +၉၅၉ ၅၀၀၀ ၇၃၇၊ +၉၅၉ ၄၉၂ ၀၅၀ ၂၄
Email : factory@maxcement.com

MAX CEMENT



မြန်မာ့အလင်း

# ဒီမိုကရေစီအကူးအပြောင်းဖြစ်စဉ် သုံးသပ်ဆွေးနွေးမှုများမှသည်. . .

မြန်မာ့ခေတ်သစ်သမိုင်း၏ အကြီးအကျယ်ဆုံးသမိုင်းဖြစ်ရပ်တစ်ခုမှာ ဒီမိုကရေစီအရေးတော်ပုံဖြစ်၏။

၁၉၆၂ ပါလီမန်ဒီမိုကရေစီစနစ်ကို ဖျက်သိမ်းချိန်မှစ၍ မြန်မာနိုင်ငံတွင်း၌ ဒီမိုကရေစီစနစ် တစ်စချင်းလျော့ပါးပျောက်ဆုံးလာခဲ့သည်။ နိုင်ငံရေးအုပ်ချုပ်ရေးစနစ်တွင် ဒီမိုကရေစီအလေ့အထများ တဖြည်းဖြည်းချင်း မှေးမှိန်ဖျော့တော့လာမှုနှင့်အတူ စီးပွားရေး၊ လူမှုရေး၊ တရားစီရင်ရေးစသည့် နယ်ပယ်အသီးသီးတို့တွင်ပါ ဒီမိုကရေစီပါးလျားလာခဲ့သည်။

ယင်းသို့ ဒီမိုကရေစီ မှိန်ဖျော့လာခြင်း နှစ်ပေါင်းနှစ်ဆယ်ကျော်လာသည့်အခါ နိုင်ငံရေးချွတ်ခြုံကျမှုများ ဖြစ်လာသည်။ အရှေ့တောင်အာရှ၏ လျှမ်းလျှမ်းတောက် စီးပွားရေးနိုင်ငံအဖြစ်မှ အဆင်းရဲအမွဲတေဆုံးသော နိုင်ငံတစ်ခုအဖြစ်သို့ ကျဆင်းသွားခဲ့ရသည်။ အခွင့်ထူးခံလူတန်းစားတစ်ရပ် သိသိသာသာ ပေါ်ပေါက်ကြီးထွားလာပြီး ဆင်းရဲချမ်းသာကွာဟမှု မြင့်မားလာခဲ့သည်။ လူမှုရေးမညီမျှမှုများ၊ တရားစီရင်ရေးစနစ်အတွင်း၌ တစ်ဖက်စောင်းနင်းဖြစ်မှုများက လွှမ်းမိုးကြီးမားလာသည်။ ယဉ်ကျေးမှု၊ ယုံကြည်မှုနယ်ပယ်တို့တွင်ပါ တန်းမတူ၊ မညီမျှမှုများ ဖြစ်လာသည်။ လာဘ်ပေးလာဘ်ယူ၊ အကျင့်ပျက်ခြစားမှုက တစ်နိုင်ငံလုံးသို့ ပျံ့နှံ့ကူးစက်သွားသည်။

လူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးတို့ အမှောင်ကျဆိတ်သုဉ်းသွားခဲ့သည်။ ပြည်သူတို့၏ သဘောထားစိတ်ဆန္ဒတို့ကို စကားဟဟမှ ဖွင့်မပြောရဲသည့်ဘဝ ရောက်ခဲ့ကြရသည်။ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဆိုသည်ကို နဖူးတွေ့ဒူးတွေ့ ခံစားကြရသည်။

ဤသို့ဖြင့် ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီး ပေါ်ပေါက်လာခဲ့သည်။ ဒီမိုကရေစီဆိတ်သုဉ်းမှု၏ အကျိုးဆက်များကို သည်းမခံနိုင်တော့သည့် ပြည်သူလူထုကြီးက လမ်းများပေါ်ဆီသို့ ထွက်လာကာ ဒီမိုကရေစီကို တောင်းဆိုခဲ့ကြသည်။

ထိုအခြေအနေကို တပ်မတော်က အာဏာသိမ်းလိုက်ခြင်းဖြင့် ပြန်လည်ထိန်းချုပ်ရန် ကြိုးစားခဲ့သော်လည်း ပြည်သူလူထု၏ အဓိကလိုလားချက်ဖြစ်သော ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လမ်းကြောင်းပေါ်သို့တက်ရန် သဘောတူဆောင်ရွက်ခဲ့ရသည်။

ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်ရောက်ရန် နှစ်ပေါင်းများစွာ ထပ်မံကြာမြင့်ခဲ့သော်လည်း ဒီမိုကရေစီကို မျက်ခြည်ပြတ်မခံသည့် ပြည်သူလူထု၏ ပြင်းပြသည့်ဆန္ဒနှင့် အင်အားကြီးမားမှုက အပြောင်းအလဲများကို ဖြစ်ပေါ်စေခဲ့သည်။ အကန့်အသတ်များ ရှိနေသည့်ကြားကပင် ရွေးကောက်ပွဲများ ကျင်းပခဲ့သည်။ တပ်မတော်ခေါင်းဆောင်ဟောင်းများ အများစုပါဝင်နေသည်ဖြစ်သော်ငြား အရပ်သားအစိုးရအဖြစ် ရပ်တည်လာခဲ့ရသည်။

ဤသို့ဖြင့် ဒုတိယအကြိမ်ရွေးကောက်ပွဲကာလကို ဖြတ်သန်းခဲ့ပြီး ယခုအခါ ပြည်သူလူထုခြိမ့်ခြိမ့်သဲ ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်အများစု လွှတ်တော်များထဲတွင် ရောက်ရှိနေကြပြီ။ ပြည်သူ့ကိုယ်စားလှယ်များက ဖွဲ့စည်းပေးသည့် အစိုးရအဖွဲ့ခေါင်းဆောင်များ တိုင်းပြည်တာဝန်များကို အသီးသီး ထမ်းဆောင်နေကြပြီ။ နှစ်ပေါင်း ၆၀ ခန့်အကြာမှာ ပထမဆုံးသော ပြည်သူရွေးချယ်သည့် အရပ်သားသမ္မတ ပေါ်ပေါက်လာခဲ့ပြီ။ ပြည်သူလူထု အင်တိုက်အားတိုက်ထောက်ခံကာ အမျှော်ကြီး မျှော်လင့်ခဲ့ကြသည့် ဒီမိုကရေစီခေါင်းဆောင်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် မြင်တွေ့နေကြရပြီ။

သည်လိုအနေအထားကို မြန်မာပြည်သူလူထုရော နိုင်ငံတကာကပါ ဒီမိုကရေစီလမ်းပေါ် ရောက်ရှိအစပြုပြီဟု ယုံကြည်ခဲ့ကြသည်။

ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ တက်ရောက်လျှောက်လှမ်းလာကြရင်း မည်မျှလောက် ခရီးပေါက်ခဲ့ပြီဆိုသည်ကို ယနေ့လည်းပြန်ဆန်းစစ် သုံးသပ်ဆွေးနွေးလာပြီဖြစ်သည်။

ယနေ့ ၁၁ ရက် ဩဂုတ် ၂၀၁၇ တွင် ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်သည့် မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲဟူသော ဖိုရမ်တစ်ခု နေပြည်တော်တွင် ကျင်းပသည်။

ဆွေးနွေးပွဲက သုံးရက်ကြာကျင်းပမည်ဖြစ်၏။ ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်တွင်းက နိုင်ငံရေး၊ စီးပွားရေး၊ စစ်ဘက်အရပ်ဘက် ဆက်ဆံရေး၊ မီဒီယာအခန်းကဏ္ဍစသည့် အရေးအရာများကို ဆွေးနွေးဆန်းစစ်သုံးသပ်ကြမည်။

ဒီမိုကရေစီ အကူးအပြောင်းဖြစ်စဉ်မှာ နိုင်ငံရေး၊ ငြိမ်းချမ်းရေးတို့က အခရာဖြစ်သလို စီးပွားရေး၊ စစ်ဘက်အရပ်ဘက် ဆက်ဆံရေး၊ မီဒီယာအခန်းကဏ္ဍနှင့် မီဒီယာလွတ်လပ်ခွင့်တို့က မည်သို့မည်ပုံအရေးပါသည်ကို ဆွေးနွေးကြမည်။ ပြန်လည်သုံးသပ်ကြမည်။ အနာဂတ်အတွက် စဉ်းစားစရာအသစ်များကို ကြံဆဖော်ထုတ်ကြမည်။ ဖြတ်သန်းခဲ့ပြီးသမျှ ကာလအတွင်းက ဆောင်ရွက်ခဲ့သည်တို့ကို ဝေဖန်ဆန်းစစ်မှုများလည်း ပါဝင်မည်ဟု မျှော်လင့်ပါသည်။

ပြည်သူ့ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များ၏ လုပ်ဆောင်မှုများ မှန်ကန်သည်လား၊ တာဝန်ကျေသည်လားဆိုသည်ကို ဝေဖန်သည်တို့လည်းပါနိုင်သည်။ ကိုယ်သိ၊ ကိုယ်တတ်၊ ကိုယ်မှန်၊ ကိုယ်သာအဓိကပဲဟု ထင်မြင်တတ်သည့် လူ့သဘာဝကို သတိပေးလှုပ်နှိုးသော ဝေဖန်သုံးသပ်မှုများလည်း ပါနိုင်သည်။

မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်ကို သုံးသပ်ဝေဖန်ရာမှာ အထက်ကဆိုသည့် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ဘက် အရပ်ဘက် ဆက်ဆံရေး၊ မီဒီယာ စသည်တို့ကို ကဏ္ဍတစ်ခုချင်း ရှုမြင်သုံးသပ်ရန်လိုသကဲ့သို့ အားလုံးကို ခြုံငုံသုံးသပ်ရှုမြင်သည့် အမြင်လည်းရှိရန်လိုမည်။

အချုပ်ဆိုရလျှင် ဆွေးနွေးပွဲကြီးအောင်မြင်စွာ ဆွေးနွေးကြပြီး အနာဂတ်မြန်မာနိုင်ငံငြိမ်းချမ်းရေး၊ တိုးတက်ဖွံ့ဖြိုးရေးနှင့် တရားမျှတမှုတို့အတွက် အဖြေကောင်းများ ကြံဆရှာဖွေနိုင်မည်ဟု မျှော်လင့်ယုံကြည်ကြောင်း တင်ပြလိုက်ပါသည်။ ။

# မြန်မာ-ကိုရီးယားနှစ်နိုင်ငံချစ်ကြည်ရေး၊ လွှတ်တော်ချင်း အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၁

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Chung Sye-Kyun ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။** (အောက်ပုံ)



တွေ့ဆုံစဉ် မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ချစ်ကြည်ရေး၊ လွှတ်တော်ချင်း အပြန်အလှန် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများ၊ မြန်မာနိုင်ငံ လွှတ်တော်များ ဖွဲ့စည်းမှု၊ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ နည်းပညာနှင့် အတွေ့အကြုံများ မျှဝေရေး၊ ကူညီပံ့ပိုးနိုင်ရေးကိစ္စများနှင့် စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် မြန်မာ-ကိုရီးယား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Chung Sye-Kyun ဦးဆောင်သောအဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ထမင်းစားခန်းမ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုနေ့လယ်စာ စားပွဲတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေးနှင့် လွှတ်တော်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် အပြန်အလှန်ဆုတောင်းစကားပြောကြားပြီး အတူတကွ နေ့လယ်စာသုံးဆောင်ကြသည်။

နေ့လယ်စာ သုံးဆောင်နေစဉ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှုငြိမ့်ညောင်းသံစဉ် အဆိုအတီးများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များအား ပန်းခြင်းပေးအပ်ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ နေ့လယ်စာစားပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် မြန်မာ-ကိုရီးယားလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးများမှတာဝန်ရှိသူများ တက်ရောက်ကြပြီး ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မြန်မာ ယူ-၂၂ အသင်း ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရန်ထွက်ခွာ

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၂ အသင်းသည် ယနေ့နံနက်ပိုင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာ ယူ-၂၂ အသင်းတွင် **အုပ်ချုပ်သူ**-ဦးသန်းတိုးအောင်၊ **နည်းပြချုပ်**-ဂတ်ဖရိုင်းဒရစ်၊ **လက်ထောက်နည်းပြ** ဦးကြည်လွင်၊ ဦးမြင့်ကို၊ **ကြံ့ခိုင်ရေးနည်းပြ**-ပိုပေ့ါစကီး၊ **ဂိုးနည်းပြ**- ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် **ဂိုး**-ဘုန်းသစ္စာမင်း၊ ဆန်းဆက်နိုင်၊ **နောက်တန်း**-နန်းဝေမင်း၊ နိုင်လင်းထွန်း၊ ထိုက်ထိုက်အောင်၊ သီဟထက်အောင်၊ သောင်လျပ်ထျုန်၊ ဟိန်းသီဟဇော်၊ နန္ဒကျော်၊ **အလယ်တန်း**-လှိုင်းဘိုဘို၊ ရဲရင့်ထွန်း၊ ရန်နိုင်ဦး၊ စည်သူအောင်၊ မောင်မောင်လွင်၊ မောင်မောင်စိုး၊ ရှိုင်းသူရ၊ **ရှေ့တန်း**-အောင်သူ၊ အောင်ကောင်းမာန်၊ ရွှေကိုနှင့် သန်းပိုင်တို့ ပါဝင်ကြသည်။ ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲကို အုပ်စုနှစ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် မြန်မာ၊ မလေးရှား၊ စင်ကာပူ၊ လာအို၊ ဘရူနိုင်း၊ အုပ်စု(ခ)တွင် ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ တီမော၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်တို့ပါဝင်ကြသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၁၄ ရက်တွင် စင်ကာပူအသင်း၊ ဩဂုတ် ၁၆ ရက်တွင် လာအိုအသင်း၊ ဩဂုတ် ၁၈ ရက် တွင် ဘရူနိုင်းအသင်း၊ ဩဂုတ် ၂၁ ရက်တွင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၁-၈-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၄၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၈၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၅/၆၇၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၁၀/၇၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၉၀ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၇ ·၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၉ ·၇၁ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ·၉၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၃၃ |
| တရုတ် | တစ်ယွမ် | ၂၀၂ ·၆၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၇ ·၈၅ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |



မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ငြိမ်းချမ်းရေးရဲ့ အခြေခံဟာ တစ်ဦးနဲ့တစ်ဦး လေးစားခြင်း၊ တစ်ဦးနဲ့တစ်ဦး နားလည်မှုရှိခြင်းပဲဖြစ်



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ့ ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Democratic Transition) ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်**

*❀ ရွှေဖုံးမှ*

ဖွင့်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဦးသန့်စင်မောင်၊ ဦးကျော်ဝင်း၊ ဒေါက်တာဝင်းမြတ်အေး၊ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ ပြည်တွင်း ပြည်ပမှ ပညာရှင်များ၊ စာတမ်းရှင်များ၊ ပါဝင်ဆွေးနွေးသူများ၊ ပြည်တွင်းပြည်ပ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လေ့လာသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**အနည်းငယ်ရှင်းပြ**

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားရာတွင် "ဒီနေ့ ကျွန်မတို့နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ပြောင်းလဲမှုနဲ့ပတ်သက်လို့ ရှုထောင့်အမျိုးမျိုးကနေ ဆွေးနွေးကြမယ်၊ ဝေဖန်ကြမယ်၊ သုံးသပ်ကြမယ်လို့ နားလည်ပါတယ်။ ကျွန်မအနေနဲ့ ပြုပြင်ပြောင်းလဲရေးကို ဘယ်လို နားလည်သလဲဆိုတာ အနည်းငယ်ရှင်းပြချင်ပါတယ်။

**တာဝန်တစ်ခုဖြစ်**

"ဘာဖြစ်လို့ ကျွန်မတို့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို လိုချင်ကြသလဲ။ ဘာဖြစ်လို့ ဒီလိုပြုပြင်ပြောင်းလဲရေးရရှိဖို့အတွက် ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ နှစ် ၃၀ နီးပါး ကြိုးပမ်းခဲ့သလဲဆိုတာ တိုတိုပြောရမယ်ဆိုရင် ကျေးဇူးတရားအရ၊ သစ္စာတရားအရ၊ မေတ္တာစေတနာအရ ဖြစ်ပါတယ်။ ကျေးဇူးတရားအရဆိုတာ ကျွန်မတို့နိုင်ငံရဲ့ လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ အများသိခေါင်းဆောင်ကြီးတွေသာမက အမည်မသိ ရဲဘော်တွေ၊ ပြည်သူတွေအတွက် ဖြစ်ပါတယ်။ ဒီလို လွတ်လပ်ရေးရအောင် ဆောင်ရွက်ပေးကြတဲ့ပုဂ္ဂိုလ်တွေအပေါ်မှာ ကျေးဇူးသိသောအားဖြင့် ကျွန်မတို့ရဲ့ လွတ်လပ်ရေးဟာ ကျွန်မတို့ရဲ့ ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သလို၊ အမည်မသိဘဲနဲ့ ကျရှုံးသွားရတဲ့ ကျွန်မတို့ရဲ့ ပြည်သူတွေ၊ ရဲဘော်တွေမျှော်မှန်းခဲ့သလို ဖြစ်စေဖို့လုပ်ဖို့ဟာ တာဝန်တစ်ခု ဖြစ်ပါတယ်။

**သိက္ခာရှိဖို့လို**

"ကျွန်မတို့ ဘာတွေမျှော်မှန်းခဲ့သလဲဆိုတာကို စဉ်းစားဖို့အများကြီး လိုပါတယ်။ ပန်းတိုင်တစ်ခုဆိုတာ ပန်းတိုင်ကိုပဲကြည့်လို့မဖြစ်ပါဘူး၊ ပန်းတိုင်ကို သွားတဲ့လမ်းကလည်း မှန်ဖို့လိုပါတယ်။ တချို့ဆိုရင် ပန်းတိုင်ရောက်ရင်ပြီးရော ဘယ်လိုနည်းနဲ့ သွားသွားဆိုပြီးတော့ ဒီလိုမြင်ကြပါတယ်။ ကျွန်မကတော့ ဒီလို မမြင်ပါဘူး။ ဒီပန်းတိုင်ကို သွားတဲ့လမ်းမှာ သွားပုံသွားနည်းမမှန်ရင် ပန်းတိုင်ကို ရောက်သွားတဲ့အခါ ကိုယ်မျှော်မှန်းသလို မဖြစ်တတ်ပါဘူး။ ပန်းတိုင်ကိုက ပုံပျက်ပန်းပျက် ဂုဏ်သိက္ခာမဲ့ ဖြစ်သွားနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရောက်အောင်လာတဲ့လမ်းက ဂုဏ်သိက္ခာမဲ့ခဲ့ရင် ဒီလိုပဲဖြစ်မှာပါ။ ဒါကြောင့် ပန်းတိုင်ရောက်အောင် လုပ်တဲ့နည်းလမ်းတွေကလည်း မှန်ကန်ဖို့လိုတယ်။ သိက္ခာရှိဖို့လိုပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးသည် ရည်ရွယ်ချက်မှန်သကဲ့သို့ လုပ်ပုံလုပ်နည်းလမ်းစဉ်သည်လည်း မှန်ကန်ရန် အင်မတန်အရေးကြီးပါကြောင်း၊ အများပြောလေ့ရှိသည်မှာ ကိုယ်ပိုင်အစိုးရသည် မလုံလောက်ဘဲ ကောင်းသည့်အစိုးရဖြစ်ရန်လိုသည်ဟု ဆိုကြပါကြောင်း၊ မိမိတို့၏ ပြည်သူပြည်သားများ၊ လွတ်လပ်ရေးအတွက် တိုက်ခိုက်ကြသည့် နိုင်ငံသူ နိုင်ငံသားများသည် ဘာကြောင့်လွတ်လပ်ရေးလိုချင်ကြသလဲဆိုသည်ကို ပြန်ပြီးစဉ်းစားမည်ဆိုလျှင် ဒဿနိကအမြင်ဖြင့် မိမိမပြောပါကြောင်း၊ ဒဿနိကအမြင်ကို ပြောမည်ဆိုလျှင် ဘယ်တော့မှဆုံးမည်မဟုတ်ပါကြောင်း။

ဘာဖြစ်လို့လဲဟုဆိုလျှင် လူသားများသည် ဘာကြောင့် လွတ်လပ်ခြင်းကို တမ်းတသလဲ၊ ဘယ်လိုမျှော်မှန်းချက်များနှင့် လုပ်ဆောင်ခဲ့သလဲဆိုသည်ကို စဉ်းစားရန် လိုပါကြောင်း၊ ၎င်းကိုစဉ်းစားသည့်အခါ မိမိတို့၏ နိုင်ငံတော်သီချင်းကို ကြည့်သလို နိုင်ငံတော်သီချင်း၏ အခြေခံဖြစ်သည့် ယခင်လွတ်လပ်ရေးကာလတုန်းက တို့ဗမာသီချင်းကို ပြန်ကြည့်လျှင် သီချင်း၏ နောက်တွင် ရှိသည့်အင်အားမှာ တော်လှန်ရေးအင်အား၊ တော်လှန်ချင်သည့်စိတ်ဖြင့် ရေးသည်ဟုပြော၍ ရပါကြောင်း ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "လွတ်လပ်ရေးရပြီးတဲ့အခါ နိုင်ငံတော်သီချင်းဟာ တည်ဆောက်ချင်တဲ့ စိတ်ဓာတ်နဲ့ ရေးထားတဲ့သီချင်း ဖြစ်ပါတယ်။ ဥပမာ တို့ဗမာသီချင်းထဲမှာ နောင်လာနောက်သား ကောင်းစားဖို့ရာ တို့ကိုယ်ကျိုးလုံးလုံးမပါတဲ့။ နောင်လာနောက်သား ကောင်းစားဖို့ရာ လွတ်လပ်ဖို့လိုတယ်။ တို့နိုင်ငံလွတ်လပ်မှ တို့နောင်လာနောက်သားတွေ ကောင်းစားနိုင်မယ်ဆိုပြီး ဒီလိုရည်ရွယ်ချက်တွေနဲ့ ပြုပြင်ပြောင်းလဲမှုကြီး၊ အဲဒီတုန်းကတော့

တယ်။ စောစောက ကျွန်မပြောသလိုပေါ့။ ဂုဏ်သိက္ခာရှိဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့ရဲ့နိုင်ငံဟာ လွတ်လပ်ရေးရပြီးလျှောက်ခဲ့တဲ့လမ်းဟာ လမ်းဖြောင့်ဖြောင့်တော့ မဟုတ်ခဲ့ပါဘူး။ ပြောင်းလဲရေးဆိုတာ အကောင်းဘက်ပြောင်းလဲတာရှိသလို၊ အဆိုးဘက်ပြောင်းလဲတာလည်းရှိနိုင်ပါတယ်။ ကျွန်မတို့နိုင်ငံက စတုန်းကတော့ ဒီမိုကရေစီစံနှုန်းစံထားတွေနဲ့ စခဲ့ပြီးတော့ လမ်းလွဲခဲ့တာတွေလည်းရှိပါတယ်။ ဒါတွေကို ပြန်ပြီးတော့ တည့်မတ်ဖို့ ကျွန်မတို့ဟာ ဒီမိုကရေစီလမ်းစဉ်ကို လျှောက်ခဲ့တာပါ။ ငြိမ်းချမ်းတဲ့နည်းနဲ့၊ အကြမ်းမဖက်တဲ့နည်းနဲ့ ဝါဒဖြူစင်တဲ့နည်းလို့ ပြောရမှာပေါ့။

**ယူစရာသင်ခန်းစာ**

"ကျွန်မတို့ရဲ့ ယုံကြည်ချက်အရ၊ ကျွန်မတို့ရဲ့လွတ်လပ်ရေး ဖခင်ကြီးများ လွတ်လပ်ရေးအတွက် စတေးခဲ့ကြတဲ့ သာမန်ပြည်သူပြည်သားများရဲ့မျှော်မှန်းချက်တွေနဲ့ ကိုက်ညီအောင် ဖြူစင်တဲ့ဝါဒနဲ့ တရားမျှတတဲ့ လွတ်လပ်မှုရအောင်၊ တရားမျှတတဲ့ ဒီမိုကရေစီစနစ်တစ်ခု ထူထောင်နိုင်အောင်လို့ ကျွန်မတို့ မလွတ်လပ်တဲ့ အခြေအနေကနေ လွတ်လပ်တဲ့အခြေအနေကို ရောက်ဖို့ ပြုပြင်ပြောင်းလဲမှုအတွက် ရုန်းကန်ခဲ့ကြတာဖြစ်ပါတယ်။

**ငြိမ်းချမ်းရေး အရေးကြီး**

"ဒီတော့ လွတ်လပ်ရေးရသွားပြီ။ လွတ်လပ်ရေးရသွားတဲ့အခါကျတော့ ဘယ်လို နိုင်ငံတော်ကြီးကို မျှော်မှန်းသလဲဆိုတာလည်း ကျွန်မတို့ရဲ့ နိုင်ငံတော်သီချင်းထဲမှာ ရှင်းရှင်းလင်းလင်းပါပါတယ်။ "တရားမျှတလွတ်လပ်ခြင်းနဲ့မသွေ" ဆိုတာကို ကျွန်မသိပ်ပြီး သဘောကျတယ်။ တရားမျှတမှုနဲ့ စတာနော်။ လွတ်လပ်ရုံနဲ့မလုံလောက်ဘူး။ တရားမျှတမှုရှိမှ လွတ်လပ်ရကျိုးနပ်မှာ ဖြစ်ပါတယ်။ "များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြည်"တဲ့။ များလူအားလုံး ငြိမ်းချမ်းရမယ်။ ငြိမ်းချမ်းရေး အရေးကြီးတယ်။

**အကြမ်းမဖက်တဲ့နည်း**

"ခွင့်တူညီမျှတရမယ်။ အားလုံးဟာ နိုင်ငံသူနိုင်ငံသားအားလုံးဟာ ညီတူညီမျှ အခွင့်အရေးတွေကို ရကြရမယ်။ "ဝါဒဖြူစင်တဲ့ပြည်"တဲ့။ ဝါဒဖြူစင်ဖို့ လိုကြိုးပမ်းခဲ့တာပါ။ ပြုပြင်ပြောင်းလဲရေးဆိုတာ ဘယ်တော့မှ မလွယ်ပါဘူး။ မှန်မှန်ကန်ကန်လုပ်ဖို့ဆိုတာကလည်း လွယ်တာမဟုတ်ပါဘူး။ ဒီတော့ ပြုပြင်ပြောင်းလဲရေးနဲ့ပတ်သက်လို့ ဒီနေ့လို ဆွေးနွေးပွဲလုပ်တယ်ဆိုတာ အင်မတန်မှလည်း လိုအပ်ပါတယ်၊ အင်မတန်မှလည်း သင့်လျော်ပါတယ်။ ကျွန်မတို့ ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုတွေက ဘာတွေလဲဆိုတာကို အဘက်ဘက်က ကြည့်ဖို့လိုပါတယ်။ တခြားကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံအများဟာလည်း ပြုပြင်ပြောင်းလဲရေးလမ်းကို ဖြတ်ကျော်ခဲ့ကြပါတယ်။ ဒါပေမယ့်လည်း သူတို့ရဲ့ အတွေ့အကြုံတွေနဲ့ ကျွန်မတို့ရဲ့ အတွေ့အကြုံတွေက ထပ်တူထပ်မျှတော့ တူနိုင်မှာ မဟုတ်ပါဘူး။ ထပ်တူထပ်မျှမတူပေမယ့်လည်း ယူစရာသင်ခန်းစာတွေ ယူတတ်လို့ရှိရင် အများကြီးရနိုင်တယ်လို့ ကျွန်မထင်ပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားရာတွင် ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍ ယခုဆွေးနွေးပွဲတွင် ဆွေးနွေးမည်ဆိုပြီး

*စာမျက်နှာ ၄ သို့*

> **" ပြုပြင်ပြောင်းလဲရေးနဲ့ ပတ်သက်လို့ ဒီနေ့လို ဆွေးနွေးပွဲလုပ်တယ်ဆိုတာ အင်မတန်မှလည်း လိုအပ်ပါတယ်၊ အင်မတန်မှလည်း သင့်လျော်ပါတယ်။ ကျွန်မတို့ ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုတွေက ဘာတွေလဲဆိုတာကို အဘက်ဘက်က ကြည့်ဖို့လိုပါတယ် "**

*စာမျက်နှာ ၃ မှ*

သတ်မှတ်ထားသည့် ကိစ္စရပ်များရှိပါကြောင်း၊ သတ်မှတ်ထားသည့် ကိစ္စရပ်များတွင် ယခုလို ပြုပြင်ပြောင်းလဲရေးအတွက် ဘာတွေက အရေးကြီးသလဲ ဆိုသည်ကို စဉ်းစားပြီး သတ်မှတ်သည်ဟု ထင်ပါကြောင်း၊ ယခုလို ပြုပြင်ပြောင်းလဲရေးလုပ်သည့်နေရာတွင် ပြုပြင်ပြောင်းလဲရေးသည် ဘက်စုံနေရာစုံမှ ကြည့်ရမည်ဟု မိမိ စောစောက ပြောထားပါကြောင်း၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး ယခုဖိုရမ်တွင် "စစ်ဘက်အုပ်ချုပ်မှုမှ အရပ်ဘက်အုပ်ချုပ်ရေးသို့"၊ "ဗဟိုဦးစီးစနစ်မှ ဈေးကွက်စီးပွားရေးသို့"၊ "စစ်ပွဲမှသည် ငြိမ်းချမ်းရေးဆီသို့"ဆိုပြီး ခေါင်းစဉ်များကို ဆွေးနွေးမည်ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ် (သတင်းစဉ်)

### ဦးစားပေးလုပ်ငန်း

မိမိအနေဖြင့် ပထမဦးဆုံးအရေးကြီးသည့် ငြိမ်းချမ်းရေးကိစ္စကို ပြောချင်ပါကြောင်း၊ ပြည်တွင်းစစ်ဖြစ်နေသည့်၊ လွတ်လပ်ရေးရစဉ်မှစပြီး ပြည်တွင်းစစ်မီးများ မငြိမ်းနိုင်သည့် မိမိတို့နိုင်ငံမှာ ငြိမ်းချမ်းရေးရအောင်လုပ်ရန်မှာ ပထမဦးဆုံး၊ အရေးကြီးဆုံးကိစ္စလည်း ဖြစ်ပြီး မိမိတို့၏ ဦးစားပေးလုပ်ငန်းတစ်ခုလည်း ဖြစ်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်၍ တချို့က ဖွံ့ဖြိုးရေးရန် အရေးကြီးသည်၊ ဖွံ့ဖြိုးရေးရလျှင် အလိုလိုငြိမ်းချမ်းရေးရမည်ဟု ပြောကြပါကြောင်း၊ ယင်းအမြင်ကို မိမိ သဘောမတူပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးခွဲပြီး ကြည့်၍မရပါကြောင်း၊ ငြိမ်းချမ်းမှုမရလျှင် ဖွံ့ဖြိုးရေးသည်လည်း တည်တံ့ခိုင်မြဲနိုင်မည်မဟုတ်ပါကြောင်း၊ ဖွံ့ဖြိုးရေးမရှိလျှင် ငြိမ်းချမ်းရေးသည်လည်း တည်တံ့ခိုင်မြဲနိုင်မည်မဟုတ်ပါကြောင်း၊ ထိုနှစ်ခုစလုံးအတွက် ကြိုးစားရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် ဤနိုင်ငံမှာ ပြည်တွင်းစစ်ငြိမ်းသွားရန် ဦးစားပေးပြီး ဆောင်ရွက်နေပါကြောင်း၊ ပြည်တွင်းစစ်ငြိမ်းရန်နှင့်အတူ တစ်ချိန်တည်းတွင် တိုင်းရင်းသားပြည်သူပြည်သားများအားလုံး ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း ကြိုးစားနေခြင်းဖြစ်ပါကြောင်း၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုဆိုသည်မှာလည်း လွယ်ကူသည့် ကိစ္စမဟုတ်ပါကြောင်း၊ မိမိတို့သည် တစ်နည်းအားဖြင့် အချိန်နှောင်းနေသည့် နိုင်ငံဖြစ်ပါကြောင်း၊ မိမိတို့၏ အိမ်နီးချင်းနိုင်ငံများ အရှိန်အဟုန်ဖြင့် တိုးတက်နေသည့်အချိန်က မိမိတို့သည် ယခုလို တိုးတက်နိုင်ရန် ကြိုးစားခွင့်မရခဲ့ပါကြောင်း၊ ထို့ကြောင့် မိမိတို့က နောက်မှ လိုက်နေရခြင်းဖြစ်ပြီး နောက်မှ လိုက်ရခြင်း၏ အကျိုးကျေးဇူးများလည်း ရှိပါကြောင်း။

### သင်ခန်းစာယူ

အရှေ့မှသွားသည့် ပုဂ္ဂိုလ်များ၏၊ အရှေ့မှသွားသည့်နိုင်ငံများ၊ အဖွဲ့အစည်းများ၏ အတွေ့အကြုံများကို ကြည့်ပြီး သင်ခန်းစာယူရန်သာ ဖြစ်ပါကြောင်း၊ ယခုလို သင်ခန်းစာယူပြီး လုပ်သွားသည့်နေရာတွင် အရေးကြီးဆုံးမှာ စိတ်ဓာတ်ဟု ထင်ပါကြောင်း၊ မိမိတို့ ပြုပြင်ပြောင်းလဲရေးအတွက် စပြီးလှုပ်ရှားခဲ့သည့် ဒီမိုကရေစီ လှုပ်ရှားမှုကြီးကို ဒီမိုကရေစီ တော်လှန်ရေးကြီးဟုလည်း တချို့က ခေါ်ဆိုကြပါကြောင်း၊ တော်လှန်ရေးဆိုသည်မှာ မိမိခဏခဏ ပြောသည့်အတိုင်း စိတ်ဓာတ်တော်လှန်ရေး ဖြစ်ရမည်ဖြစ်ပါကြောင်း၊ တကယ့် ဒီမိုကရေစီရရန်မှာ ဒီမိုကရေစီစနစ်နှင့် ကိုက်ညီသည့် စိတ်ဓာတ်များ မွေးမြူနိုင်မှ ရမည်ဖြစ်ပါကြောင်း၊ ဒီလိုမွေးမြူနိုင်မှ မိမိတို့၏ ဒီမိုကရေစီကလည်း တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့၏ စိတ်ဓာတ်များကို ပြုပြင်ရန် လိုပါကြောင်း၊ အင်္ဂလိပ်လို ပြောရလျှင် Mindset ဖြစ်ပါကြောင်း၊ မိမိ၏ အတွေးအခေါ်၊ အမြင်၊ အနေအထား၊ ရပ်တည်မှုအားလုံးကို မပြုပြင်ဘဲ ဒီမိုကရေစီကို နိုင်ငံအတွက် အကျိုးရှိအောင်လုပ်၍ မရပါကြောင်း၊ ဒီမိုကရေစီဆိုသည်နှင့် အခွင့်အရေးများ ပါလာပါကြောင်း။

အခွင့်အရေးနှင့်အတူ တာဝန်ပါလာသည်ဟုလည်း ပြောလေ့ရှိပါကြောင်း၊ ယင်းအခွင့်အရေးများကို သုံးသည့်နေရာတွင် မိမိတို့အစိုးရ တာဝန်ယူသည့် တစ်နှစ်ခွဲနီးပါးကာလအတွင်း တချို့က ဒီမိုကရေစီအခွင့်အရေးကို အပြုသဘောဆောင်သည့်ပုံစံ၊ အပေါင်းလက္ခဏာဆောင်သည့်ပုံစံဖြင့် သုံးစွဲကြပါကြောင်း၊ တချို့ကတော့ ဒီမိုကရေစီ အခွင့်အရေးများကို အနုတ်လက္ခဏာဆောင်သည့် ပုံစံဖြင့် သုံးစွဲကြပါကြောင်း၊ ဘယ်သူက ဘယ်လို သုံးစွဲနေသည်ကို ပြည်သူပြည်သားများက သိမည်ဟု ထင်ပါကြောင်း၊ တချို့က နိုင်ငံတွင် ဒီမိုကရေစီ မရှိခဲ့သည်မှာ အင်မတန်ကြာခဲ့သဖြင့် နိုင်ငံသူနိုင်ငံသားများသည် ဒီမိုကရေစီ နိုင်ငံရေးကို နားမလည်ဘူးဟု ထင်ကြပါကြောင်း။

### ဒီမိုကရေစီအသွင်ကူးပြောင်းရေး

ဥပဒေအရ၊ လုပ်ထုံးလုပ်နည်းအရ၊ အုပ်ချုပ်ရေးစနစ်အရ နားမလည်တာရှိနိုင်ပါကြောင်း၊ သို့သော် ပြည်သူပြည်သားများသည် မှန်ကန်မှုနှင့် မမှန်ကန်မှုကို တော့ ခွဲခြားပြီး မြင်သည့်သူများပါကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးသည် မှန်ကန်သည့် ပုံစံဖြင့် သွားနေသလား၊ မသွားဘူးလားဆိုသည်ကို အသိဆုံးမှာ ပြည်သူပြည်သားများပင် ဖြစ်ပါကြောင်း၊ မှန်ကန်သည့်ပုံစံဖြင့် သွားလျှင်တောင်မှ အားလုံးသည် ချက်ချင်းလက်ငင်းကောင်းသွားရန် မဖြစ်နိုင်ပါကြောင်း၊ နေရာတိုင်းတွင်လည်း အောင်မြင်မှုရရန်မှာ မဖြစ်နိုင်ပါကြောင်း၊ အဘက်ဘက်မှ ကြိုးစားရပါကြောင်း၊ တချို့ဆိုလျှင် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို အမြင်တစ်ခုတည်းဖြင့်သာ မြင်ပါကြောင်း၊ တစ်ဖက်တည်းကသာ မြင်ပါကြောင်း။

မိမိတို့ ငယ်ငယ်က သင်ရသည့် မျက်မမြင်ပုဏ္ဏားကြီး ခြောက်ဦးနှင့် ဆင်ကြီးလို၊ နှာမောင်းကြီးကို ကိုင်ပြီး ဆင်ဆိုသည်မှာ မြွေပါပဲဆိုပြီး အော်သူကအော်၊ ခြေထောက်ကြီးကို ဖက်ပြီး သစ်ပင်ကြီးနှင့်တူသည်ဟု အော်သူကအော်နေမှာဖြစ်ပါကြောင်း၊ ထိုသို့ကြည့်၍ မရပါကြောင်း၊ ဆင်ဆိုတာ ဘယ်လိုလဲဟု သိချင်လျှင် ဆင်တစ်ကောင်လုံးကို ကြည့်ရန်လိုပါကြောင်း၊ မျက်မမြင်ပုဏ္ဏားကြီးများကဲ့သို့ တစ်နေရာကိုပဲ ဖက်တွယ်ပြီး ဒီလိုရှိနေတယ်ဟု ပြော၍မရပါကြောင်း။

နိုင်ငံတိုးတက်ရေးအတွက် ကြိုးပမ်းသည့်အခါ၊ နိုင်ငံတည်ငြိမ်ရေး၊ နိုင်ငံတွင် ဒီမိုကရေစီစနစ်အပြည့် အမြစ်တွယ်ရေးအတွက် ကြိုးပမ်းသည့်နေရာတွင် ဆင်တစ်ကောင်လုံးကို ကြည့်နိုင်သည့် စွမ်းရည်ရှိရန် အင်မတန်အရေးကြီးပါကြောင်း၊ စီးပွားရေးဘက်မှ ကြည့်ရမည်၊ နိုင်ငံရေးဘက်မှ ကြည့်ရမည်၊ လူမှုရေးဘက်မှကြည့်ရမည်၊ တစ်ဖက်တည်းမှ ကြည့်၍မရပါကြောင်း၊ ကိုယ်လိုချင်သည့်ဘက်၊ ကိုယ်ဦးစားပေးချင်သည့်ဘက်ကိုပဲ ကြည့်၍မရပါကြောင်း၊ ဘာတွေကို ဦးစားပေးရမလဲဆိုတာ အစိုးရများက ဆုံးဖြတ်ရန် တာဝန်ရှိလာပါကြောင်း။

တာဝန်အရ ဆုံးဖြတ်ချက်ချသည့်အခါ မိမိတို့က မှန်ကန်သည့် ဆုံးဖြတ်ချက်များဖြစ်ရန် မျှော်လင့်ပါကြောင်း၊ အကယ်၍ အမှားအယွင်းရှိသည်ဆိုလျှင်လည်း ပြုပြင်ရန် မိမိတို့ မရွံ့ပါကြောင်း၊ သတ္တိရှိရှိနှင့် ပြုပြင်သင့်သည်ကို ပြုပြင်ရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီ ထူထောင်သည်ဆိုသည်မှာ ယဉ်ကျေးမှုတစ်ခုကို ထူထောင်ခြင်းဟုလည်း မိမိ မကြာခဏ ပြောလေ့ရှိပါကြောင်း၊ ဒီမိုကရေစီ ယဉ်ကျေးမှုဆိုသည်မှာ ပြည်သူများထံမှ စတင်ခြင်းဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုဆိုသည်မှာ လူ့အသိုင်းအဝိုင်းမှ စတင်ရခြင်းဖြစ်ပါကြောင်း၊ အစိုးရမှ ချပေးတိုင်းမဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ ဒီမိုကရေစီယဉ်ကျေးမှု ထူထောင်ရန်ဆိုလျှင် ပြည်သူအားလုံးပါဝင်ရန် အင်မတန်မှ အရေးကြီးပါကြောင်း၊ မိမိတို့ စပြီး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲလှုပ်ရှားစဉ်က "ပြောင်းလဲချိန် တန်ပြီ" ဆိုသည့် ဆောင်ပုဒ်အရ ရွေးကောက်ပွဲကို ယှဉ်ပြိုင်ခဲ့ပါကြောင်း။

### ပြည်သူမပါ၍ မဖြစ်

ထိုအချိန်ကလည်း ပြောင်းလဲချိန်က တန်ရုံတင်မက အချိန်တောင်လွန်နေပါပြီဟု မိမိပြောခဲ့ပါကြောင်း၊ သို့သော် အမြန်ဆုံးဖြစ်အောင် ကြိုးစားရမည် ဖြစ်ပါကြောင်း၊ ဒုတိယနှစ်ထဲရောက်လာသည့်အခါ "ပြည်သူနှင့်အတူ"ဆိုသည့် ဆောင်ပုဒ်ကို မိမိတို့ကိုင်စွဲထားပါကြောင်း၊ ဘယ်လိုပြောင်းလဲမှုမျိုးကိုမဆို တကယ်ခိုင်မာဖို့၊ တကယ်တည်တံ့ဖို့ဆိုလျှင် ပြည်သူမပါ၍ မဖြစ်ပါကြောင်း၊ အစိုးရဆိုသည်မှာ ဒီမိုကရေစီနည်းအရ ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် အစိုးရသာဖြစ်ရမည် ဖြစ်ပါကြောင်း၊ ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် အစိုးရကသာ ပြည်သူနှင့် နီးစပ်မှုရှိမည်၊ ပြည်သူ၏ စိတ်နေစိတ်ထား၊ သဘောထားဆန္ဒကို လေးစားမည်၊ နားလည်မည်၊ တန်ဖိုးထားမည်၊ အကောင်အထည်ဖော်ရန် အတတ်နိုင်ဆုံး ကြိုးစားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ဒီမိုကရေစီအသွင် ကူးပြောင်းရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးပွဲတွေလုပ်တဲ့အခါ လက်တွေ့ကျတဲ့ အဖြေတွေရှာဖို့ တိုက်တွန်းချင်ပါတယ်။ အတိတ်ကို သင်ခန်းစာယူဖို့သာ သုံးစွဲဖို့ အရေးကြီးပါတယ်။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုကို လျှောက်တဲ့လမ်းမှာ အတိတ်ကို မမေ့နိုင်လို့၊ အတိတ်ရဲ့ သားကောင်အဖြစ်က လွတ်မြောက်အောင် မရုန်းနိုင်လို့၊ ကိုယ့်ကိုယ်ကိုယ် အတိတ်ကနေလွတ်လပ်အောင် မလုပ်နိုင်တဲ့ ကိစ္စတွေကြောင့် အထစ်အငေါ့တွေဖြစ်ပါတယ်။ အတိတ်ဆိုတာ သင်ခန်းစာယူဖို့ပါပဲ။ အရေးကြီးဆုံးကတော့ ပစ္စုပ္ပန်ပဲ ဖြစ်ပါတယ်။ ပစ္စုပ္ပန်မှာ ဒီမိုကရေစီအတွက် ရုန်းကန်တဲ့နေရာမှာ ကျွန်မ ခဏခဏပဲ ပြောပါတယ်။ ရိုးရိုးလေးစဉ်းစားပါ။ ကိုယ်တိုင်က ဒီမိုကရေစီအတွက် ဘာလုပ်နေကြသလဲ၊ ဘာလုပ်ပေးကြသလဲ ဒါဟာ အစိုးရအဖွဲ့ဝင်တွေမှာ အဓိက တာဝန်ရှိပါတယ်။

"သို့သော်လည်း ပြည်သူပြည်သားတစ်ယောက်ချင်းစီမှာလည်း တာဝန်ရှိပါတယ်။ အစိုးရအဖွဲ့ဝင်တွေကို ပြောရမယ်ဆိုရင် ကိုယ်နဲ့သက်ဆိုင်တဲ့ တာဝန်တွေကို ကိုယ်ကျေပွန်ရဲ့လား။ ကိုယ့်တာဝန်ကျေပွန်တဲ့နေရာမှာ အမြင်ကျယ်ကျယ်နဲ့ ကျေပွန်အောင် လုပ်ဆောင်နေရဲ့လား၊ ငါ့ဌာနအောင်မြင်ရင်ပြီးရော၊ ငါ့အလုပ်လုပ်လို့ရရင် ပြီးရော၊ ကျန်တဲ့သူတွေ ဘယ်လိုဖြစ်ဖြစ်ဆိုတဲ့ စိတ်ဓာတ်တွေနဲ့ လုပ်လို့မရပါဘူး။ ဒီတော့ အမြင်ကျယ်မှု၊ တာဝန်ကျေမှု အင်မတန်မှ အရေးကြီးပါတယ်။ အစိုးရဘက်က တာဝန်မကျေရင်၊ အမြင်မကျယ်ရင် ပြည်သူတွေဘက်က ဘယ်လိုလုပ်တာဝန်ကျေမှာလဲ၊ ဘယ်လိုလုပ် အမြင်ကျယ်မှာလဲ၊ အမြင်မကျယ်ဘူးဆိုရင် ငြိမ်းချမ်းမှုရဖို့ဆိုတာ အင်မတန်မှ ခက်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ငြိမ်းချမ်းရေးရဲ့အခြေခံဟာ တစ်ဦးနဲ့ တစ်ဦးလေးစားခြင်း၊ တစ်ဦးနဲ့ တစ်ဦး နားလည်မှုရှိခြင်းပဲ ဖြစ်ပါတယ်။

"ဒီလိုနားလည်မှုတွေ၊ လေးစားမှုတွေဆိုတာ အမြင်ကျယ်တဲ့ ပုဂ္ဂိုလ်တွေမှ ပြုစုပျိုးထောင်နိုင်တဲ့ စိတ်ထားတွေဖြစ်ပါတယ်။ ငါသာမှန်တယ်၊ ငါကသာသိတယ်၊ ငါကသာ တတ်တယ်၊ ငါကသာ လုပ်နိုင်တယ်ဆိုတဲ့ စိတ်တွေရှိတဲ့ပုဂ္ဂိုလ်များဟာ အမြင်ကျဉ်းတဲ့ ပုဂ္ဂိုလ်များပါပဲ။ ဒီလို အမြင်ကျဉ်းတဲ့ ပုဂ္ဂိုလ်တွေဟာ အခြားပုဂ္ဂိုလ်တွေရဲ့ ခံစားချက်တွေ၊ ဆန္ဒတွေ၊ စိုးရိမ်မှုတွေနဲ့ မျှော်လင့်ချက်တွေကို ဘယ်တော့မှ နားလည်နိုင်မှာ မဟုတ်ပါဘူး။ ဒီလိုနားလည်မှုမရှိနိုင်ရင် နိုင်ငံရဲ့ ညီညွတ်ရေးအတွက်၊ နိုင်ငံရဲ့ငြိမ်းချမ်းရေးအတွက်၊ နိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု အောင်မြင်ရေးအတွက် ထိထိရောက်ရောက် လုပ်ပေးနိုင်မှာ မဟုတ်ပါဘူး။

### ကိုယ့်တာဝန်ကို ကျေပွန်အောင်လုပ်

"ကျွန်မအနေနဲ့ ပြုပြင်ပြောင်းလဲရေး ဆွေးနွေးပွဲကို တက်ရောက်လာတဲ့ ပုဂ္ဂိုလ်များအားလုံးဟာ ပထမဦးဆုံးတော့ ကျေးဇူးတရားအရ၊ သစ္စာတရားအရ၊ စေတနာမေတ္တာအရ ဆောင်ရွက်ဖို့ လိုပါတယ်။ စောစောကပြောသလို ကျေးဇူးတရားဆိုတာက ကျွန်မတို့နိုင်ငံ လွတ်လပ်အောင်လုပ်ပေးခဲ့ကြတဲ့ ပြည်သူပြည်သားများ၊ ခေါင်းဆောင်ကြီးများ အပေါ်မှာထားသင့်တဲ့ ကျေးဇူးတရားပါ။ သစ္စာတရားဆိုတာကတော့ ကျွန်မတို့ နိုင်ငံအပေါ်တင်မက၊ ကိုယ့်ကိုယ်ကိုယ်အပေါ်မှာ ထားသင့်တဲ့ သစ္စာတရား၊ ကိုယ့်အပေါ်မှာ သစ္စာစောင့်တယ်ဆိုတာက ကိုယ့်တာဝန်ကိုယ် ကျေပွန်အောင်လုပ်တာပဲ ဖြစ်ပါတယ်။ ကိုယ့်တာဝန်ကိုယ် မကျေပွန်တဲ့သူဟာ ကိုယ့်အပေါ်မှာကိုယ် သစ္စာမရှိရာရောက်ပါတယ်။ စေတနာ၊ မေတ္တာဆိုတာကတော့ ပြည်သူပြည်သား အားလုံးအပေါ်မှာ မေတ္တာထားရမယ်၊ စေတနာထားရပါမယ်။ ဒီမိုကရေစီရဲ့ သဘောသဘာဝအရ အတိုက်အခံဆိုတာ ရှိတာပါပဲ၊ သစ္စာတရားဆိုတာ ကိုယ့်အပေါ်မှာကိုယ် ကိုယ့်တာဝန်ကို ကျေပွန်အောင်လုပ်ရုံတင်မက ကိုယ်လုပ်တဲ့ကိစ္စတွေဟာ ဂုဏ်သိက္ခာရှိရှိ လုပ်ဖို့လည်း အရေးကြီးပါတယ်။

### မေတ္တာ၊ စေတနာထားဖို့လို

"ဂုဏ်သိက္ခာမရှိတဲ့ အလုပ်တွေလုပ်တယ်ဆိုတာ ကိုယ့်အပေါ်မှာကိုယ် သစ္စာမဲ့တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်သိက္ခာကျသွားတယ်ဆိုတာ ကိုယ့်ကို ထိခိုက်ပါတယ်။ ဒီမိုကရေစီစနစ်အတွင်းမှာဆိုရင် တစ်ယောက်ကို တစ်ယောက် လေးစားမှုဟာ အင်မတန်မှ အရေးကြီးပါတယ်။ မတူညီတဲ့သဘောတရားတွေရှိပေမယ့်လည်း တစ်ဦးနဲ့ တစ်ဦး လေးလေးစားစား၊ သိက္ခာရှိရှိ ဆက်ဆံဖို့က အင်မတန်မှအရေးကြီးပါတယ်။ ကျွန်မတို့ ပြည်သူပြည်သား အားလုံးအပေါ်မှာ မေတ္တာ၊ စေတနာထားမယ်ဆိုရင်၊ ကိုယ်နဲ့ အမြင်မတူတဲ့သူတွေအပေါ်မှာ မေတ္တာ၊ စေတနာထားဖို့ လိုလာပါတယ်။ အမြင်မတူခြင်းဟာ ကောင်းပါတယ်။ အားလုံးဟာ တစ်ပုံစံတည်း စဉ်းစားမယ်၊ တစ်ပုံစံတည်းပဲတွေးမယ်ဆိုရင် တကယ်တော့ ဒီမိုကရေစီရဲ့ အနှစ်သာရနဲ့ မကိုက်ညီပါဘူး။ တစ်သွေး၊ တစ်သံ၊ တစ်မိန့်ဆိုတာ ဒီမိုကရေစီမဟုတ်ပါဘူး။ ဒီမိုကရေစီက တစ်သွေးတည်း၊ တစ်သားတည်း ဖြစ်ဖို့ဆိုတာ ကောင်းပါတယ်။ တစ်သံတည်းထွက်ဖို့ဆိုတာ မလိုပါဘူး။ တစ်မိန့်ဆိုတာလည်း လုံးဝကို မသင့်လျော်ပါဘူး။

"ဒီမိုကရေစီဆိုတာဟာ အသံတွေ အမျိုးမျိုးထွက်ပေမယ့်လည်း အောက်ခြေအားဖြင့် တစ်သွေးတည်း၊ တစ်သားတည်း ညီညွတ်ဖို့လိုပါတယ်။ တစ်သွေးတည်း တစ်သားတည်း ညီညွတ်မှုကနေ ထွက်လာတဲ့အသံအမျိုးမျိုးကို ညှိနှိုင်းခြင်းဟာ ဒီမိုကရေစီရဲ့ စွမ်းအင်တစ်ခုပဲဖြစ်ပါတယ်။ အဲဒီလို ညှိလိုက်ပြီးတဲ့အခါမှာ အမိန့်အရမဟုတ်ဘဲနဲ့ အားလုံးက၊ လူ့သဘာဝအရ အများစုရဲ့သဘောတူညီချက်အရ အဖြေတစ်ခုကို ဖော်ထုတ်ပြီးတော့ အကောင်အထည်ဖော်ဖို့ဆိုတာဟာ ဒီမိုကရေစီရဲ့ ရိုးရိုးလေး လမ်းစဉ်ပဲဖြစ်ပါတယ်။ ကျွန်မတို့ ရိုးရိုးလေးလမ်းစဉ် ဆိုပေမယ့်လည်း လျှောက်ဖို့ကတော့ အင်မတန်မှ ခက်ခဲပါတယ်။ ဒီနေ့ ကြွရောက်လာကြတဲ့ ပရိသတ်များအားလုံး ဉာဏ်သည့်တော်ကြီးများ ပါဝင်ဆွေးနွေးမယ့် ပုဂ္ဂိုလ်များအားလုံးဟာ ကျွန်မတို့ နိုင်ငံအတွက် အင်မတန်မှ ရိုးရှင်းစွာနဲ့ အင်မတန်မှခက်ခဲတဲ့လမ်းကြီးကို ဘယ်လို အကောင်းဆုံး၊ အမြန်ဆုံး ဖြတ်ကျော်နိုင်မလဲဆိုတဲ့ နည်းတွေကို ရှာကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်"ဟု ပြောကြားသည်။

### လိုလားတောင့်တ

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားများသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ဖြစ်ထွန်းပေါ်ပေါက်ရန်အတွက် နှစ်ကာလများစွာကတည်းက လိုလားတောင့်တခဲ့ကြပြီး ရုန်းကန်လှုပ်ရှားမှုများကိုလည်း အစဉ်တစိုက် ပြုလုပ်ခဲ့ကြပါကြောင်း။

အဆိုပါ ကာလတစ်လျှောက်တွင် မြန်မာနိုင်ငံ၏ အရေးကိစ္စကို အိမ်နီးချင်းတိုင်းပြည်များအပါအဝင် နိုင်ငံတကာကလည်း စိတ်ပါဝင်စားစွာ စောင့်ကြည့်ခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံသည် ဒီမိုကရေစီရရှိရေး ကြိုးပမ်းနေသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာက အသိအမှတ်ပြုခဲ့ပါကြောင်း။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Democratic Transition) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ် (သတင်းစဉ်)

# မြန်မာ-ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော်  ဩဂုတ်  ၁၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ Mr.Chung Sye-kyun အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနၐ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ Mr.Chung Sye-kyun အား လက်ခံတွေ့ဆုံစဉ်**
(သတင်းစဉ်)

*❊ ကျောဖုံးမှ*

ထို့နောက် ဒုတိယသမ္မတက မြန်မာနိုင်ငံသည် စီးပွားရေးနှင့်ပတ်သက်ပြီး ပထဝီအနေအထားအရ မဟာဗျူဟာကျသည့်နေရာတွင် ရှိနေကြောင်း၊ မြန်မာနိုင်ငံတွင် သီလဝါ၊ ထားဝယ်၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန် သုံးခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သီလဝါ အထူးစီးပွားရေးဇုန်သည် အောင်မြင်သည့် အထူးစီးပွားရေးဇုန် တစ်ခုဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် ဇူလိုင်လကုန်အထိ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၀၄၄ ဒသမ ၆၆ သန်းရှိပြီး ရင်းနှီးမြှုပ်နှံမှုများ ယခင်ကထက် ပိုမိုဝင်ရောက်လာသည်ကို တွေ့ရှိရကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်ကို စံပြစီးပွားရေးဇုန်ဖြစ်အောင် ဆက်လက်ကြိုးစားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တိုးချဲ့တည်ဆောက်မည့် လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို လုံလောက်စွာဖြည့်ဆည်းပေးနိုင်ရေး စီမံထားရန်လိုအပ်ကြောင်း ပြောကြားပြီး လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများသည် သီလဝါအထူးစီးပွားရေးဇုန်ရှိ One Stop Sevice Center အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်ရှိ လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေသည့် Ball Asia Pacific (Yangon) Metal Container Limited နှင့် ACECOOK MYANMAR CO.,LTD စက်ရုံများသို့ သွားရောက်ပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ၊ ကုန်ပစ္စည်းထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ရင်းနှီးမြှုပ်နှံသူများအကြား စိတ်ဝင်စားမှုများပြားခဲ့သည့် သီလဝါ အထူးစီးပွားရေးဇုန်(A)၏ အောင်မြင်မှုကြောင့် ဇုန်(B)ကို ဆက်လက်တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုတိုးချဲ့လိုက်သည့် ဇုန်(B)၏ ပထမအဆင့်သည် ၁၀၁ ဟက်တာ (ဧက ၂၅၀)ရှိပြီး ၂၀၁၈ ခုနှစ် နှစ်လယ်ပိုင်းတွင် တည်ဆောက်ပြီးစီးရန် မျှော်မှန်းထားကာ အချို့မြေနေရာများကိုမူ ၂၀၁၇ ခုနှစ် နှောင်းပိုင်းခန့်တွင် ရင်းနှီးမြှုပ်နှံမည့်သူများကို စတင်ငှားရမ်းနိုင်မည် ဖြစ်ကြောင်း သိရသည်။

သီလဝါ အထူးစီးပွားရေးဇုန်တွင် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ကုမ္ပဏီပေါင်း ၈၇ ခုနှင့် စာချုပ်ချုပ်ဆို ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ကုမ္ပဏီများထဲမှ ကုမ္ပဏီ ၈၄ ခုမှာ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုချက်ရရှိပြီး ကုမ္ပဏီ ၆၉ ခုမှာ စက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းတို့အနက် ကုမ္ပဏီ ၃၂ ခုမှာ စီးပွားဖြစ် စက်ရုံလည်ပတ်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း၏ တာဝန်ရှိသူများ တင်ပြချက်နှင့်ပတ်သက်၍ မှာကြားစဉ်** (သတင်းစဉ်)

*စာမျက်နှာ ၄ မှ*

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံသည် ဒီမိုကရေစီသို့ ကူးပြောင်းသည့်လမ်းကြောင်းပေါ်တွင် ရောက်ရှိနေပြီဟု အများက ရှုမြင်ထားကြပြီးဖြစ်ပါကြောင်း၊ သို့သော်လည်း ဘယ်အတိုင်းအတာအထိ ရောက်ရှိပြီလဲ၊ ဘယ်လောက်ခရီးပေါက်ခဲ့ပြီလဲဆိုသည့်အချက်နှင့် ပတ်သက်၍ ရှုမြင်ချက်များစွာ ကွဲပြားခြားနားလျက် ရှိနေပါကြောင်း။

**ကူးပြောင်းမှုဖြစ်စဉ်**

တချို့က ဒီမိုကရေစီခရီးအစတွင် ရှိနေသေးသည်ဟု ရှုမြင်သူများက ရှုမြင်ကြပြီး တချို့က ခရီးတစ်ဝက်လောက် ရောက်နေပြီ၊ ကူးပြောင်းမှုဖြစ်စဉ် အခြေကျနေပြီဟု ရှုမြင်သူများလည်း ရှိပါကြောင်း၊ အလားတူ တချို့က ယနေ့ မြန်မာနိုင်ငံသည် ဒီမိုကရေစီ နိုင်ငံဖြစ်သည်၊ အစိုးရသည်လည်း ဒီမိုကရေစီ အစိုးရဖြစ်သည်ဟု သတ်မှတ်ပြီး ဒီမိုကရေစီအစိုးရဆိုလျှင် ဘာတွေ ရှိရလိမ့်မည်၊ ဘယ်လိုတွေဖြစ်ရလိမ့်မည်ဆိုပြီး လိုလားချက်များကို တောင်းဆိုနေကြတာ ရှိပါကြောင်း။

သို့သော် တစ်ဖက်တွင် ကမ္ဘာ့နိုင်ငံများကို ဒီမိုကရေစီအညွှန်းကိန်းများနှင့် တိုင်းတာပြီး အဆင့်အတန်း ခွဲခြားသတ်မှတ်သည့် Democracy Index လို စာရင်းတွင် Hybrid Regimes ဒီမိုကရေစီ တစ်ဝက်တစ်ပျက်နိုင်ငံ အဆင့်တွင်သာရှိသေးသည်ဟု သတ်မှတ်ထားသည်ကို တွေ့ရပါကြောင်း။

**ဖြေရှင်းကျော်လွှားရန်နည်းလမ်းများ**

ထို့ကြောင့် ယခုဆွေးနွေးပွဲတွင် မြန်မာ့အခြေအနေကို နိုင်ငံရေး၊ စီးပွားရေး၊ စစ်ဘက်-အရပ်ဘက် ဆက်ဆံရေး၊ ငြိမ်းချမ်းရေး၊ သတင်းမီဒီယာများ အခန်းကဏ္ဍ အပါအဝင် ဘက်စုံထောင့်စုံက ဝေဖန်သုံးသပ်ပြီး ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်တွင် ယနေ့ မြန်မာနိုင်ငံရောက်ရှိနေသည့်နေရာနှင့် စပ်လျဉ်း၍ အများသိသာမြင်သာသည့်၊ ရှင်းလင်းပီပြင်သည့် ပုံကားချပ်တစ်ခု ထုတ်ဖော်နိုင်မည်ဟု ယုံကြည်ယူဆပါကြောင်း၊ ထို့အတူ ရှေ့ဆက်သွားရမည့် ခရီးလမ်းနှင့် ရှေ့တွင် ကြုံတွေ့ရမည့် ပြဿနာများ၊ ဖြေရှင်းကျော်လွှားရန် နည်းလမ်းများကို အကြံပြုနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

မြန်မာ့နိုင်ငံရေး အကူးအပြောင်းနှင့် ပတ်သက်ပြီး နိုင်ငံတကာတွင်ရှိသည့် မြန်မာ့အရေးလေ့လာသူများ၊ လေ့လာရေးဌာနများက နိုင်ငံရပ်ခြားတွင် သုံးသပ်ဆွေးနွေးပွဲများကို စောစီးစွာ ကျင်းပခဲ့ကြပြီးဖြစ်ပါကြောင်း၊ ဒီမိုကရေစီကူးပြောင်းရေးအတွက် အားထုတ်ကြိုးပမ်းနေကြသူများက ကမကထပြု၍ နိုင်ငံအတွင်း၌ ယခုခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ် ဖြစ်ပါကြောင်း။

ယခုဆွေးနွေးပွဲတွင် ပါဝင်နိုင်ရန် ပြည်တွင်း ပြည်ပ ပုဂ္ဂိုလ်များအား ဖိတ်ကြားထားပါကြောင်း၊ ဖိတ်ကြားခံရသူများထဲတွင် နိုင်ငံရေးသိပ္ပံပညာရှင်များ၊ သုတေသီများ၊ စိစစ်ဝေဖန်သူများနှင့် နိုင်ငံရေးနယ်ပယ်၌ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေကြသူများ၊ ပြည်ပတိုင်းပြည်များ၏ ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့ဖူးကြသည့် အတွေ့အကြုံရှိသူများ ပါဝင်ပါကြောင်း။

**ယုံကြည်မျှော်လင့်**

ယခုဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်နေသည့် သံတမန်များ ပါဝင်သည့် စကားဝိုင်းကိုလည်း စီစဉ်ထားပါကြောင်း၊ ဆွေးနွေးကြမည့် ပုဂ္ဂိုလ်များတွင် မတူညီသည့် အယူအဆအမျိုးမျိုးနှင့် ရှုထောင့်အဖုံဖုံ ရှိနေနိုင်ပါကြောင်း၊ သုံးရက်ကြာ ဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့် သုံးသပ်ချက်များ၊ ဝေဖန်အကြံပြုချက်များမှာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ကူးပြောင်းမှုဖြစ်စဉ် ချောမွေ့အောင်မြင်ရေးအတွက် ကောင်းစွာ အထောက်အပံ့ ပြုနိုင်လိမ့်မည်ဟုယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တက်ရောက်လာသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**(သတင်းစဉ်)**

# ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ နေပြည်တော်အတွင်း ကြည့်ရှုလေ့လာ

**နေပြည်တော်  ဩဂုတ်  ၁၁**

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Mr. Chung Sye-kyun ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဧည့်သည်တော် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်နှင့် လိုဏ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ကြကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ အလှူတော်ငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက်မုခ်ရတနာဆင်ဖြူတော်ဆောင်ရှိ ရတနာဆင်ဖြူတော်များအား ကြည့်ရှုလေ့လာကြသည်။ ထိုမှတစ်ဆင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ရောက်ရှိပြီး ကျောက်မျက်ရတနာပြတိုက် အရောင်းခန်းမအတွင်းရှိ ပြခန်းများ၊ မြန်မာ့ကျောက်မျက်ရတနာများ၊ ပုလဲနှင့် ကျောက်စိမ်းလက်ဝတ်ရတနာများကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

**နှစ်(၅၀)ပြည့် အာဆီယံအထိမ်းအမှတ် စက်မှုဝန်ကြီးဌာန SMEs ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် Bagan Mart.com တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် Smart Living Expo-2017 ပြပွဲကို ဩဂုတ် ၁၁ ရက်က တပ်မတော်ခန်းမ၌ ပြသရာ တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်** (ယင်းပြပွဲကို ဩဂုတ် ၁၃ ရက်အထိ ပြသမည်ဖြစ်ပြီး ပညာရှင်များ၏ ဟောပြောပွဲများလည်း ရှိကြောင်း သိရသည်။)
**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး**



# ငြိမ်းချမ်းရေး၊ လုံခြုံရေးမရှိရင် ကျွန်တော်တို့လိုချင်တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုတာ လုံးဝလုပ်လို့မရပါဘူး

## အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း

**အမေး / အရေး - တင်မောင်လွင်၊ နေဝင်းထွန်း-၂(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မောင်မွေး**

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအကူးအပြောင်းအတွက် ကောင်းမွန်သည့်ရလဒ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပသည့် မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းမှစတင်ပြီး နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပသည်။

ဆွေးနွေးပွဲပထမနေ့တွင် ကမ္ဘာလုံးဆိုင်ရာ ရှုမြင်သုံးသပ်ခြင်းကဏ္ဍနှင့် တပ်မတော်အုပ်ချုပ်ရေးစနစ်မှ အရပ်ဘက်အုပ်ချုပ်ရေးစနစ်သို့ နိုင်ငံရေးအကူးအပြောင်းကဏ္ဍတို့နှင့် ပတ်သက်ပြီး ပြည်တွင်း ပြည်ပ ပညာရှင်များ၊ အဖွဲ့အစည်းပေါင်းစုံတို့မှ တာဝန်ရှိသူများက ရှုထောင့်မျိုးစုံမှ အမြင်အမျိုးမျိုးတို့ဖြင့် တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ယနေ့ဆွေးနွေးမှုများနှင့် ပတ်သက်ပြီး ပါဝင်ဆွေးနွေးသူများနှင့် တက်ရောက်လာသူအချို့၏ အမြင်သဘောထားအချို့ကို မေးမြန်းထားသည်-



ဦးသောင်းထွန်း



ဦးမင်းအောင်



ဦးမင်းဦး




ဦးမင်းကိုနိုင်



ဒေါက်တာ ချောချောစိန်

**ဦးသောင်းထွန်း**
**အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်**

ဒီအချိန်ဟာ မြန်မာနိုင်ငံရဲ့ အရေးကြီးတဲ့ အခြေအနေတစ်ရပ် ဖြစ်ပါတယ်။ မနက်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောသွားသလိုပဲ ကျွန်တော်တို့ဟာ ကျေးဇူးတရားလည်း သိဖို့လိုပါတယ်။ သစ္စာလည်းရှိရပါမယ်။ မေတ္တာလည်း ထားရပါမယ်။ ကျေးဇူးတရားဆိုတာက ဒီအချိန်မှာ ပြည်သူရော၊ အစိုးရရော နှစ်ဦးနှစ်ဖက် ပေါင်းပြီးတော့ ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားဖို့လိုတယ်။ လွတ်လပ်ရေးမရမီက လွတ်လပ်ရေးရဖို့အတွက် တိုက်ပွဲတွေဝင်ခဲ့ကြတယ်။ လွတ်လပ်ရေးတိုက်ပွဲတွေမှာ အသက်သွေးချွေးတွေ စတေးခဲ့ကြရတဲ့ ခေါင်းဆောင်တွေ၊ ရဲဘော် ရဲဘက်တွေ၊ လုပ်ဖော်ကိုင်ဖက်တွေ သူတို့အတွက် ကျွန်တော်တို့ ဘယ်လိုကျေးဇူးပြန်ဆပ်မယ်ဆိုတာ စဉ်းစားပါ။ ဒါကြောင့်မို့ ပြည်သူလူထုအနေနဲ့လည်း ဒီအချိန်အခါမှာ တစ်လှေတည်းစီး တစ်ခရီးတည်းသွား အဖွဲ့သားတွေဖြစ်တဲ့အတွက် ပူးပေါင်းဆောင်ရွက်ဖို့ လိုပါမယ်ဆိုတာကို ပြောချင်ပါတယ်။

ဒီမိုကရေစီဆိုတာ နေ့ချင်း ညချင်း မရနိုင်ပါဘူး။ ဒါအားလုံးသိတဲ့အတိုင်းပဲ။ ဒါကိုလည်း ပေါ်လွင်အောင် ဒီလိုအစည်းအဝေး၊ ဆွေးနွေးပွဲတွေ လုပ်တာပါ။ ဒီမိုကရေစီဆိုတာ အားလုံးကြိုးပမ်းမှရမယ်။ စည်းစနစ်ရှိဖို့လည်း လိုပါမယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောသွားတဲ့ထဲမှာလည်း ပါပါတယ်။ ကျွန်တော်တို့ဟာ ဒီမိုကရေစီနဲ့ ပတ်သက်တဲ့ ယဉ်ကျေးမှုတစ်ရပ် ထူထောင်ဖို့လိုပါတယ်။ အပြစ်တင်လို့မရသလို ပြီးခဲ့တဲ့ဟာတွေကလည်း ပြီးခဲ့ပါပြီ။ ကျွန်တော်တို့ ရှေ့ဆက် လက်တွဲပြီးတော့ ဘယ်လိုလုပ်ကြမလဲ။ ဒါကို စဉ်းစားဖို့လိုပါတယ်။ ဒါမှသာလျှင် ကျွန်တော်တို့နိုင်ငံဟာ ကျွန်တော်တို့ မျှော်မှန်းတဲ့ သာယာဝပြောတဲ့ နိုင်ငံကြီးတစ်နိုင်ငံ ဖြစ်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ပူးတွဲဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

နောက်တစ်ခုအနေနဲ့ ကျွန်တော်တို့ သိပ်ဆန္ဒစောလို့တော့ မရပါဘူး။ ဒီအစိုးရအနေနဲ့က သက်တမ်း ၁၈ လ၊ တစ်နှစ်ခွဲလောက်ပဲ ရှိပါသေးတယ်။ ပထမနှစ်မှာ ကျွန်တော်တို့က လုံခြုံရေးနဲ့ ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။ ဒါလည်း ဘာဖြစ်လို့ လုပ်ရလဲဆိုတော့ ငြိမ်းချမ်းရေး၊ လုံခြုံရေးမရှိရင် ကျွန်တော်တို့လိုချင်တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုတာ လုံးဝလုပ်လို့ မရပါဘူး။ ကျွန်တော်တို့က လုံခြုံရေးရော၊ စီးပွားရေးရော ဒွန်တွဲနေတယ်ဆိုတာကို ဖော်ပြထားပါတယ်။ ဒါကြောင့်မို့ ပူးတွဲပြီးတော့ တစ်ချိန်တည်းမှာပဲ ဆောင်ရွက်ဖို့ ရှိပါတယ်။ ပြည်သူတွေအနေနဲ့ကတော့ မကြာခင်မှာ အပြောင်းအလဲတွေ တွေ့ရမှာပါ။

နောက်တစ်ခုအနေနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ပြောသွားသလို Mindset တွေ ပြုပြင်ပြောင်းလဲဖို့ဆိုတာကလည်း ကျွန်တော်တို့ဟာ တစ်လှေတည်းစီး တစ်ခရီးတည်းသွားတွေ ဖြစ်တဲ့အတွက် စိတ်ဓာတ်တွေကိုလည်း ပြုပြင်ပြောင်းလဲဖို့ လုပ်ရမှာဖြစ်ပါတယ်။ ဘယ်အစိုးရတက်တက် အစိုးရဆိုတာ တိုင်းပြည်ကိုကောင်းအောင် ဦးဆောင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီအစိုးရကတော့ ပြည်သူတွေရဲ့ ရွေးကောက်ပွဲနဲ့ တင်မြှောက်ခဲ့တဲ့ အစိုးရဖြစ်ပါတယ်။ ပြည်သူတွေရဲ့ ဆန္ဒကိုဖြည့်ဆည်းဖို့ ဆောင်ရွက်နေပါတယ်။ ဒါကြောင့်မို့ Mindset ပြောင်းပါဆိုတဲ့အခါမှာ အားလုံးပူးတွဲ ဝိုင်းဝန်းလုပ်ကြဖို့ လိုပါတယ်။ သူလုပ်မှရမယ်၊ ငါလုပ်မှရမယ်ဆိုတဲ့ စိတ်ဓာတ်တွေ မထားဘဲနဲ့ မေတ္တာစေတနာနဲ့ လုပ်ကြပါ။ သစ္စာရှိကြပါဆိုတာကို တိုက်တွန်းပြောခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အခြေခံကောင်းတွေ အများကြီးရှိပါတယ်။

**ဦးမင်းအောင်**
**ရခိုင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး**

ဒီနေ့စတင်ကျင်းပတဲ့ မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲမှာ UNDP က ပုဂ္ဂိုလ်ဆွေးနွေးသွားတာ၊ တခြားပုဂ္ဂိုလ်တွေ ဆွေးနွေးသွားတာတွေအရ တခြားနိုင်ငံတွေရဲ့ ဒီမိုကရေစီကူးပြောင်းရေး ဖြစ်စဉ်တွေ၊ ကူဝိတ်၊ နီပေါနိုင်ငံတွေရဲ့ပြောင်းလဲမှုဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီးတော့ ကြားသိရတယ်။ နောက်ပြီးတော့ အရှေ့အလယ်ပိုင်း၊ ဥရောပတို့မှာ ပြောင်းလဲမှုအနေအထားတွေနဲ့စာရင် ကျွန်တော်တို့နိုင်ငံရဲ့ပြောင်းလဲမှုဖြစ်စဉ်က တော်တော်ကို ငြိမ်းချမ်းတဲ့ ပြောင်းလဲမှုဖြစ်စဉ်ဆိုတာလေးတွေ သိရတယ်။

ကျွန်တော်တို့နိုင်ငံမှာ ၈၈ နောက်ပိုင်း အပြောင်းအလဲမရှိခဲ့ပေမယ့် ၂၀၁၅ နောက်ပိုင်းမှာ ပြောင်းလဲခဲ့တဲ့ ပြောင်းလဲမှုအနေအထားက တကယ်ငြိမ်းချမ်းတဲ့ ပြောင်းလဲမှု။ ဒါထက်ပိုပြီး ဖြစ်လာဖို့ကတော့ ငြိမ်းချမ်းရေးဖော်ဆောင်နေမှု ပိုပြီးကောင်းမွန်လာတာနဲ့အမျှ ကျွန်တော်တို့နိုင်ငံဟာ ပိုပြီးအေးချမ်းတဲ့ အနေအထားတွေ ကြုံလာနိုင်တယ်ဆိုတာကို တွေးဆလို့ရပါတယ်။

တကယ်တော့ ဖိုရမ်ဆိုတာကတော့ အမြင်အမျိုးမျိုးကိုပေါင်းစပ်ပြီးတော့ ဆွေးနွေးကြတယ်။ ဒီထဲကနေ လုပ်နိုင်တဲ့၊ လုပ်သင့်တဲ့ဟာတွေဟာ ကျွန်တော်တို့ သုံးရက်တာ ဆွေးနွေးလိုက်ရင် ဘယ်အနေအထားအထိ ကောင်းလာတယ်၊ ပိုပြီးတော့ ကောင်းလာတယ်၊ လုပ်နိုင်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်တွေ ရရှိလာနိုင်ပါတယ်။

**ဦးမင်းဦး**
**လွှတ်တော်ကိုယ်စားလှယ်**

ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ပတ်သက်ပြီးတော့ လက်ရှိဒီမိုကရေစီစနစ်ကို ကူးပြောင်းခဲ့တာ ၂၀၁၀ ကစပြီးတော့ ကူးပြောင်းတယ်လို့ ပြောရမှာပေ့ါ။ ဒါပေမယ့် တကယ်တမ်းပြောရမယ်ဆိုရင် ပြည်သူ့ဆန္ဒအမှန်နဲ့ ပြည်သူတင်မြှောက်တဲ့ အစိုးရရဲ့ အသွင်ကူးပြောင်းမှုဟာ တစ်နှစ်ကျော်ကျော်ပဲ ရှိသေးတယ်။ အဲဒီတစ်နှစ်ကျော်ကျော် အတွင်းမှာ ပြောင်းလဲမှုဟာ ဘယ်လောက်ခရီးရောက်သလဲ။ ဒီအပေါ်မှာ မတူညီတဲ့ အမြင်သဘောထားတွေ၊ ဝေဖန်ချက်တွေ၊ အကြံပြုချက်တွေ၊ သုံးသပ်ချက်တွေရှိမယ်။ ရှေ့ဆက်ပြီးတော့ သွားရမယ့်ပြောင်းလဲမှုမှာ ဒီကရရှိလာတဲ့ အပြုသဘောဆောင်တဲ့ ဝေဖန်ထောက်ပြမှုတွေ၊ ငြင်းခုံမှုတွေ နောက်ဆုံးဘယ်လိုပဲဖြစ်ဖြစ် အဖွဲ့အစည်းမျိုးစုံ၊ လူပုဂ္ဂိုလ်မျိုးစုံတို့ အမြင်ရှုထောင့်မျိုးစုံက ဘယ်လိုပဲ ဆွေးနွေးဆွေးနွေး အဲဒီထဲကနေ ကျွန်တော်တို့ နိုင်ငံရဲ့ရေမြေသဘာဝအနေအထားနဲ့ ကျွန်တော်တို့သွားရမယ့် အသွင်ကူးပြောင်းရေးကာလ၊ ငြိမ်းချမ်းရေးကိုအခြေခံတဲ့ အသွင်ကူးပြောင်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အံဝင်ခွင်ကျဖြစ်မယ့် ဘုံသဘောတူချက်ရလဒ်တွေရရှိပြီးတော့ ရှေ့ အသွင်ကူးပြောင်းရေးလုပ်ငန်းနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ ငြိမ်းချမ်းရေးလုပ်ငန်းတွေမှာ ပိုပြီးတော့ အားကောင်းမောင်းသန် ပြည်သူလူထုနဲ့အတူ ဆောင်ရွက်နိုင်မယ့် ရလဒ်ကောင်းတွေ ဒီဖိုရမ်ကနေ ရရှိလာလိမ့်မယ်လို့ မျှော်လင့်တယ်။

**ဦးမင်းကိုနိုင်**

ဒီနေ့ကျင်းပတဲ့ ဖိုရမ်နဲ့ပတ်သက်ပြီး ပြောရရင် နံပါတ်တစ်ကတော့ အမြင်ချင်းဖလှယ်ခွင့်ရမယ်။ သေချာတာက အမြင်တွေမတူကြဘူး။ အဲဒီအမြင်တွေ အကုန်လုံးကိုစုပြီးတော့ နားထောင်ရတဲ့ကိစ္စကိုက တော်တော်လေးကို အာရုံစိုက်ရလိမ့်မယ်။ ဒါပေမယ့် တစ်ခုရှိတယ်။ ကိုယ်စားပြုမှုဆိုတဲ့ ကိစ္စတစ်ခုပါလာပြီ။ လူတွေက အမြင်မတူဘူး။ အဲဒီအထိ သဘာဝကျကျလက်ခံတယ်။ ဟုတ်ပြီ၊ အဲဒီ ကိုယ်စီကိုယ်စီစွဲလာတဲ့ အစွဲတွေရှိတယ်။ ဒါပေမယ့် အားလုံးခြုံလိုက်တော့ ဒီနိုင်ငံသားတွေ အကျိုးရှိဖို့အတွက် ငါတို့အမြင်တွေဖလှယ်ရေးနဲ့ ရလဒ်ကောင်းတစ်ခုထွက်အောင် ဘယ်လိုလုပ်မလဲ။ အဲဒီရလဒ်ကို ရောက်ဖို့အတွက်ကို စိတ်ထဲမှာ မတူတာတွေကို လက်ခံပေးရတယ်။ အဲဒါကို လက်ခံပေးပြီးတဲ့အခါမှာ မြင်တဲ့အတိုင်းနေလို့မရဘူး။ ကျင့်တဲ့အခါကျတော့ အားလုံးညီသွားဖို့ လိုတာပေ့ါ။ အဲဒီကိစ္စပဲ။

ပြောချင်တာက နိုင်ငံတကာမှာရှိတဲ့ ဖိုရမ်တော်တော်များများလည်း ကျွန်တော်တို့ တက်ဖူးတယ်။ အဲဒါအားလုံးက ဘာလဲဆိုတော့ ငြိမ်းချမ်းရေးကို အခြေခံစဉ်းစားရတာဖြစ်တယ်။ ကျွန်တော်တို့ဆီမှာလည်း အားလုံးက လက်ခံလိမ့်မယ်။ ပြည်တွင်းစစ်ကြောင့်ဆိုရင် အားလုံးထိခိုက်နစ်နာတယ်ဆိုတာကို လက်ခံလိမ့်မယ်။ ဒါပေမယ့် အဲဒီစစ်ကို ဘယ်လိုရပ်မလဲဆိုတာရယ်၊ ဘယ်လိုပြန်လည်တည်ဆောက်ကြမလဲ ဆိုတာရယ်၊ အဲဒီနိုင်ငံသားတွေအချင်းချင်းမှာ အခွင့်အရေးကို တန်းတူညီမျှဖြစ်အောင် ဘယ်လိုလုပ်မလဲဆိုတာရယ် အဲဒါတွေကို ကျွန်တော်တို့ ညှိကြရမှာပါ။ အဲဒီတော့ ဒီလိုချုပ်လိုက်ရင်ရပြီ။ တစ်ယောက်နဲ့တစ်ယောက် အခွင့်ထူးခံထားတာမျိုးကို အမြဲတမ်းမယူပါဘူးဆိုတာ အဲ့ဒါလောက်တော့ အခြေခံပြီးတော့ ညှိရလိမ့်မယ်။ အကြောင်းပြချက် အမျိုးမျိုးကြောင့် အခွင့်ထူးတွေ ယူထားတာရှိတယ်။ အဲဒီအချက်တွေဟာ အမြဲယူထားလို့မရဘူး။ ကာလတစ်ခုပြီးရင် အားလုံးဟာ အခွင့်အရေးတန်းတူညီမျှဖြစ်တယ်ဆိုတဲ့အချက်ပေ့ါ။ ဒါက နမူနာအနေနဲ့ ပြောတာပါ။

တစ်ချက်က ဘာဖြစ်လဲဆိုတော့ ကိုယ်စားပြုမှု၊ ဘယ်သူတွေက ဘယ်သူ့ကို ကိုယ်စားပြုသလဲဆိုတာ တော်တော်အရေးကြီးတယ်။ အဲဒီတော့ ဘယ်ဆွေးနွေးပွဲပဲဖြစ်ဖြစ်၊ ဘယ်အဖြေရှာတဲ့ပွဲမှာပဲဖြစ်ဖြစ် ကိုယ်စားပြုတဲ့သူတွေ အမှန်တကယ် တက်ရောက်နိုင်ပြီးတော့ အဲဒီတက်တဲ့သူကလည်း ကိုယ်ကိုယ်စားပြုတဲ့အဖွဲ့အစည်း လူတန်းစား စသဖြင့် အဲဒီအပေါ်မှာ တကယ်ပြန်ပြီးတော့ သစ္စာရှိဖို့ လိုပါတယ်။

နောက်တစ်ချက်က လူတွေက ဘက်ပေါင်းစုံကနေ ကိုယ့်အမြင်နဲ့ကိုယ် ကြည့်နေကြတဲ့အချိန်မှာ ကျွန်တော်ကလည်း ကျွန်တော်အားသန်တဲ့အပိုင်းက ကြည့်တာကတော့ လူတွေကို ဘယ်လောက် ဒီမိုကရေစီအခွင့်အရေးကို ခွင့်ပြုနိုင်ခဲ့သလဲ။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဘယ်လောက် မတူတဲ့အမြင်တွေကို တစ်ယောက်နဲ့ တစ်ယောက် အစွဲချွတ်ဖို့လား၊ ရလဒ်ထွက်ဖို့လားဆိုတာက ကျွန်တော်တို့ ဒီဆွေးနွေးပွဲတွေရဲ့အဓိကနဲ့ သာမညကို ခွဲခြားရမှာ။

သေချာတာကတော့ ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် အစွဲချွတ်လို့ မရသေးဘူး။ ဘာကြောင့်လဲဆိုတော့ နှစ်ပေါင်းများစွာ ကြိုးစားနိုင်သလဲ။ ကျွန်တော်တို့က ကြိုးစားတယ်လို့ပဲ ပြောနေတာ။ ရလဒ်ကို မပြောဘူး။ ဘာလို့လဲဆိုတော့ အရှိန်အဟုန်ကြီးက သိပ်ကိုပြင်းလွန်းတယ်။ အနှစ် ၅၀ ကျော်ကြီး တိုက်လာတဲ့ ပြည်တွင်းစစ်ရဲ့အရှိန်ကို ဘယ်သူတစ်ဦးတစ်ယောက်၊ ဘယ်အစိုးရအဖွဲ့အစည်းကမှ လက်နှစ်ဖက်တွန်းပြီးတော့ ကာနိုင်မှာ မဟုတ်ဘူး။

တစ်ခုက ကျွန်တော်တို့ ပြည်သူအများစုကြားထဲမှာ ကြားသိရသလောက် ကျွန်တော်အပါအဝင်ပေ့ါ။ အားမရတဲ့အပိုင်းတွေက လာဘ်ပေးလာဘ်ယူမှုတွေကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပြတာမျိုး မရှိသေးဘူးလို့ ကျွန်တော်ခံစားရတယ်။ နိုင်ငံတော်ရဲ့ဘဏ္ဍာတွေကို အလွဲသုံးစားလုပ်ထားတဲ့ လူတွေကို မိသွားတော့မှ ပြန်ပေးပါ့မယ်ဆိုတာမျိုးလောက်နဲ့တော့ ဒါကတော့ မဟုတ်သေးဘူးလို့ ထင်တယ်။

**ဒေါက်တာ ချောချောစိန်**
**ရန်ကုန်တက္ကသိုလ် ပါမောက္ခဌာနမှူး**

ကျွန်မတို့ ဒီမနက်ပိုင်းပထမဆုံးဆွေးနွေးမှုမှာ ကျွန်မက Moderator အဖြစ် တာဝန်ယူရပါတယ်။ ဒီထဲမှာ အဓိကက Panel Speaker လေးဦးပါဝင်ပါတယ်။ အဲဒီလေးဦးက Democratization နဲ့ ပတ်သက်တဲ့ အတွေ့အကြုံတွေ၊ နောက်ပြီးတော့ နိုင်ငံတကာမှာ ဖြစ်ပျက်နေတဲ့ Democratization process တွေနဲ့ ပတ်သက်ပြီးတော့ သူတို့ရဲ့အတွေ့အကြုံတွေကို မျှဝေပြောသွားကြတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုမှာ အမျိုးသမီးတွေကိုလည်း ချန်လှပ်ထားလို့ မဖြစ်ဘူးဆိုတာ သိလာတယ်။ ဒီမနက်ဆွေးနွေးမှုမှာ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက ဒီမိုကရေစီအသွင်းကူးပြောင်းမှုနဲ့ ပတ်သက်ပြီးတော့ ထူးခြားတဲ့အချက်လေးတွေ မီးမောင်းထိုးပြောသွားတာ တွေ့ရတယ်။

နောက်တစ်ခါ အိန္ဒိယသံအမတ်ကြီးက အပြောင်းအလဲမရှိဘဲ လွတ်လပ်ရေး ရပြီးကတည်းက ဒီမိုကရေစီကိုသွားခဲ့တာ။ အခုထိ ဒီမိုကရေစီ သက်တမ်းက ခိုင်မာနေတာ။ ဥပမာ- သူ စပိန်မှာ သံအမတ်ကြီးလုပ်ခဲ့တယ်ဆိုတော့ သူတွေ့ကြုံခဲ့တဲ့ Democratization နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ပြောသွားတယ်။ ပြီးတော့ အိန္ဒိယနဲ့ အိမ်နီးချင်းဖြစ်တဲ့အတွက် နီပေါမှာ Democratization သွားတဲ့အခါမှာ စိန်ခေါ်မှုတွေ အများကြီးရှိတယ်ဆိုတာကို ပြောသွားတယ်။ ဒီလိုမျိုးပြောသွားတာတွေက ကျွန်မတို့နိုင်ငံအတွက်တော့ သင်ခန်းစာယူစရာ ဖြစ်ပါတယ်။

နောက်ပြီး ဦးသိမ်းဝေတို့ကတော့ စီးပွားရေးအမြင်နဲ့ ပြောသွားတယ်။ ဒေါက်တာသန့်မြင့်ဦးက သမိုင်းအမြင်နဲ့ ပြောသွားတယ်။ အမြင်အမျိုးမျိုးတွေကို လေ့လာရတဲ့အတွက် ဒီဆွေးနွေးပွဲမှာဆိုရင် မြန်မာနိုင်ငံအတွက် လေ့လာစရာတွေ အများကြီး ဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။

# သစ်တောဝန်ထမ်းများအား လက်နက်တပ်ဆင်ပေးနိုင်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်

နေပြည်တော် ဩဂုတ် ၁၁

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်းငါးခု မေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခု တင်သွင်းခြင်းနှင့် စာရင်းအင်းဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။**



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၃ ရက်မြောက်နေ့ ကျင်းပစဉ်

အစည်းအဝေးတွင် တနင်္သာရီ...

အစည်းအဝေးတွင် တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်၏ **တန့်ယန်းမြို့ လေယာဉ်ကွင်းသို့ လေယာဉ်ခရီးစဉ် ပြန်လည်ပြေးဆွဲရန် အစီအစဉ် ရှိ၊ မရှိ နှင့် အစီအစဉ်မရှိပါက မြေနေရာအား ပြန်လည်စွန့်လွှတ်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက တန့်ယန်းလေယာဉ်ကွင်းသည် လက်ရှိပုံသန်း အသုံးပြုနေသော လေယာဉ်အမျိုးအစားများ ဆင်းသက်နိုင်ရန် လိုအပ်သည့် လေယာဉ်ပြေးလမ်းအရှည်ပမာဏအထိ တိုးချဲ့ရန်အတွက် ကန့်သတ်ချက်များရှိနေပါကြောင်း၊ လေယာဉ်ပြေးလမ်းတိုးချဲ့ရန် မဖြစ်နိုင်ပါသဖြင့် လေယာဉ်ခရီးစဉ်များ ပြန်လည်ပြေးဆွဲရန် အစီအစဉ်မရှိပါကြောင်း၊ တန့်ယန်းမြို့ ဖွံ့ဖြိုးရေးအတွက် လိုအပ်လျက်ရှိသော အဆောက်အအုံများ တည်ဆောက်နိုင်ရန် လေယာဉ်ကွင်းဟောင်းနေရာအား ဌာနပိုင်မြေအဖြစ်မှစွန့်လွှတ်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်သွားနိုင်ကြောင်း ဖြေကြားသည်။

ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း၏ **ဗန်းမော်မြို့မှ ကသာမြို့နယ်သို့ ပြေးဆွဲနေသော သံခွံမော်တော်တွင်း၌ ရေလုံခန်းများ တည်ဆောက်ပြေးဆွဲပေးရန်၊ ၎င်းရေယာဉ်များကို ဥပဒေနှင့်အညီ စိစစ်၍ နိုင်ငံတော်ဘဏ္ဍာအတွက် အခွန်ကောက်ခံသွားရန်၊ စည်းမျဉ်းစည်းကမ်းနှင့် မလျော်ညီသော ရေယာဉ်များအား အရေးယူဆောင်ရွက်သွားနိုင်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက အမြန်ရေယာဉ်တည်ဆောက်ရာတွင် လိုက်နာရမည့်စံချိန်စံညွှန်းများအနက် ရေယာဉ်၏ ဦးပိုင်း၊ ခါးလယ်နှင့် စက်ခန်းရှေ့တို့တွင် ရေလုံခန်းအနည်းဆုံး ၁ ခန်းစီ ထည့်သွင်းတည်ဆောက်ခြင်းနှင့်ပတ်သက်၍ စည်းကမ်းသတ်မှတ်ချက်များရှိပါကြောင်း။

ရေယာဉ်စစ်ဆေးခြင်းလုပ်ငန်းကို နှစ်စဉ်မတ်လအတွင်း တိုင်းတာစစ်ဆေးရေးအရာရှိများက သွားရောက်စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဗန်းမော်နှင့် မြစ်ကြီးနားတွင် ခရီးသည်တင် ရေယာဉ် ၃၇ စင်းကို စစ်ဆေးပေးခဲ့ပါကြောင်း၊ စစ်ဆေးပေးခဲ့သော ရေယာဉ်များအားလုံးသည် ရေလုံခန်းများကို သတ်မှတ်ထားသည့်အတိုင်းအတာ ထည့်သွင်းတည်ဆောက်ထားပြီး အသက်ကယ်အင်္ကျီ၊ အသက်ကယ်ဖောကွင်းနှင့် မီးသတ်ဆေးဘူးများ ပြည့်စုံမှုရှိပါကြောင်း။

ဗန်းမော်-ကသာ ခရီးစဉ်ပြေးဆွဲလျက်ရှိသော ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေး အတွက် ရေယာဉ်များ မထွက်ခွာမီ ခရီးသည်တင်ဆောင်ရာတွင် လက်မှတ်အရေအတွက်ထက် ကျော်လွန်တင်ဆောင်ခြင်း ရှိ၊ မရှိ၊ သတ်မှတ်ထားသည့် အသက်ကယ်အင်္ကျီအရေအတွက်နှင့် တင်ဆောင်ခွင့်ပြုထားသည့် ခရီးသည် အရေအတွက်အတိုင်း ရှိ၊ မရှိ၊ အသက်ကယ်အင်္ကျီများကို အသင့်အသုံးပြုနိုင်ရန် စီစဉ်ထားရှိခြင်း ရှိ၊ မရှိကို ရေယာဉ်ဆိပ်ကမ်းမှ မထွက်ခွာမီ စစ်ဆေးခြင်းဆိုင်ရာ လမ်းညွှန်ချက်ကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားပြီး ၎င်းလမ်းညွှန်ချက်များနှင့်အညီ ဖြစ်စေရေးအတွက် နေ့စဉ်စစ်ဆေးမှုကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေနှင့်အညီ တည်ဆောက်ပြီး ရေယာဉ်များကို တိုင်းတာစစ်ဆေးပြီး အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်(ရေယာဉ်လိုင်စင်)နှင့် လုပ်ငန်းလိုင်စင်တို့ကိုထုတ်ပေးပါကြောင်း၊ ရေယာဉ်လိုင်စင်နှင့်လုပ်ငန်းလိုင်စင်သက်တမ်းတိုးရာတွင် အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားမပြသနိုင်ပါက အဆိုပါရေယာဉ်ပြေးဆွဲခွင့်ကို ယာယီရပ်ဆိုင်းထားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ **မြန်မာနိုင်ငံ သစ်တောဝန်ထမ်းများ၏ လုံခြုံရေးအတွက် ယခင်ကကဲ့သို့ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ သတ်မှတ်ကာ လက်နက်များ ပြန်လည်တပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက လက်နက်ကိုင် အဖွဲ့အစည်းတစ်ရပ်အဖြစ် ဆောင်ရွက်လိုပါက ဥပဒေ၊ နည်းဥပဒေအသစ် ပြင်ဆင်ရေးဆွဲရန် လိုအပ်မည့်အပြင် လက်နက်ကိုင်အဖွဲ့အစည်းများ၏ အခြေခံလိုအပ်မည့် ဖွဲ့စည်းပုံကိုလည်း ပြင်ဆင်ဖွဲ့စည်းရန် လိုအပ်မည်ဖြစ်ကြောင်း။

လက်နက်နှင့်ပတ်သက်၍ ကိုင်ဆောင်မှု၊ ထိန်းသိမ်းမှု၊ ထားသိုမှုစသည့် ကျွမ်းကျင်မှုများနှင့်ပတ်သက်၍ ဝန်ထမ်းများကို အချိန်ယူလေ့ကျင့်သင်ကြားပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဗဟိုကင်း၊ လက်နက်တိုက်မှအစ အခြေခံအဆောက်အအုံများ ကြိုတင်ဆောက်လုပ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လက်နက်ကိုင်ဆောင်မည့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် လေ့ကျင့်သင်ကြားပေးရန်နှင့် အခြားအကျိုးဆက်များကို လေ့လာဆန်းစစ် စဉ်းစားရန်လိုအပ်ကြောင်း။

သို့ဖြစ်ပါ၍ သစ်တောဝန်ထမ်းများအား သေနတ် လက်နက် ပြန်လည် တပ်ဆင်ပေးရန် ကိစ္စနှင့်ပတ်သက်၍ ချုပ်သင်းဘေးမဲ့တောနှင့် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်ရှိ သစ်တောဝန်ထမ်းများကို ပြည်သူ့စစ်(ဌာနေ)ဝန်ထမ်းအဖြစ် တပ်မတော်ကသတ်မှတ်ပေးကာ လက်နက်များထုတ်ပေးကိုင်ဆောင်ခွင့်ပြုထားသကဲ့သို့ လက်နက်တပ်ဆင်ပေးနိုင်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သစ်တောဝန်ထမ်းများ၏လုံခြုံရေးအတွက် နယ်မြေရှိယာကျယ်ဝန်း၍ ပြည်သူ့စစ်အသွင်ဖြင့် စဉ်ဆက်မပြတ်လှုပ်ရှားစိုးမိုးရန်လိုအပ်သည့်နယ်မြေများတွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့်ညှိနှိုင်း၍ ပြည်သူ့စစ်(ဌာနေ) ဝန်ထမ်းများ လိုအပ်ပါက ထပ်မံတိုးချဲ့ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပုံမှန်သစ်တောထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရန် သစ်တောရဲတပ်ဖွဲ့နှင့် ပိုမိုပေါင်းစပ်ညှိနှိုင်းကာ လိုအပ်သည့်နယ်မြေများတွင် တပ်ဖွဲ့ဝင်အင်အားတိုးမြှင့်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး လက်ရှိဖြန့်ခွဲပေးသည့်အင်အားထက် လိုအပ်ပါက ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင်နှင့် ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုးတို့ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောအတွင်းကျရောက်နေသော လယ်ယာမြေများကိုစွန့်လွှတ်ပေးရေး၊ ဗန်းမောက်မြို့နယ်အတွင်း အုပ်စုဖွဲ့သစ်ခိုးထုတ်နေမှုများအား အရေးယူပေးရေး ဆိုင်ရာမေးခွန်းများကိုလည်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်င်းဆိုင်ဟိန်းက **မူလရေအရင်းအမြစ် သဘာဝရေထွက်များ ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ဦးစားပေးအဆင့် သတ်မှတ်ကာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များ ချမှတ်လမ်းညွှန်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ ယင်းအဆိုကို လွှတ်တော်ကလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပြီး အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အမည်စာရင်းတင်သွင်းကြရန် လွှတ်တော်ဥက္ကဋ္ဌက အသိပေးကြေညာသည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော **စာရင်းအင်းဥပဒေကြမ်း** လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၃ ရက်မြောက်နေ့ကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားလိုက်ပြီး အစည်းအဝေး ၄၄ ရက်မြောက်နေ့ကို ဩဂုတ် ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်၊ အေးအေးသန့်(သတင်းစဉ်)**

# ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ရှမ်းတဲကြီးကွင်းနှစ်ခုကြားတွင်ရှိသော စားကျက်မြေနှင့်လယ်မြေ ၄၄ ဒသမ ၂၅ ဧကကို ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်းမရှိ

**နေပြည်တော် ဩဂုတ် ၁၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၄၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဌေးဦး၏ **ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ် ရှမ်းတဲကြီးတောင်ပိုင်းရပ်ကွက်အပိုင်/ ၁၀၈၇(က) ဇလုပ်ကြီးမြောက်ဘက်ကမ်းနှင့် ၁၀၈၈(ခ) ရှမ်းတဲကြီးကွင်း ၂ ခုကြားတွင်ရှိသော စားကျက်မြေနှင့် လယ်မြေ ၄၄ ဒသမ ၂၅ ဧကမှာ အမှတ်(၅၀၄) အမြောက်တပ်ရင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့မှ သိမ်းယူခဲ့ပြီး မည်သည့် တပ်မတော်လုပ်ငန်းမျှ လုပ်ကိုင်ခဲ့ခြင်းမရှိဘဲ ပုဂ္ဂလိကလုပ်ငန်းရှင်များကို အငှားချထားပါသောကြောင့် စာသင်ကျောင်းမရှိ၊ ဓမ္မာရုံမရှိ၊ သောက်သုံးရေကန် မရှိ၊ အားကစားကွင်း မရှိ၊ စာကြည့် တိုက်မရှိသည့် ရှမ်းတဲကြီးရပ်ကွက်နေ ပြည်သူများအတွက် သိမ်းဆည်းမြေများအား စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က မေးခွန်းပါ မြေနေရာသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ် ရှမ်းတဲကြီး တောင်ပိုင်းရပ်ကွက် ဇလုပ်ကြီးမြောက်ကွင်း ကွင်းအမှတ်(၁၀၈၇/က)နှင့် ကွင်းအမှတ်(၁၀၈၈/က) တို့တွင်ရှိသော လယ်မြေ ၁၈ ဒသမ ၁၆ ဧကနှင့် ဇလုပ်ကြီးရေကျော်ချောင်းအား ရေစီးရေလာကောင်းမွန်ရေးအတွက် ချောင်းဖြောင့်ဖောက်လုပ်ရာမှ ပေါ်ထွက်လာသည့် အခြားမြေ (မြစ်ချောင်းနှင့် ရေအောက်မြေ) ၄၂ ဒသမ ၀၉ ဧက စုစုပေါင်း ၆၀ ဒသမ ၂၅ ဧကဖြစ်ပြီး ၁၉၉၉ ခုနှစ် မတိုင်မီကတည်းက နှစ်စဉ်ရေနစ်မြုပ်မှုကြောင့် စိုက်ပျိုးလုပ်ကိုင်နိုင်ခြင်းမရှိသည့် မြေနေရာများဖြစ်သည်ကို စိစစ်တွေ့ရှိရပါကြောင်း။




ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၄၂ ရက်မြောက်နေ့ ကျင်းပစဉ်

အဆိုပါမြေများအား လုပ်ထုံးလုပ်နည်း နှင့်အညီ လျှောက်ထားခဲ့ရာ ၂၀၀၅ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမှုဆောင်အဖွဲ့ အစည်းအဝေးမှတ်တမ်း (၂၈/၂၀၀၅) ဆုံးဖြတ်ချက်အပိုဒ် ၂၆ အရ ခွင့်ပြုခဲ့သဖြင့် အမှတ်(၅၀၄) အမြောက်တပ်ရင်းမှ စက်ယန္တရား၊ စစ်သည်လုပ်အားနှင့် ငွေအားစိုက်ထုတ်၍ ငါးကန်များ တူးဖော်ဆောင်ရွက်ခဲ့သည်ကို စိစစ်တွေ့ရှိပါကြောင်း။

ထို့ပြင် ငါးကန်များ တူးဖော်ခြင်းဖြင့် ရွာသူရွာသားများ သွားလာမှု အခက်အခဲမရှိဘဲ ပတ်ဝန်းကျင်လယ်မြေများ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်သည့်အတွက် ကန့်ကွက်ရန် မရှိကြောင်း မြို့နယ်မြေစာရင်းဦးစီးမှူးနှင့် ရှမ်းတဲကြီးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့၏ ထောက်ခံချက်များ ရရှိခဲ့သည့်အပြင် တပ်ရင်းအနေဖြင့် မြေစာရင်းပုံစံ (၁၀၅/၁၀၆) ရရှိ၍ လက်ရှိတွင်လည်း တပ်ရင်းမှ ကိုယ်တိုင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

ထို့ပြင် အဆိုပါ မြေဧရိယာ ၆၀ ဒသမ ၂၅ ဧကအနက်မှ လယ်မြေ ၁၆ ဧကအား ပြန်လည်ရရှိရေးအတွက် ရှမ်းတဲကြီးကျေးရွာနေ ဦးဝင်းနိုင်မှ မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီသို့ တောင်းခံခဲ့သဖြင့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး အဖွဲ့သို့ ပြန်လည်စွန့်လွှတ်အပ်နှံခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်မြေ ၄၄ ဒသမ ၂၅ ဧကသည် ဦးပိုင်အမည်ပေါက်ခြင်း မရှိသော မြစ်ချောင်းနှင့် ရေအောက်မြေ ၄၂ ဒသမ ၀၉ ဧကနှင့် ရေနစ်မြုပ်မြေ ၂ ဒသမ ၁၆ ဧက တို့ဖြစ်သဖြင့် စာသင်ကျောင်း၊ ဓမ္မာရုံ၊ အားကစားကွင်းနှင့် စာကြည့်တိုက်များ ဆောက်လုပ်ရန်မသင့်သော မြေနေရာဖြစ်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းပါမြေနေရာသည် လက်ရှိတွင် ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော မြေနေရာဖြစ်ခြင်း၊ ဦးပိုင်အမည်ပေါက်ခြင်း မရှိသော မြစ်ချောင်း၊ ရေအောက်မြေနှင့် ရေနစ်မြုပ်မြေများဖြစ်သဖြင့် စာသင်ကျောင်း၊ ဓမ္မာရုံ၊ အားကစားကွင်းနှင့် စာကြည့်တိုက်များ ဆောက်လုပ်ရန် မသင့်သော မြေနေရာဖြစ်ခြင်းတို့ကြောင့် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

*စာမျက်နှာ ၉ သို့*

# တပ်မတော်အုပ်ချုပ်ရေးစနစ်မှ အရပ်သားအုပ်ချုပ်ရေးစနစ်သို့ နိုင်ငံရေးအကူးအပြောင်းကာလ မျက်နှာစုံညီဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၁

**မြန်မာ့ဒီမိုကရေစီ ကူးပြောင်းမှုဖြစ်စဉ်သုံးသပ်ဆွေးနွေးပွဲ (Forum of Myanmar Democratic Transition)၏ တပ်မတော်အုပ်ချုပ်ရေးစနစ်မှ အရပ်သားအုပ်ချုပ်ရေးစနစ်သို့ နိုင်ငံရေးအကူးအပြောင်းကာလ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC-2)၌ ကျင်းပသည်။** (အောက်ပုံ)




ဆွေးနွေးပွဲတွင် စာတမ်းရှင်များဖြစ်ကြသည့် အင်ဒိုနီးရှားနိုင်ငံ ကာကွယ်ရေးဦးစီးချုပ် (ငြိမ်း) Mr. Agus Widjojo နှင့် ဂျာမနီနိုင်ငံ Ruprecht-Karls-Universitat Heidelberg မှ ပါမောက္ခ Dr.Aurel Croissant တို့က တပ်မတော်အုပ်ချုပ်ရေးစနစ်မှ အရပ်သားအုပ်ချုပ်ရေးစနစ်သို့ နိုင်ငံရေးအကူးအပြောင်းခေါင်းစဉ်နှင့်စပ်လျဉ်းသည့် စာတမ်းများကို ဖတ်ကြားကြသည်။

**သမိုင်းကြောင်းများသိရှိ**

အင်ဒိုနီးရှားနိုင်ငံ ကာကွယ်ရေးဦးစီးချုပ်(ငြိမ်း) Mr. Agus Widjojo က အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် တွေ့ကြုံကြသည့် စိန်ခေါ်မှုများမှာ တူညီမှုအချို့ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် တူညီသည်မှာ တပ်မတော်အုပ်ချုပ်ရေးမှ အရပ်ဘက်အုပ်ချုပ်ရေးသို့ ကူးပြောင်းခြင်းဖြစ်ပါကြောင်း၊ တပ်မတော်အုပ်ချုပ်ရေးကို ဆွေးနွေးရာတွင် တပ်မတော်၏ နောက်ခံသမိုင်းကြောင်းနှင့် အဘယ်ကြောင့် အုပ်ချုပ်ရေးအာဏာကို ရယူခဲ့ရသည်ဆိုသည့် သမိုင်းကြောင်းများကိုလည်း သိရှိကြရမည်ဖြစ်ပါကြောင်း။

အင်ဒိုနီးရှားနိုင်ငံတွင် အရပ်သားအုပ်ချုပ်ရေးသို့ ကူးပြောင်းနေပြီဖြစ်ပါကြောင်း၊ ၁၉၄၅ ခုနှစ်တွင် အခြေခံဥပဒေကို ပြင်ဆင်ခဲ့ပါကြောင်း၊ အသစ်ရေးဆွဲခြင်းမဟုတ်ဘဲ ရေးဆွဲထားသည့် အခြေခံဥပဒေအပေါ်တွင် ပြင်ဆင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်နှင့်ကိုက်ညီသည့် ပြင်ဆင်မှုများကို ထည့်သွင်းပြင်ဆင်ခဲ့ပါကြောင်း။

တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြောင်းလဲမှုခြင်း တူညီမှုမရှိနိုင်ပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၌ နိုင်ငံရေးပြုပြင်ပြောင်းလဲရာတွင် တပ်မတော်၏လွှမ်းမိုးမှုကို လျှော့ချခဲ့ပြီး ပါတီများ၏ ဆုံးဖြတ်ချက်ဖြင့်သာ ဆောင်ရွက်ခြင်းဖြင့် လျှော့ချခဲ့ပါကြောင်း၊ တပ်မတော်မှ နိုင်ငံတော်၏ ဆုံးဖြတ်ချက်များကို ဝင်ရောက်ဆုံးဖြတ်ခြင်းမပြုခဲ့ပါကြောင်း၊ အရပ်ဘက်အစိုးရ အုပ်ချုပ်ရေးပြောင်းလဲသည့်အခါ တပ်မတော်မှပါဝင်ခြင်း မရှိခဲ့ပါကြောင်း။



ပါမောက္ခ Dr.Aurel Croissant စာတမ်း ဖတ်ကြားစဉ်

ဒီမိုကရေစီအကူးအပြောင်းတွင် အရပ်သားအစိုးရအနေဖြင့် ယုံကြည်မှုရှိရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ် မအောင်မြင်၊ မထိရောက်နိုင်ဟူသည့် အမြင်များသည်လည်း အကူးအပြောင်းအတွက် အဟန့်အတားများဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ဟုဆိုရာတွင် ပြည်သူများက မျှော်မှန်းချက်ကြီးမားပြီး အချို့မျှော်မှန်းချက်များမှာ ဒီမိုကရေစီနှင့် မကိုက်ညီသည်များ ရှိနိုင်ပါကြောင်း၊ ဒီမိုကရေစီစနစ်ကူးပြောင်းရာတွင် တပ်မတော်၏ ပါဝင်မှုအနည်းဆုံးဖြင့်သာ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပါလီမန်အနေဖြင့်လည်း ထို့အတွက် ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့အတွက် ပါတီစွဲကင်းရှင်းရမည်ဖြစ်ပါကြောင်း။

အရပ်ဘက်အုပ်ချုပ်ရေးသို့ကူးပြောင်းရာတွင် တပ်မတော်နှင့် ပြည်သူအကြားအမြင်လွဲမှားမှုများ မရှိသင့်ပါကြောင်း၊ တပ်မတော်နှင့်ပြည်သူအကြား ကောင်းမွန်သည့်ဆက်ဆံရေးရှိရန်လိုအပ်ပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံတွင် တပ်မတော်မှ ဝန်ထမ်းများအား ဒီမိုကရေစီအခန်းကဏ္ဍနှင့် သင်တန်းများကို တက်ရောက်စေခြင်းကဲ့သို့ ပါဝင်စေခြင်းမျိုးဖြင့် ပြည်သူနှင့် နီးစပ်မှုရှိစေရန်နှင့် အရပ်ဘက်အုပ်ချုပ်ရေးမှ ဆောင်ရွက်နေသော ဒီမိုကရေစီ၏ အခန်းကဏ္ဍကို နားလည်စေခဲ့ပါကြောင်း။

အကောင်းဆုံးအနေအထားကိုရရှိရန် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ဆောင်ရွက်စေလိုပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ခက်ခဲမှုများရှိနိုင်သော်လည်း ကြိုးစားတည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အချင်းချင်း ယုံကြည်မှုတည်ဆောက်ခြင်းကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယခင်က အခြေအနေနှင့် နောင်လာမည့် အနာဂတ်ရည်မှန်းချက်များကို နှိုင်းယှဉ်ဆောင်ရွက်ခြင်းဖြင့် တည်ဆောက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့အတူ Capacity Building ကိုလည်း တည်ဆောက်သွားရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှုအတွက် အင်ဒိုနီးရှားနိုင်ငံ၏ အတွေ့အကြုံများကို မျှဝေခြင်းသာ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ထပ်တူညီမှု မရှိနိုင်ပါကြောင်း၊ အသွင်ကူးပြောင်းမှုတွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ အချုပ်အားဖြင့်ဆိုရသော် အခန်းကဏ္ဍအားလုံးသည် တည်ဆောက်မှုကိုသာ ဦးတည်ကြရမည် ဖြစ်ပါကြောင်း၊ National Policy ကို ပြည်သူ၏ပါဝင်မှု၊ တပ်မတော်၏ ပါဝင်မှုဖြင့် တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသားများ၏ ပါဝင်မှုဖြင့်သာ တည်ဆောက်ကြရမည် ဖြစ်ပါကြောင်း ထည့်သွင်းဆွေးနွေးခဲ့သည်။



Mr. Agus Widjojo စာတမ်း ဖတ်ကြားစဉ်

**အရပ်ဘက်-စစ်ဘက် ယုံကြည်မှုတည်ဆောက်**

Prof. Dr. Aurel Croissant က တပ်မတော်အုပ်ချုပ်ရေးမှ အရပ်ဘက်အုပ်ချုပ်ရေးသို့ ကူးပြောင်းခဲ့သည့် နိုင်ငံတကာအတွေ့အကြုံများကို ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးအတွက် ဥပဒေပြုပြင်ပြောင်းလဲခြင်း၊ တပ်မတော်၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောင်ရွက်ခြင်း၊ ပြည်သူ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အသွင်ကူးပြောင်းမှုကို ဆောင်ရွက်ခြင်း၊ အရပ်ဘက်အဖွဲ့အစည်းများ ခိုင်မာအားကောင်းလာစေရန် ဆောင်ရွက်ခြင်း၊ အရပ်ဘက်-စစ်ဘက် ဆက်ဆံရေးကောင်းမွန်စေခြင်းဖြင့် နိုင်ငံရေးတည်ငြိမ်မှုရှိစေရန် စီမံဆောင်ရွက်ခြင်း၊ အရပ်ဘက်-စစ်ဘက် ယုံကြည်မှုတည်ဆောက်ခြင်းဖြင့် ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်ပြီး ဆက်ဆံရေးခိုင်မာအားကောင်းစေရန် အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်၊ အစိုးရအဖွဲ့ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ထည့်သွင်းဆွေးနွေးခဲ့သည်။

ယင်းနောက် မျက်နှာစုံညီဆွေးနွေးမှုအစီအစဉ်တွင် သဘာပတိအဖြစ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်ကဆောင်ရွက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ ဗိုလ်မှူးကြီး အောင်မြင့်ဦးနှင့် Myanmar Institute of Peace and Security Studies မှ အမှုဆောင်ဒါရိုက်တာ ဒေါ်ခင်မမမျိုးတို့က မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ တပ်မတော်အုပ်ချုပ်ရေးစနစ်မှ အရပ်သားအုပ်ချုပ်ရေးစနစ်သို့ နိုင်ငံရေးအကူးအပြောင်းကာလအပေါ် ဆွေးနွေးကြသည်။

Myanmar Institute of Peace and Security Studies မှ အမှုဆောင်ဒါရိုက်တာ ဒေါ်ခင်မမမျိုးက စစ်ဘက်-အရပ်ဘက်ဆက်ဆံရေးတွင် ပူးပေါင်းဆောင်ရွက်မှုကို မည်သည့်ပုံစံဖြင့် တည်ဆောက်မည်ဆိုသည်မှာ အရေးကြီးပါကြောင်း၊ တစ်ခါတစ်ရံတွင် ပူးပေါင်းဆောင်ရွက်ရန် ဦးတည်ဆောင်ရွက်ရင်းမှ ပွတ်တိုက်မှုများ ဖြစ်ပေါ်သွားသည်လည်းရှိပါကြောင်း၊ ထို့ကြောင့် စစ်ဘက်-အရပ်ဘက်ဆက်ဆံရေး ကောင်းမွန်စေရေးအတွက် လွှတ်တော်၊ နိုင်ငံရေးပါတီ၊ အရပ်ဘက်အဖွဲ့အစည်းများ၏ပါဝင်မှုဖြင့် တည်ဆောက်သွားရမည်ဖြစ်ပါကြောင်း။

လုံခြုံရေးအခန်းကဏ္ဍဟုဆိုရာတွင် တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ထောက်လှမ်းရေးစသည့် လုံခြုံရေးကဏ္ဍများကိုသာ ဆိုလိုရင်းမဟုတ်ဘဲ ကျန်းမာရေး၊ အစားအစာ၊ သဘာဝပတ်ဝန်းကျင် လုံခြုံမှုမရှိသည့် အခန်းကဏ္ဍများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ လူမှုစီးပွားဘဝလုံခြုံရေးသည်လည်း အရေးကြီးပါကြောင်း။

**အနာဂတ်ရည်မှန်းချက်**

မြန်မာနိုင်ငံ၏ ပကတိဖြစ်တည်မှုသည် တိုင်းရင်းသားအားလုံးစုပေါင်းနေထိုင်ကြပြီး ဖက်ဒရယ်စနစ်ကို လိုလားကြပါကြောင်း၊ နိုင်ငံအတွက် political reform၊ social reform၊ security reform၊ economic reform အစရှိသည့်ကဏ္ဍလေးခုကို ပြုပြင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သမိုင်းကိုဆုပ်ကိုင်ထားသည့် ရပ်တည်ချက်မျိုးရှိပါက အနာဂတ်ရည်မှန်းချက်အတွက် ခက်ခဲနိုင်ပါကြောင်း။ နိုင်ငံ၏ ပကတိလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်သွားနိုင်မှသာ ဖက်ဒရယ်ဒီမိုကရေစီသို့ ဦးတည်သွားနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ ဗိုလ်မှူးကြီး အောင်မြင့်ဦးက စစ်ဘက်-အရပ်ဘက် ဆက်ဆံရေးသည် အကူးအပြောင်းကာလအတွက် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံသည် စစ်ဘက်-အရပ်ဘက် အကူးအပြောင်းကို ထိခိုက်မှုအနည်းဆုံးဖြင့် ညင်သာစွာ ကူးပြောင်းနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ထူးခြားသည့် အခြေအနေအဖြစ် တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများစွာတည်ရှိနေပါကြောင်း၊ အချို့အင်အားစုများသည် အချို့တိုင်းပြည်များ၏ တပ်မတော်အင်အားမျှရှိနေပါကြောင်း၊ ထို့ကြောင့် အားလုံးက ညီညီညွတ်ညွတ် အဖြေရှာသွားရမည် ဖြစ်ပါကြောင်း။

တည်ငြိမ်မှုရှိရန်၊ လုံခြုံမှုရှိရမည်ဖြစ်ပါကြောင်း၊ ထို့အတူ လုံခြုံမှုရှိရန်အတွက် တည်ငြိမ်မှုရှိရမည်ဖြစ်ပါကြောင်း၊ လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများရှိနေလျှင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားများ ဖြစ်ပေါ်စေနိုင်ပါကြောင်း၊ ထို့အတူ အခြားကဏ္ဍများ ဆောင်ရွက်ရန်အတွက် အခက်အခဲများရှိနိုင်ပါကြောင်း၊ မည်သည့်ကဏ္ဍကို ဦးစားပေးဆောင်ရွက်ရမည်ကို စဉ်းစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံနှင့်ကိုက်ညီသည့် သီအိုရီကို ရွေးချယ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံအတွက် ကိုက်ညီမည့် ဒီမိုကရေစီပြောင်းလဲမှုနှင့် နိုင်ငံတည်ဆောက်ရေးကို ရွေးချယ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**စိန်ခေါ်မှုများလည်း ရှိနေ**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချိုက ပြည်သူလူထုအနေဖြင့် အရပ်ဘက်အုပ်ချုပ်ရေးကို ရောက်ရှိနေပြီဖြစ်၍ စိတ်ဝင်စားမှုမြင့်တက်လျက်ရှိပါကြောင်း၊ ပြည်သူလူထုသည် ဖြစ်သင့်ဖြစ်ထိုက်သည့် အခြေအနေများကို မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တပ်မတော်သည် ထဲထဲဝင်ဝင်ပါဝင်လာပါကြောင်း၊ သို့သော် အမျိုးသားရင်ကြားစေ့ရေး၊ အခြေခံဥပဒေပြင်ဆင်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး တို့သည် မပြီးပြတ်သေးသည့် အခြေအနေတွင် တည်ရှိနေပါကြောင်း၊ စားပွဲဝိုင်းဆွေးနွေးပွဲဆီသို့ ဦးတည်နေပြီး တူညီသည်များကို စုစည်းကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းပြည်၏ အာဏာသည် ပြည်သူထံတွင်တည်ရှိစေရန် လုပ်ဆောင်နေပါကြောင်း၊ သို့သော် စိန်ခေါ်မှုများလည်း ရှိနေပါသေးကြောင်း။

အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အချို့အခန်းကဏ္ဍများတွင် အစိုးရအဖွဲ့မှ မဆောင်ရွက်နိုင်သည်များ ရှိပါကြောင်း၊ အဆိုပါအခန်းကဏ္ဍများကို အရပ်ဘက်အဖွဲ့အစည်းများကို ဆောင်ရွက်စေခြင်းဖြင့် မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အစိုးရတစ်ရပ် အားကောင်းစေရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများ အားကောင်းမှုသည် အရေးပါလျက်ရှိပြီး အပြန်အလှန်တည်မှီနေကြပါကြောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်း အားကောင်းခြင်းသည် အရပ်သားအင်အားစု ခိုင်မာအားကောင်းခြင်းကို ဖော်ပြနေခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

(သတင်းစဉ်)

**မြန်မာနိုင်ငံ၏ ပကတိဖြစ်တည်မှုသည် တိုင်းရင်းသားအားလုံး စုပေါင်းနေထိုင်ကြပြီး ဖက်ဒရယ်စနစ်ကို လိုလားကြ၊ နိုင်ငံအတွက် political reform, social reform, security reform, economic reform အစရှိသည့် ကဏ္ဍလေးခုကို ပြုပြင်ဆောင်ရွက်ကြရမည်ဖြစ်၊ သမိုင်းကိုဆုပ်ကိုင်ထားသည့် ရပ်တည်ချက်မျိုးရှိပါက အနာဂတ်ရည်မှန်းချက်အတွက် ခက်ခဲနိုင်၊ နိုင်ငံ၏ ပကတိလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်သွားနိုင်မှသာ ဖက်ဒရယ်ဒီမိုကရေစီသို့ ဦးတည်သွားနိုင်မည်**

# ကမ္ဘာလုံးဆိုင်ရာ ရှုမြင်သုံးသပ်ခြင်းကဏ္ဍ မူဘောင်ချမှတ်ခြင်း ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၁**

မြန်မာ့ဒီမိုကရေစီ ကူးပြောင်းမှုဖြစ်စဉ်သုံးသပ်ဆွေးနွေးပွဲ (Forum of Myanmar Democratic Transition) ၏ **ကမ္ဘာလုံးဆိုင်ရာ ရှုမြင်သုံးသပ်ခြင်းကဏ္ဍ မူဘောင်ချမှတ်ခြင်း** ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-2) ၌ ကျင်းပသည်။




ဆွေးနွေးပွဲတွင် စာတမ်းရှင်များဖြစ်ကြသည့် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ဗဟိုနီးနှောဖလှယ်ပွဲ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Michael Vatikiotis နှင့် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဒေသဆိုင်ရာညွှန်ကြားရေးမှူး Ms. Renata Nicola Lok Dessallien တို့က ကမ္ဘာလုံးဆိုင်ရာ ရှုမြင်သုံးသပ်ခြင်းကဏ္ဍ မူဘောင်ချမှတ်ခြင်း ခေါင်းစဉ်နှင့်စပ်လျဉ်းသည့် စာတမ်းများကို ဖတ်ကြား ရှင်းလင်းဆွေးနွေးကြသည်။

လူသားချင်း စာနာထောက်ထားရေးဆိုင်ရာ ဗဟိုနီးနှောဖလှယ်ပွဲ ဒေသဆိုင်ရာညွှန်ကြားရေးမှူး Dr.Michael Vatikiotis က စိန်ခေါ်မှုအနေဖြင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့်ပတ်သက်၍ မူဝါဒများကို သေချာချမှတ်ရန် လိုပါကြောင်း၊ မြန်မာနိုင်ငံသည် စီးပွားရေးတွင် isolation အနေဖြင့် နေထိုင်ခဲ့ပါကြောင်း၊ ပဋိပက္ခသည်လည်း ဆယ်စုနှစ်များစွာ ဖြစ်ခဲ့ပါကြောင်း၊ World Bank အနေဖြင့် အသွင်ကူးပြောင်းရေးကို Commitment၊ Coordination နှင့် Cooperation ဟူသော သုံးချက်ပေါ်တွင် မူတည်ဆုံး ဖြတ်ပါကြောင်း၊ အရှေ့တောင်အာရှတွင် စီးပွားရေးနှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးမှုသည် စိန်ခေါ်မှုပင်ဖြစ်ပါကြောင်း၊ သဘောတူညီမှုခိုင်မာပြီး တည်ငြိမ်မှုရှိရမည်ဖြစ်ပါကြောင်း၊ လုံခြုံမှုလည်းရှိရမည်ဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုသည်လည်း အရေးကြီးပါကြောင်း၊ ကမ္ဘာပေါ်တွင် အောင်မြင်သည့် အသွင်ကူးပြောင်းမှုဆိုသည်မှာ လူမှုဝန်းကျင်တွင် အာဏာကို မည်သို့ခွဲဝေမည်ပင် ဖြစ်ပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး အသွင်ကူးပြောင်းမှုသည် နှစ် ၂၀ ကြာပါကြောင်း၊ အာဏာကို ဗဟိုချုပ်ကိုင်မှု လျှော့ချရန်လိုပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုတွင် အောင်မြင်မှုသည် တရားဥပဒေစိုးမိုးရေးပင်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးကို အားလုံးညီညီမျှမျှ ဆောင်ရွက်နိုင်အောင် ဥပဒေများကို ပြဋ္ဌာန်းရန် လိုပါကြောင်း ပြောကြားပြီး ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် အဓိကတာဝန်များကို ဆွေးနွေးသည်။

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Renata Nicola Lok Dessallien က မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ဘက်ပေါင်းစုံက ခြုံငုံဆွေးနွေးတင်ပြကြရန် လိုအပ်ပါကြောင်း၊ ဒီမိုကရေစီကူးပြောင်းသည့် ကာလတွင် မိမိတို့ပြည်တွင်းတွင် မည်သို့ ဆောင်ရွက်နေသည် များကို နိုင်ငံတကာ အသိုက်အဝန်းက နားလည်အောင် ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီဆိုသည်မှာ အဓိပ္ပာယ်အမျိုးမျိုး ရှိပါကြောင်း၊ ဂရိများက စတင်စမ်းသပ်ကျင့်သုံးခဲ့ပါကြောင်း၊ ၂၁ ရာစုတွင် ဒီမိုကရေစီနှင့်ပတ်သက်သည့် အဓိပ္ပာယ်ဖွင့်ဆိုမှုသည် ကျယ်ပြန့်လာပါကြောင်း၊ အစိုးရကို ပြည်သူများက ရွေးကောက်ပြီး အစိုးရကလည်း ပြည်သူများအတွက် အလုပ်လုပ်သည်ဆိုသည်အထိ ဖြစ်လာပါကြောင်း၊ အားလုံးသာတူညီမျှ ပါဝင်ပြီး ပူးပေါင်းဆောင်ရွက်သည့် အနေအထားဖြစ်လာပါကြောင်း၊ လက်ရှိ ဒီမိုကရေစီကို ကျင့်သုံးရာတွင် သာတူညီမျှရှိမှု၊ တရားမျှတမှု ၊ လွတ်လပ်မှုဆိုသည့် တန်ဖိုးများ ပါဝင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်



**Dr. Michael Vatikiotis ဆွေးနွေးစဉ်**

ပါကြောင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးရာတွင် ချမှတ်ထားသည့် တန်ဖိုးများသည် ခိုင်မာနေသည့်အတွက် မလိုက်နာပါက ကွာဟမှုများသည် ထင်ထင်ရှားရှားမြင်လာရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးနေမှု ပြည့်ဝခြင်း ရှိမရှိကို မြင်ရမည်ဖြစ်ပါကြောင်း၊ တစ်ကမ္ဘာလုံးတွင် လွတ်မြောက်မှုမရှိသော ဒီမိုကရေစီ (သို့မဟုတ်) ဒီမိုကရေစီအဓိပ္ပာယ် ပြည့်ဝမှုမရှိသော ဒီမိုကရေစီဟူ၍ အကောင်အထည်ဖော် နေသည်များလည်း ရှိတတ်ပါကြောင်း၊ ဒီမိုကရေစီကို အကောင်အထည်ဖော်နေသည့် နိုင်ငံများတွင် ဒီမိုကရေစီ၏ အနှစ်သာရ ပြည့်ဝမှုဆိုသည့် အရည်အသွေးပိုင်းကို ဦးတည်လာကြပါကြောင်း ပြောကြားပြီး ကမ္ဘာ့နိုင်ငံများ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရယူနိုင်သည့် သင်ခန်းစာများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် မျက်နှာစုံညီဆွေးနွေးမှုအစီအစဉ်တွင် သဘာပတိအဖြစ် ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးဌာနမှူး ပါမောက္ခ ဒေါ်ချောချောစိန်က ဆောင်ရွက်ပြီး အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Mr. Vikram Misri ၊ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦးနှင့် SPA and FMI ဥက္ကဋ္ဌ ဦးသိမ်းဝေတို့က မြန်မာ့ဒီမိုကရေစီ ကူးပြောင်းမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ ကမ္ဘာလုံးဆိုင်ရာ ရှုမြင်သုံးသပ်ချက်များအပေါ် ဆွေးနွေးကြသည်။



**Ms. Renata Nicola Lok Dessallien ဆွေးနွေးစဉ်**

အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက တစ်ကမ္ဘာလုံးတွင် အာဏာရှင်စနစ်မှ ဒီမိုကရေစီ အသွင်ကူးပြောင်းသည့်စနစ်သို့ ပြောင်းလဲနေကြကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ထိုကဲ့သို့ပင်ဖြစ်ကြောင်း၊ Free and Fair Election တစ်ခုတည်းဖြစ်ရုံနှင့် မလုံလောက်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်တွင် အားလုံးပြည့်ပြည့်ဝဝ ပါဝင်ကြစေလိုကြောင်း စသဖြင့် ဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Mr. Vikram Misri က နီပေါနိုင်ငံသည် မြန်မာနိုင်ငံကဲ့သို့ လူမျိုးစု၊ ယဉ်ကျေးမှုပါ အမျိုးမျိုးကွဲပြား ခြားနားမှုများရှိနေပါကြောင်း၊ မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းမှု ဆင်တူသဖြင့် သင်ခန်းစာရယူနိုင်ပါကြောင်း ဆွေးနွေးပြောကြားပြီး အိန္ဒိယနိုင်ငံ၏ ဒီမိုကရေစီအသွင်းကူးပြောင်းရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ သန့်မြင့်ဦးက ဒီမိုကရေစီ အသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်တွင် စိန်ခေါ်မှုများရှိနေပါကြောင်း၊ တိုင်းပြည်တွင် အကျင့်ပျက်ခြစားမှုများ၊ နိုင်ငံရေး တင်းမာမှုများရှိနေမည်ဆိုပါက ဒီမိုကရေစီကို တောင့်တနေမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ရှုပ်ထွေးနေသည့် နိုင်ငံများသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အခက်ခဲဆုံးဖြစ်တတ်ပါကြောင်း၊ တစ်ကမ္ဘာလုံးတွင် ရှိသည့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုများကိုကြည့်၍ မြန်မာနိုင်ငံအနေဖြင့် သင်ခန်းစာများရနိုင်ပါကြောင်း ဆွေးနွေးသည်။

SPA and FMI ဥက္ကဋ္ဌ ဦးသိမ်းဝေက ငြိမ်းချမ်းရေးနှင့်အတူ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးကြောင်း၊ တည်ငြိမ်မှုမရှိပါက ရင်းနှီးမြှုပ်နှံမှု အခွင့်အရေးမရနိုင်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမရပါက တည်ငြိမ်မှုနှင့် ငြိမ်းချမ်းရေးသည် ထိလွယ်ရှလွယ်ရှိပြီး ရေရှည်မတည်တံ့နိုင်ပါကြောင်း၊ တည်ငြိမ်ခြင်းသည် အရေးကြီးသည်ကို အားလုံးက သဘောတူလက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတွင် တည်ငြိမ်မှုသည်အရေးကြီးသည်ဟု ရှုမြင်ပါကြောင်း စသဖြင့် ဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

**(သတင်းစဉ်)**

**တစ်ကမ္ဘာလုံးတွင် အာဏာရှင်စနစ်မှ ဒီမိုကရေစီအသွင်ကူးပြောင်းသည့်စနစ်သို့ ပြောင်းလဲနေကြကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ထိုကဲ့သို့ပင်ဖြစ်ကြောင်း၊ Free and Fair Election တစ်ခုတည်းဖြစ်ရုံနှင့် မလုံလောက်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်တွင် အားလုံးပြည့်ပြည့်ဝဝ ပါဝင်ကြစေလို**

---

***အမျိုးသားလွှတ်တော်မှ***

ထို့ပြင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာမြသောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးအောင်သိန်း၏ **ယနေ့မြန်မာနိုင်ငံရှိ မြို့ကြီးအတော်များများ၌ စီးပွားဖြစ်ဂိမ်း (Game)ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နေသူများ မြို့တော်စည်ပင်သာယာရေးကော်မတီမှ လိုင်စင်ခံယူထားပြီး ကလေးအားကစားကွင်း (Amusement Center)ဟု သဏ္ဍာန်ဆောင်အမည်ပြု၍ ပြည်ပမှတင်သွင်းလာသော စက်ကိရိယာများဖြင့် ခေတ်ပေါ်လောင်းကစားနည်းမျိုးစုံ ပါဝင်သော အကြွေစေ့သုံး လောင်းကစားအဆင့် ဂိမ်း(Game)ဆိုင်များ ဖွင့်လှစ်လာကြသည့်အတွက် လောင်းကစား လိုသူကျောင်းသား၊ လူငယ်လူရွယ်၊ လူလတ်မျိုးစုံတို့မှာ တဖြည်းဖြည်းချင်း အကျင့်စာရိတ္တပါ ထိခိုက်ပျက်ပြားလာနေသောကြောင့် မြို့များနေ မိဘပြည်သူတို့မှာ ရတက်မအေး စိုးရိမ်စိတ်များဖြစ်ပေါ်နေကြရသဖြင့် ယင်းသို့ အကြွေစေ့သုံး လောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ် ပိတ်သိမ်းအရေးယူခြင်းကို တစ်ပြေးညီ လုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) မှ ဒေါ်ရှားမူ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆) မှ ဦးဇေတင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ်နှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ စောယှားဖောင်အွာတို့က ထောက်ခံဆွေးနွေးကြသည်။

**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ်**က လောင်းကစားမှုကြောင့် စီးပွားပျက်ခြင်း၊ စာရိတ္တပျက်ခြင်း၊ ပြစ်မှု၊ ဒုစရိုက်မှုနှင့် ရာဇဝတ်မှုများဖြစ်ခြင်း၊ ကျောင်းသူကျောင်းသား လူငယ်များ၏ ပညာရေး ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်သည်ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးသွားကြပါကြောင်း၊ ဆွေးနွေးချက်များအရ ယခုအခါတွင် နိုင်ငံတစ်ဝန်း သောင်းကျန်းလျက်ရှိသည့် အကြွေစေ့ ဂိမ်းကစားခြင်းများကို တစ်နိုင်ငံလုံး တစ်ပြေးညီ အမြန်ဆုံး ချိတ်ပိတ်သိမ်းပစ်ရန် လိုအပ်ပါကြောင်း၊ အကြွေစေ့ လောင်းကစားခြင်းသာမက မြန်မာနိုင်ငံအနှံ့ ပျံ့နှံ့လျက်ရှိသော လောင်းကစားခြင်း အမျိုးမျိုးဖြစ်သည့် နှစ်လုံးထီ၊ သုံးလုံးထီ၊ ဘောလုံးလောင်းကစားခြင်းများကြောင့် မိသားစုဘဝပျက်၊ စီးပွားပျက်၊ အိမ်ပေါင်ယာပေါင်၊ အိမ်ထောင်ပျက် စသည်ဖြင့် အတိဒုက္ခရောက်လျက်ရှိပြီး နိုင်ငံ၏ပုံရိပ်နှင့် ဂုဏ်သိက္ခာကို ထိခိုက်လျက်ရှိပါကြောင်း၊ ခေတ်အဆက်ဆက်၌ လောင်းကစားပြုခြင်းအား ဥပဒေများဖြင့် ပြဋ္ဌာန်းတားမြစ်ခဲ့သော်လည်း လျော့နည်းပပျောက်သွားခြင်းမရှိဘဲ ပို၍ပို၍သာ တိုးပွားသောင်းကျန်းလာသည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် ဤသို့ဖြစ်ရသည်မှာ ဥပဒေကို ကျင့်သုံးကိုင်တွယ်ထိန်းသိမ်းသော ဝန်ထမ်းအဖွဲ့အစည်းများ၏ တာဝန်ပျက်ကွက် ပေါ့လျော့မှုနှင့် လာဘ်စားမှုများကြောင့် ဖြစ်သည်ဆိုပါက ထိုဝန်ထမ်းအဖွဲ့အစည်းများကို ကြပ်မတ်ထိန်းသိမ်း၍ အရေးယူခြင်း၊ အပြစ်ပေးခြင်းများ ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ သို့မဟုတ်ပါက ယခုပိတ်သိမ်းဖမ်းဆီး နောက်ကာလ အတန်ကြာလျှင် နည်းအမျိုးမျိုးဖြင့် ပြန်လည်ပေါ်ထွန်း သောင်းကျန်းနေမြဲသာဖြစ်နေလိမ့်မည်ဖြစ်ပါကြောင်း၊ အကယ်၍ ပြဋ္ဌာန်းထားပြီး ဥပဒေများ၏ အားနည်းချက် ပျော့ကွက်ဟာကွက်များကြောင့် ဖြစ်သည်ဆိုပါကလည်း ဥပဒေများကို ပြန်လည်လေ့လာသုံးသပ်၍ ပြန်လည်ပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်းသင့်ပါကြောင်း စသည်ဖြင့် အကြံပြုထောက်ခံဆွေးနွေးသည်။

ယင်းအဆို နှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသော လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို အမျိုးသားလွှတ်တော် ၄၃ ရက်မြောက်နေ့အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၄၃ ရက်မြောက်နေ့ကို ဩဂုတ် ၁၄ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **သူရဇော်**

---

***❊ ကျောဖုံးမှ***

မြန်မာယူ-၁၈ အသင်းသည် ဝင်းနိုင်ထွန်း၊ ပြည့်စုံနိုင်၊ ဟိန်းထက်အောင် စသည့် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစတွင် မြန်မာယူ-၁၈ အသင်း ဂိုးစရနိုင်သည့် အခွင့်အရေးရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။ အင်တာမီလန် ယူ-၁၈ အသင်းသည် ဥရောပထိပ်သီးအသင်း ပီသစွာ ပွဲကိုထိန်းချုပ်ကစားသွားခဲ့ပြီး မြန်မာအသင်းပေါ် မူတည်၍ အပြောင်းအလဲလုပ်ကာ ကစားသွားခဲ့သည်။ ၁၇ မိနစ်တွင် အင်တာမီလန်ယူ-၁၈ အသင်းဂိုးစရခဲ့ပြီး သောမတ်စ်ဆာချီယိုက သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် အင်တာမီလန်အသင်း ပိုဖိကစားနိုင်ခဲ့ပြီး မိနစ် ၂၀ တွင် အန်ဒိုရန်တီက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ နှစ်ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ပြန်ဖိကစားနိုင်ခဲ့ပြီး တိုက်စစ်မှူး ပြည့်စုံနိုင်၏ အနီးကပ်ပိတ်သွင်းမှု၊ နောက်ခံလူ စိုးမိုးကျော်၏ အပိုင်ခေါင်းတိုက်သွင်းယူမှုများ လွဲချော်ခဲ့သည်။ အင်တာမီလန် ယူ-၁၈ အသင်းအတွက် တတိယ ဂိုးကို ၄၁ မိနစ်တွင် အန်ဒိုရန်တီက သွင်းယူခဲ့သည်။

ဒုတိယပိုင်း ၅၃ မိနစ်တွင် မြန်မာအသင်း ဂိုးထပ်ပေးခဲ့ရပြီး အီလီယာက သွင်းယူခဲ့သည်။ မြန်မာအသင်း တိုက်စစ်မှူးများဖြစ်သည့် ဝင်းနိုင်ထွန်းနှင့် ပြည့်စုံနိုင်တို့မှာ အင်တာမီလန် ယူ-၁၈ နောက်တန်းကို ဖိအားပေးနိုင်ခဲ့ပြီး ၆၁ မိနစ်တွင် ဝင်းနိုင်ထွန်း၏ ထိုးဖောက်မှုကို နောက်ခံလူတစ်ဦး ကြမ်းတမ်းစွာ တားဆီးခဲ့သောကြောင့် ပယ်နယ်တီကန်ခွင့်ရခဲ့သည်။ ယင်းပယ်နယ်တီကို ပြည့်စုံနိုင်က ကန်သွင်းခဲ့၍ မြန်မာအသင်း ပထမချေပဂိုးရခဲ့သည်။ မြန်မာအသင်း ချေပဂိုးရပြီး နောက်ပိုင်းတွင် တိုက်စစ် ပိုမြင့်လာပြီး ၆၅ မိနစ်တွင် မြတ်ကောင်းခန့်က ဒုတိယချေပဂိုး သွင်းယူခဲ့သည်။

ခြေစစ်ပွဲ ဒုတိယပွဲကို ဩဂုတ်၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

# ရခိုင်ပြည်နယ်တွင် လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်

**နေပြည်တော် ဩဂုတ် ၁၁**

ဩဂုတ် ၉ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးစီး၍ကျင်းပခဲ့သော ရခိုင်ပြည်နယ်လုံခြုံရေးဆောင်ရွက်ထားရှိမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မှုအရ ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်ဦးစီးသည့် အဖွဲ့တစ်ဖွဲ့သည် ဩဂုတ် ၁၁ ရက်တွင် ရခိုင်ပြည်နယ်သို့ ထွက်ခွာသွားပြီဖြစ်ကာ ပြည်နယ်အစိုးရအဖွဲ့နှင့် တွေ့ဆုံပေါင်းစည်းညှိနှိုင်းပြီး ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားမရရှိသေးသည့် မြို့ရွာများသို့ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားပေးစနစ်မှ လျှပ်စစ်ဓာတ်အား ဆက်သွယ်ဖြန့်ဖြူးနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းကနဦး စူးစမ်းတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း။

ထို့အပြင် ယင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနတို့၏ တင်ပြချက်အရ ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ချောမွေ့လျင်မြန်လွယ်ကူစွာ ဆောင်ရွက်နိုင်မည့် လမ်းပန်းဆက်သွယ်ရေးစနစ်ရရှိရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မေယုတောင်တန်းအား အရှေ့ဘက်နှင့် အနောက်ဘက်ဆက်သွယ်သည့် တောင်ကျော်လမ်း (၄) လမ်း ဖောက်လုပ်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ဩဂုတ် ၉ ရက်တွင် ကျင်းပခဲ့သည့် အစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်နှင့်အညီ လုံခြုံရေးနှင့်တည်ငြိမ်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရက ရသေ့တောင်မြို့နယ်အတွင်းရှိ လိုအပ်သည့်ဒေသများတွင် ညမထွက်ရအမိန့်ပုဒ်မ ၁၄၄ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ လုံခြုံရေးရဲတပ်ဖွဲ့ အင်အားကိုလည်း လက်ရှိအင်အားအပြင် ထပ်မံဖြည့်တင်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ တပ်မတော်တပ်ရင်းတပ်ဖွဲ့အင်အားများ ထပ်မံပို့ဆောင်ဖြည့်ဆည်းကာ လုံခြုံရေး၊ နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း။

မေယုတောင်တန်းပေါ်တွင် အစွန်းရောက်အကြမ်းဖက်သမားများ အခြေပြုခိုအောင်းမှု မပြုနိုင်ရန်အတွက် နယ်မြေရှင်းလင်းရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး မေယုတောင်တန်းပေါ်တွင် မိမိတပ်မတော်တပ်ရင်းတပ်ဖွဲ့ အခိုင်အမာစခန်းများတည်ဆောက်၍ လုံခြုံရေးအချိန်ပြည့်ဆောင်ရွက်နိုင်ရန်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

၄။ ဤသို့ဆောင်ရွက်လျက်ရှိသော်လည်း ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်း အစွန်းရောက်အကြမ်းဖက်များက အကြမ်းဖက်သတ်ဖြတ်မှုများ တိုးမြှင့်ဆောင်ရွက်လာခဲ့ရာ ဩဂုတ်လ ၉ ရက်နေ့အထိ သေဆုံးသူ ၅၉ ဦး၊ ပျောက်ဆုံးနေသူ ၃၃ ဦးအထိရှိလာခဲ့ပါသည်။ မောင်တောခရိုင်အတွင်း အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများ၊ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သူများ၊ သတင်းမီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့သူများ အပါအဝင် အစ္စလာမ်ဘာသာဝင်အများအပြားကို သတ်ဖြတ်ခဲ့ပြီး ယခုနောက်ဆုံး မြိုတိုင်းရင်းသားခုနစ်ဦးကို သတ်ဖြတ်လာခဲ့ပါသည်။ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်တွင်လည်းကောင်း၊ ဒေသတည်ငြိမ်ရေးအတွက်လည်းကောင်း နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ မပြုနိုင်စေရန် သတ်ဖြတ်ခြိမ်းခြောက်နေခြင်းဟု ယူဆရပါသည်။ ဤရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်မှုကို ပြင်းထန်စွာရှုတ်ချပါသည်။

၅။ နိုင်ငံတော်အစိုးရအနေဖြင့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သတိထား၍ ဆောင်ရွက်နေသည်ကို အခွင့်ကောင်းယူကာ ဤသို့ အကြမ်းဖက်လုပ်ရပ်များ တိုးမြှင့်ဆောင်ရွက်လာခြင်းကို ဥပဒေနှင့်အညီ ထိထိရောက်ရောက် နှိမ်နင်းသွားမည်ဖြစ်ပါသည်။ အပြစ်မဲ့အရပ်သား ပြည်သူများကို အကာအကွယ်ပေးနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သလို အစွန်းရောက်အကြမ်းဖက်များ၊ အစွန်းရောက် အားပေးကူညီသူများ အားလုံးကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်းတိုးမြင့်လာသည့် အကြမ်းဖက်မှုဖြစ်စဉ်များ ရပ်တန့်ချုပ်ငြိမ်းရေးနှင့် လုံခြုံတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်တပ်ရင်းတပ်ဖွဲ့များနှင့်အတူ ပူးပေါင်း၍ နယ်မြေရှင်းလင်းရေးဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့်ဒေသများတွင် ညမထွက်ရအမိန့် ပုဒ်မ ၁၄၄ ထုတ်ပြန်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ သို့ပါ၍ တိုင်းရင်းသားပြည်သူများ၊ နိုင်ငံရေးပါတီများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့က အစွန်းရောက်အကြမ်းဖက်ဆန့်ကျင်ခြင်းဖြင့် ထောက်ခံမှုပြသကြပါရန် တိုက်တွန်းအပ်ပါသည်။

# ငြိမ်းချမ်းရေးကော်မရှင်နှင့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ သဘောတူညီမှုများရရှိဆွေးနွေးရန် ကျန်ရှိသည့်အချက်များအတွက် နှစ်ဖက်ခေါင်းဆောင်များ၏ အတည်ပြုချက်ရရှိပါက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးမည်

**ရန်ကုန် ဩဂုတ် ၁၁**

ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ(UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) တို့၏ ဆဋ္ဌမအကြိမ် တရားဝင်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ရန်ကုန်ရုံး၌ ဆက်လက်ကျင်းပသည်။



ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့၏ ဆဋ္ဌမအကြိမ် တရားဝင်အစည်းအဝေး ဒုတိယနေ့ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံး၌ ဆက်လက်ကျင်းပစဉ်

ငြိမ်းချမ်းရေးကော်မရှင်နှင့် DPN တို့၏ ဆဋ္ဌမအကြိမ် အစည်းအဝေးတွင် ညီညွတ်သော တိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) ကအဆိုပြုတောင်းဆိုထားသည့် အချက်ရှစ်ချက်တွင် အချက်လေးချက်ကို အသေးစိတ်ဆွေးနွေးနိုင်ခဲ့ပြီး သဘောတူညီမှုများ ရရှိခဲ့ကြောင်း၊ ဆွေးနွေးရန် ကျန်ရှိသည့် အချက်များအတွက် နှစ်ဖက်ခေါင်းဆောင်များ၏ အတည်ပြုချက်ရရှိပါက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးမှုများအပြီးတွင် DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်နှင့် ငြိမ်းချမ်းရေး ကော်မရှင်အဖွဲ့ခေါင်းဆောင် ဒေါက်တာ တင်မျိုးဝင်းတို့က နိဂုံးချုပ်အမှာစကား ပြောကြားကြသည်။

ခူဦးရယ်က “ကျွန်တော်တို့ရဲ့ဆဋ္ဌမအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကတော့ အောင်မြင်မှုရလဒ်နဲ့ ရပ်နားမှာဖြစ်ပါတယ်။ ရလာတဲ့ရလဒ်တွေအပေါ်မှာလည်း ကျွန်တော်တို့ နှစ်ဖက်စလုံးက ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်းနဲ့ ကျွန်တော်တို့ နှစ်ဖက်ကြားမှာ နားလည်မှုကို ပြန်လည်တည်ဆောက်နိုင်တယ်လို့ ခံစားမိတဲ့အတွက် အများကြီး ဝမ်းသာပီတိဖြစ်မိပါကြောင်း ပြောကြားလိုပါတယ်။ မျှော်လင့်ချက်နဲ့အတူ ရာနှုန်းပြည့်မရသော်လည်း တစ်ဝက်ကျော်ကျော်ရတယ်လို့ ပြောရင်လည်း မမှားဘူးလို့ထင်ပါတယ်။ ကျွန်တော်တို့ အတူတကွ လုပ်ငန်းတွေအပေါ်မှာ ထဲထဲဝင်ဝင် တန်းတူရည်တူ ပါဝင်ပြီးတော့ အကောင်အထည်ဖော်နိုင်ဖို့အတွက် အများကြီး နီးစပ်လာပြီလို့ ကျွန်တော်ပြောချင်ပါတယ်။ ဒီအပေါ်မှာ တိုင်းသူပြည်သားတွေကလည်း ကျွန်တော်တို့ကို နားလည်ပေးဖို့ ပြောချင်တယ်။ လုပ်ဆောင်ရတဲ့ လုပ်ငန်းတွေက အဆင့်ဆင့်ရှိပါတယ်။ သူ့အဆင့်နဲ့သူ ကျွန်တော်တို့ ဆွေးနွေးညှိနှိုင်း အဖြေရှာပြီးတော့ ဆုံးဖြတ်ရတဲ့ ကိစ္စကြောင့်ဖြစ်ပါတယ်ဆိုတာကိုတော့ ကျွန်တော်အသိပေးလိုပါတယ်”ဟုပြောသည်။

ငြိမ်းချမ်းရေးကော်မရှင်နှင့် DPN တို့၏ နှစ်ဖက်ဆွေးနွေးမှုသည် ရလဒ်ကောင်းများရရှိခဲ့ပြီး ဆွေးနွေးရန်ကျန်နေသည့် အချက်လေးချက်သည် နှစ်ဖက်ခေါင်းဆောင်များထံမှ အတည်ပြုမှုများရရှိရန် ချန်လှပ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ အစည်းအဝေးမှ သိရသည်။

ဒေါက်တာတင်မျိုးဝင်းက “ဒီနေ့ခြောက်ကြိမ်မြောက် အစည်းအဝေးဟာ တော်တော်လေးကို ရှေ့ရောက်အောင် ဆွေးနွေးနိုင်တယ်လို့ ကျွန်တော်မြင်ပါတယ်။ DPN အဖွဲ့ခေါင်းဆောင်ပြောသလိုပဲ မျှော်လင့်ချက်ကြီးစွာထားပြီး လာသလို ကျွန်တော်တို့လည်း ထပ်တူထပ်မျှပါပဲ။ အလွန်ကို မျှော်လင့်ခဲ့ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နှစ်ဖွဲ့တင်မကဘဲ ကျွန်တော်တို့ နောက်ကွယ်မှာ စောင့်ကြည့်အားပေးနေကြတဲ့ ပြည်သူလူထုတွေ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေ၊ သက်ဆိုင်ရာသက်ဆိုင်ရာအဖွဲ့အစည်းတွေ အားလုံးကလည်း အလွန်ကို အလေးထားပြီး စောင့်နေကြတာဖြစ်ပါတယ်။

ကျွန်တော်တို့အချက်တွေကို တစ်နှစ်သုံးလေးတပ်ထားပေမယ့် အဓိကအခက်ခဲဆုံးအပိုင်းဖြစ်တဲ့ ယုံကြည်မှုကို ကျွန်တော်တို့ ဘယ်လိုမျိုးနှစ်ဖက်ဆွေးနွေးပြီး ကျော်လွှားနိုင်မလဲ။ ကျော်လွှားနိုင်ပြီဖြစ်ပေမယ့်လည်း ကျွန်တော်တို့ နှစ်ဖက်စလုံး ပြန်တင်ပြရမှာတွေ ရှိပါတယ်။ ကျွန်တော်တို့ အမြန်ဆုံးတင်ပြပြီးရင် ပြန်လည်တွေ့ဆုံကြပြီးတော့ အနီးစပ်ဆုံးဖြစ်တဲ့ ငြိမ်းချမ်းရေးပန်းတိုင်ကို အတူတကွ သွားနိုင်ပါစေလို့ တောင်းဆုပြုပါတယ်”ဟု ပြောကြားသည်။

ငြိမ်းချမ်းရေးကော်မရှင် (PC)နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN)တို့၏ ဆဋ္ဌမအကြိမ် အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းခဲ့ပြီး နှစ်ဖက်ကိုယ်စားလှယ်များပူးတွဲ၍ သတင်းထုတ်ပြန်ချက် တစ်စောင် ထုတ်ပြန်ခဲ့သည်။

**ထုတ်ပြန်ချက်တွင်-**

၁။ ငြိမ်းချမ်းရေးကော်မရှင်နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့တို့၏ ဆဋ္ဌမအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနတွင် ဩဂုတ်လ ၁၀ ရက်နေ့နှင့် ၁၁ ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ အစည်းအဝေးတွင် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့၏ အဆိုပြုချက် (၈) ချက်အပေါ် ပွင့်ပွင့်လင်းလင်း၊ ရင်းရင်းနှီးနှီးဖြင့် ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ကြပါသည်။ ဆွေးနွေးချက် ရလဒ်များကို နှစ်ဦးနှစ်ဖက် သက်ဆိုင်ရာခေါင်းဆောင်များထံသို့ ပြန်လည်တင်ပြသွားမည် ဖြစ်ပါသည်။

၃။ ဆဋ္ဌမအကြိမ် တွေ့ဆုံဆွေးနွေးမှုတွင် နှစ်ဦးနှစ်ဖက် နားလည်မှုနှင့် ယုံကြည်မှုများ ပိုမိုခိုင်မာလာခဲ့ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အတူတကွ ပါဝင်လာနိုင်ရေး ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်ဟု ဖော်ပြပါရှိသည်။

ငြိမ်းချမ်းရေးကော်မရှင် နှင့် DPN တို့၏ သတ္တမအကြိမ် အစည်းအဝေးကို လာမည့် စက်တင်ဘာလ ဒုတိယပတ်ထက် နောက်မကျဘဲပြန်လည်ကျင်းပရန် စီစဉ်ထားသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# မူဆယ်မြို့၌ မူခင်းကျဆင်းရေးအတွက် ရှောင်တခင်စစ်ဆေးဆောင်ရွက်

**မူဆယ် ဩဂုတ် ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စုပေါင်းအင်အားဖြင့် မူဆယ်မြို့နှင့် ဆက်စပ်နယ်မြေများ မူခင်းကျဆင်းရေးနှင့် နယ်မြေအတွင်း မလိုလားအပ်သော ပြဿနာများ၊ ဒုစရိုက်များ မဖြစ်ပေါ်လာနိုင်ရေးအတွက် ကြိုတင်ကာကွယ်ဆောင်ရွက်မှုအနေဖြင့် ရှောင်တခင်ပိတ်ဆို့ဆောင်ရွက်ခြင်းများ ပါ ပြုလုပ်လျက်ရှိရာ ဩဂုတ် ၁၀ ရက် ညနေ ၆ နာရီခွဲမှစတင်ပြီး ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် အချက်အချာလမ်းဆုံများဖြစ်သည့် ဆေးရုံရှေ့လမ်းဆုံ၊ ရထိုက်လမ်းဆုံ၊ မင်္ဂလာမူဆယ်နှင့် အခြားအဝင်အထွက်များသည့် နေရာများတွင် ပိတ်ဆို့ရှာဖွေခြင်း ပြုလုပ်လျက်ရှိရာ မူဆယ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးညွန့် ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဇင်ကြီးကြပ်ကာ ခရိုင်လုံခြုံရေးတပ်ခွဲ၊ မူဆယ်မြို့မရဲစခန်း၊ ယာဉ်ထိန်းတပ်ဖွဲ့၊ နယ်ထိန်းတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရွှေမြားသုံးဘီးယာဉ် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ပါဝင်ဆောင်ရွက်ကြောင်း သိရသည်။

“ဒီလိုဆောင်ရွက်တာ သဘောကျပါတယ်၊ ကျွန်တော်တို့ မူဆယ်မြို့ဟာ နယ်စပ်မြို့ဖြစ်တဲ့အတွက် ဒုစရိုက်မှုများ အချိန်မရွေး ဖြစ်ပေါ်နိုင်ပြီး ဟိုနားဒီနားမှာ ကြားနေရတော့ အခုလိုဆောင်ရွက်တဲ့အတွက် ကျေးဇူးတင်ပါတယ်”ဟု ကောင်းမူးတံ့ရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောကြားသည်။

ထိုကဲ့သို့ ဆောင်ရွက်မှုများကို မူဆယ်မြို့တွင် တစ်ပတ်လျှင် လေးကြိမ်၊ ငါးကြိမ်ထက်မနည်း ပြည်သူလူထုနှင့်အတူ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်နေကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဇင်က ပြောသည်။

**သိန်းဇော်(ရွှေလီဦး)**

# ရာသီတုပ်ကွေးရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၅၃၅ ဦးအနက် H1N1 ပိုးတွေ့လူနာ ၂၀၄ ဦးရှိ၊ ယနေ့အထိ သေဆုံးသူ ၂၃ ဦးရှိ

**နေပြည်တော် ဩဂုတ် ၁၁**
ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm09 စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၀ ရက် မွန်းလွဲ ၂ နာရီမှ ယနေ့ မွန်းလွဲ ၂ နာရီအထိ သံသယလူနာ ၂၅ ဦးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာတွင် H1N1 ပိုးတွေ့လူနာ ၁၀ ဦးတွေ့ရှိခဲ့ကြောင်း၊ ဇူလိုင် ၂၁ ရက်မှ ယနေ့မွန်းလွဲ ၂ နာရီအထိ လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်း ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်း လူနာ ၅၃၅ ဦးအနက် H1N1 ပိုးတွေ့လူနာစုစုပေါင်း ၂၀၄ ဦးရှိခဲ့ပြီး တစ်နိုင်ငံလုံး၌ ယနေ့အထိ သေဆုံးသူစုစုပေါင်း ၂၃ ဦးရှိကြောင်း။

ယနေ့ မွန်းလွဲ ၂ နာရီအထိ အထူးကုဆေးရုံကြီး (ဝေဘာဂီ)တွင် H1N1 ပိုးတွေ့ အတွင်းလူနာ ငါးဦး၊ အခြားတိုင်းဒေသကြီး/ ပြည်နယ် ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့အတွင်းလူနာ ၅၃ ဦး စုစုပေါင်း ၅၈ ဦး ဆက်လက်ဆေးဝါးကုသမှုခံယူလျက်ရှိပြီး အများစုမှာ သက်သာလျက်ရှိကြောင်း၊ အထူးကုဆေးရုံကြီး (ဝေဘာဂီ) တွင်လည်း အတွင်းလူနာအရေအတွက် သိသိသာသာ လျော့နည်းလာသည်ကို တွေ့ရှိရပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်နေသူများတွင် H1N1 ပိုးတွေ့လူနာများသာမက ပိုးမတွေ့လူနာများအား လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါကုသရေးလမ်းညွှန်များအတိုင်း ထိရောက်သောကုသမှုများရရှိရန် အထူးအလေးပေးဆောင်ရွက်လျက်ရှိကြောင်း။

ခုခံကျကာလသားရောဂါ၊ ကျောက်ကပ်ရောဂါ၊ ပြင်းထန်အဆုတ်တီဘီရောဂါ၊ ဆီးချိုသွေးချိုစသည့် အခြားရောဂါအခံရှိသောသူများနှင့် ရာသီတုပ်ကွေးရောဂါ ပြင်းထန်စွာ ခံစားရနိုင်သော အသက်အရွယ်ကြီးသူများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်း ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးသွားရောက်၍ အချိန်မီထိရောက်စွာ ကုသမှုခံယူသင့်သည်ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်ချက်အရ သိရသည်။

**(သတင်းစဉ်)**

# H1N1 ဖြင့် ဆားလင်းကြီးမြို့နယ်မှ လူနာတစ်ဦး မန္တလေးဆေးရုံကြီးတွင် သေဆုံး

**မုံရွာ ဩဂုတ် ၁၁**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် မြေစွန်းကျေးလက်ကျန်းမာရေးဌာနခွဲ မြေစွန်းကျေးရွာနေ အသက် (၆၆ နှစ်) ရှိ ဦးသန်းသည် ဩဂုတ် ၈ရက် ည၇နာရီခွဲက မန္တလေးဆေးရုံကြီးတွင် သေဆုံးခဲ့ကြောင်း သိရသည်။ အဆိုပါလူနာသည် ဇူလိုင် ၂၅ ရက်က ဖျားခြင်း၊ ချောင်းဆိုးခြင်းဖြစ်ပွားကာ မန္တလေးတော်ဝင်ဆေးရုံမှတစ်ဆင့် ဩဂုတ် ၅ ရက်တွင် မန္တလေးဆေးရုံကြီး သို့ တက်ရောက်ခဲ့ရာ ဩဂုတ် ၈ ရက် ည ၇ နာရီခွဲ တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ရာသီတုပ်ကွေးရောဂါ H1N1 ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှလူနာ သေဆုံးရခြင်းဖြစ်ပေါ်လာမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနဦးစီးမှူး မုံရွာပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအေးငြိမ်းက "H1N1 တွေ့တဲ့ ဆားလင်းကြီးကလူနာဟာ သေဆုံးပြီးမှ ရောဂါဖြစ်နေတယ်ဆိုတာ သိရတာမျိုးရှိတဲ့အတွက် လူနာရဲ့အိမ်ကို စုံစမ်းမေးမြန်းပြီး လိုအပ်တဲ့ ကာကွယ်နှိမ်နင်းရေးတွေ လုပ်ရတဲ့အခါ အခက်အခဲ ဖြစ်တာတွေရှိပါတယ်။ အဲဒီပတ်ဝန်းကျင်က လူတွေကို ကူးစက်ပြန့်ပွားမှာ စိုးရိမ်တဲ့အတွက် မဖြစ်အောင် ရောဂါလက္ခဏာပြတယ်ဆိုရင် အမြန်ဆုံးဆေးရုံကို ပို့ပေးဖို့တွေကိုလည်း မှာကြားပညာပေးနေရပါတယ်။ သံသယလူနာတွေနဲ့ ပတ်သက်လို့ လက်ရှိအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တိုးလာနေတယ်လို့တွေ့ရပေမယ့် ပြည်သူတွေအနေနဲ့ အလွန် မစိုးရိမ်ကြပါနဲ့လို့ ပြောချင်ပါတယ်"ဟု ပြောကြားသည်။

ဆားလင်းကြီးမြို့နယ် မြေစွန်းကျေးလက်ကျန်းမာရေးဌာနအနေဖြင့် ကျေးရွာအတွင်း ကျန်းမာရေး အရှိန်တိုးမြှင့်ကာ ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကျေးရွာ၌ ဩဂုတ် ၆ ရက်မှ ၉ ရက်အထိ ဖျားနာသူငါးဦးရှိခဲ့ပြီး ဩဂုတ် ၁၀ရက် တွင် သေဆုံးသူတစ်ဦးရှိခဲ့ကာ ၎င်း၏အတူနေ မိသားစုဝင် ခြောက်ဦးနှင့် ပြုစုသူသုံးဦးကို ကျန်းမာရေး စစ်ဆေးမှုပြုလုပ်ခဲ့ရာ အားလုံးမှာ ကျန်းမာလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား လုပ်ကြံမှုနှင့်ပတ်သက်၍ ၁၉ ကြိမ်မြောက် ရုံးထုတ်

**ရန်ကုန် ဩဂုတ် ၁၁**
တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုနှင့်ပတ်သက်ပြီး သေနတ်သမား ကြည်လင်းနှင့်အတူ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့ကို ယနေ့နံနက် ၁၀ နာရီ က အင်းစိန်မြို့နယ် မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ ၁၉ ကြိမ်မြောက် ရုံးထုတ်လာကာ တရားလိုပြ မျက်မြင်သက်သေ ငါးဦးစစ်ဆေးခဲ့သည်။



ယင်းရာဇဝတ်ကြီး အမှုအမှတ် (၄၅/ ၂၀၁၇)လူသတ်မှုအား လိုပြသက်သေ ၈၀ ရှိသည့်အနက် ယနေ့ရုံးချိန်းထိ ၁၉ ဦး စစ်ဆေးမှု ပြုလုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တရားလွှတ်တော်ရှေ့နေ ရောဘတ်စန်းအောင်က ပြောကြားရာမှာ "ဦးကိုနီရဲ့ သမီးဒေါက်တာယဉ်နွယ်ခိုင်ပါ သက်သေခြောက်ဦး ဆင့်ခေါ်ထားပါတယ်။ တစ်ယောက်က မလာတဲ့အတွက် ငါးဦးကိုစစ်ပါတယ်။ သေနတ်သမားဘယ်သူလဲ၊ ကွက်ကွက်ကွင်းကွင်းပေါ်အောင် ပြောသွားနိုင်ခဲ့ပါတယ်။ တစ်ချိန်းကိုစစ်ဆေးချိန် ၁ နာရီ မိနစ် ၂၀ နှုန်းနဲ့ သွားနေရင်နှေးကွေးတယ်၊ စိတ်ဝင်စားတဲ့အမှုဖြစ်လို့ မြန်စေချင်တယ်၊ အမှုက ခြောက်လကျော်ခဲ့ပြီ၊ ကြာနေရင်သက်သေမှတ်ဉာဏ်အားလျော့သွားမှာလည်းစိုးတယ်၊ ဒါကြောင့် တစ်ချိန်းမှာ ၁၀ ဦးလောက်စစ်ဖို့ ကျင့်ထုံးဥပဒေ ၄၉၃ အရ တင်ပြခွင့်ရှိလို့ တင်ပြခဲ့ပါတယ်"ဟု ပြောသည်။

တရားလွှတ်တော်ရှေ့နေ ဦးအောင်ခိုင်က "အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့ရဲ့ အကျိုးဆောင်ပါ၊ ကျွန်တော့်အမှုသည်နဲ့ ဘယ်လိုပတ်သက်လဲဆိုတဲ့ထွက်ချက်တွေမပါသေးဘူး၊ ရုံးချိန်းတိုင်းမန္တလေးကလာရတော့ မြန်စေချင်တာအမှန်ပဲ၊ အငြင်းပွားစရာလဲမရှိပါဘူး၊ ရဲမှာလည်းသက်သေထွက်ချက်တွေရှိနေတော့ ပေါ့ပေါ့ပါးပါးသက်သေကို နောက်တစ်ချိန်းမှာ အရင်ခေါ်မယ်လို့ သိရတယ်၊ ထိထိမိမိ သက်သေတွေတော့ရှိပါသေးတယ်"ဟု ပြောသည်။

မြောက်ပိုင်းခရိုင် ဒုတိယခရိုင်တရားသူကြီး သတင်းနှင့် ပြန်ကြားရေး တာဝန်ခံအရာရှိ ဦးရဲလွင်က မီဒီယာများအား ရှင်းလင်းပြောကြားရာတွင် "ဒီကနေ့ အထူးတရားခုံရုံးက တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား လုပ်ကြံမှုနဲ့ ပတ်သက်ကာ ကြည်လင်း (ခ) ဖိုးထူး ပါလေးဦးနဲ့ပတ်သက်ပြီး သက်သေငါးဦးကို စစ်ဆေးပါတယ်၊ နောက်တစ်ပတ်ရုံးချိန်းကို ဩဂုတ် ၁၈ ရက် သောကြာနေ့ကို အထူးခုံရုံးက ချိန်းဆိုလိုက်ပါတယ်။"ဟု ရှင်းလင်းပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဆင်သတ်ဖြတ်သူများ ဆက်လက်ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၁**
သစ်တောဦးစီးဌာနသည် တောရိုင်းတိရစ္ဆာန်များအား တရားမဝင် ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ၎င်းတို့၏ အစိတ်အပိုင်းများအား လက်ဝယ်ထားရှိခြင်း၊ သယ်ယူခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းများအား ထိရောက်စွာ အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ငပုတောမြို့နယ် မြစ်တစ်ရာကြိုးဝိုင်းအတွင်း မြှားဒဏ်ရာများဖြင့် သေဆုံးခဲ့သည့် တောဆင်ရိုင်းနှစ်ကောင်နှင့်ပတ်သက်၍ သစ်တောဦးစီးဌာန၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့၊ နယ်မြေခံရဲတပ်ဖွဲ့၊ ကျေးရွာအဖွဲ့များနှင့် ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်သောအဖွဲ့မှ ငပုတောမြို့နယ်နှင့် ပုသိမ်မြို့နယ်များအတွင်း ဩဂုတ် ၇ ရက်က ဆက်လက်ရှာဖွေစုံစမ်းဆောင်ရွက်ခဲ့ရာ ဆင်မကြိုးဝိုင်း အကွက်အမှတ်(၈၇) ဒေသအခေါ် ကညင်တောင်တွင် စောဆေးဝေး၊ ဆင်မကြိုးဝိုင်း အကွက်အမှတ်(၈၄) ဒေသအခေါ် မောတကူးတွင် ချစ်မင်းပိုင်နှင့် အောင်အောင်တို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ဩဂုတ် ၈ ရက် နံနက် ၇ နာရီခွဲတွင် မြစ်တစ်ရာကြိုးဝိုင်း အကွက်အမှတ် (၂၁၀) ဒေသအခေါ် စက်ရုံချောင်တွင် လူမနေသည့် တဲအိမ်အထဲမှ အရှည်နှစ်တောင်ခန့်၊ ကိုင်းတစ်တောင်ခန့် ခလုတ်ပါသားရေကြိုးသုံးခေါက်တပ်၊ ဒူးလေးတစ်လက်နှင့်၎င်းဒူးလေးနှင့်ပုံစံတူသားရေကြိုးမပါဒူးလေးနှစ်လက်၊ မြှားဖြူ(၁၁)ချောင်း၊ စဉ်းမမြှားခြောက်ချောင်းကိုလည်းကောင်း၊ မြစ်တစ်ရာကြိုးဝိုင်း အကွက်အမှတ်(၂၁၄)ရှိ ဦးမျိုးမင်းထွန်း နေအိမ်တွင် ဒူးလေးတစ်လက်တွေ့ရှိ၍ သိမ်းဆည်းခဲ့ပြီး မသင်္ကာတရားခံအဖြစ် လည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် မယ်ဇလီကြိုးဝိုင်း အကွက်အမှတ်(၉၃) သာကျော်ကွင်းရွာ၏ တောင်ဘက်ဒေသအခေါ် ကျောက်ဖျာတောင်ကုန်းရှိအောင်နိုင်၏ လူနေအိမ်တဲနှင့် စိုက်ခင်းစောင့်တဲအားဝင်ရောက်ရှာဖွေရာ အောင်နိုင်၏ နေအိမ်မှ အရှည်နှစ်တောင်၊ ကိုင်းတစ်တောင်ရှိ သားရေကြိုးလေးပင်တပ် ဒူးလေးနှစ်လက်၊ ဝါးတံအဆိပ်လူးမြှားလေးချောင်း၊ သံခေါင်းတပ် စဉ်းမမြှားနှစ်ချောင်း၊ ဝါးဖြင့်ပြုလုပ်ထားသော ရိုးရိုးမြှား ၁၆ ချောင်း၊ တူမီးသေနတ်ပြုလုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ၊ ယမ်းစိမ်းတစ်ဝက်ခန့်ရှိ ဘူးတစ်ဘူး၊ တရုတ်ပြောက်အိုးတစ်လုံးတို့ကို သိမ်းဆည်းခဲ့ပြီး မသင်္ကာတရားခံအဖြစ်လည်းကောင်း ဖမ်းဆီးရမိခဲ့ကာ ဆင်သတ်သူနှစ်ဦးအား ငပုတောမြို့နယ်၌ ရဲစခန်း၌ အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဓာတ်ခွဲစစ်ဆေးချက်အရ ကျောက်ကြီးမြို့နယ်မှ လူနာတစ်ဦး H1N1 ရောဂါဖြင့် သေဆုံးခဲ့ကြောင်းသိရ

**ကျောက်ကြီး ဩဂုတ် ၁၁**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် အင်းနက်ကျေးရွာအုပ်စု နန်ရွှေပင်ကျေးရွာရှိ အမျိုးသားလူနာတစ်ဦး တောင်ငူဆေးရုံ၌ သေဆုံးခဲ့ရာ ဩဂုတ် ၁၁ ရက် နံနက် ၈ နာရီက ရန်ကုန်ဓာတ်ခွဲခန်း၏ ဆေးစစ်ချက်အဖြေအရ H1N1 ရောဂါဖြင့် သေဆုံးကြောင်းသိရသည်။

အဆိုပါရောဂါဖြင့်သေဆုံးသူသည် အသက်(၄၈နှစ်)အရွယ် အမျိုးသားတစ်ဦးဖြစ်ပြီး ဩဂုတ် ၇ ရက် နံနက် ၁ နာရီခွဲက ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှုခံယူရာ အသက်ရှူကျပ်နေသဖြင့် တောင်ငူဆေးရုံသို့ နံနက် ၁၁ နာရီခွဲက လွှဲပြောင်းပေးခဲ့ပြီး တောင်ငူဆေးရုံ၌ ည ၈ နာရီတွင် သေဆုံးသွားခဲ့သဖြင့် ဩဂုတ် ၁၁ ရက်တွင် ရန်ကုန်ဓာတ်ခွဲခန်းမှ ပို့ဆောင်ဆေးစစ်ချက်အဖြေအား သိရှိခဲ့ရပြီး စစ်ဆေးချက်တွင် H1N1 ရောဂါဖြင့်သေဆုံးသွားခဲ့ကြောင်း အတည်ပြုခဲ့သည်။ ဖြစ်စဉ်ကြောင့် အဆိုပါကျေးရွာရှိ သေဆုံးသူနေအိမ်သို့ သွားရောက်၍ ပတ်ဝန်းကျင် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် အသိပညာပေးဆောင်ရွက်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ဆောင်ရွက်ခဲ့ပြီး အဆိုပါကျေးရွာ တွင်လူနေ အိမ်ခြေ ၈၀၊ အိမ်ထောင်စု ၈၅ စု၊ လူဦးရေ ၄၂၈ ဦးရှိကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# ပျက်ကျ Y-8 လေယာဉ်၏ ကိုယ်ထည်အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၁၁**
ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိသေးသည့် လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေတွေ့ရှိစေရေး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံ ငါးဖမ်းစက်လှေများပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ လေယာဉ်အမြီးပိုင်း ရှာဖွေတွေ့ရှိခဲ့သည့် နေရာအနီးတစ်ဝိုက်၌ ဒေသခံငါးဖမ်းစက်လှေနှစ်စီးက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေရာ ယနေ့တွင် လေယာဉ်ကိုယ်ထည်အစိတ်အပိုင်းများအား ထပ်မံရှာဖွေဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြစ်ရေကြီးခြင်း သတိပေးချက်

**နေပြည်တော် ဩဂုတ် ၁၁**
ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေ သည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ရွှေကူမြို့နယ်နှင့်ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ဟိုင်းကြီးကျွန်းမြို့နယ်၌ ဝေလငါးဟုယူဆရသော ငါးအသေတစ်ကောင်တွေ့ရှိ

**ဟိုင်းကြီးကျွန်း ဩဂုတ် ၁၁**
ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာ ပင်လယ်ကမ်းခြေတွင် ဩဂုတ် ၁၁ ရက် နံနက် ၈ နာရီက ဝေလငါးဟုယူဆရသော ငါးကြီး (ဒေသအခေါ်)ဂန်းမ အသေတစ်ကောင်ကို ဒေသခံများက တွေ့ရှိခဲ့ကြောင်း သိရသည်။

ငါးကြီး၏ ဦးခေါင်းမှ အမြီးပိုင်းအထိအရှည်မှာ ပေ ၃၀ ခန့်ရှိကြောင်းနှင့် ၎င်းနေရာသို့ဌာနဆိုင်ရာ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးနေကြောင်း သိရှိသည်။

**ကျော်သူဟိန်း (ဟိုင်းကြီးကျွန်း)**



## စမ်းချောင်းမြို့နယ်ရှိ G & G စတိုးဆိုင်အတွင်း ဝင်ရောက်လုယက်သူများအား နာရီပိုင်းအတွင်းဖမ်းဆီးရမိ

**ရန်ကုန် ဩဂုတ် ၁၁**

စမ်းချောင်းမြို့နယ် စမ်းချောင်း(မြောက်)ရပ်ကွက် စမ်းချောင်းလမ်းတွင် ဖွင့်လှစ်ထားသော G & G စတိုးဆိုင်တွင် ဩဂုတ် ၁၁ ရက် နံနက် ၂ နာရီ မိနစ် ၄၀ ခန့်က လုယက်မှုဖြစ်ပွားခဲ့ရာ ပြစ်မှုကျူးလွန်သူများအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ G & G စတိုးဆိုင်အရောင်းဝန်ထမ်းဖြစ်သူ မောင်----သည် အခြားအရောင်းဝန်ထမ်း အမျိုးသားနှင့်အတူ ဈေးရောင်းနေစဉ် Mask အနက်ရောင်များ တပ်ဆင်ထားသော လူငယ်လေးဦး ဆိုင်အတွင်းသို့ ဝင်ရောက်လာပြီး သုံးဦးက အရောင်းဝန်ထမ်းနှစ်ဦးအား ဓားဖြင့်ထောက်ကာ ကျန်တစ်ဦးက ဆိုင်ကောင်တာ အံဆွဲအတွင်းရှိ ဈေးရောင်းရ ငွေကျပ် ၄၀၀၀၀၀ ခန့်နှင့် အရောင်းဝန်ထမ်းနှစ်ဦးထံမှ ရွှေလက်စွပ်တစ်ကွင်း၊ Oppo Neo-7 လက်ကိုင်ဖုန်း၊ Mi 4-X လက်ကိုင်ဖုန်းနှင့် ဖုန်းငွေဖြည့်ကတ်မျိုးစုံ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၅၄၀၀၀ တို့အားလုယက်ကာ ဆိုင်ရှေ့တွင်အသင့်ရပ်ထားသော BB---- Probox အငှားယာဉ်ပေါ်သို့ တက်ကာ ထွက်ပြေးသွားကြောင်း တိုင်တန်းချက်အရ စမ်းချောင်းမြို့မရဲစခန်းက အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

အမှုမှပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှတပ်ဖွဲ့ဝင်များနှင့် စမ်းချောင်းမြို့မရဲစခန်းမှတပ်ဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့က စုံစမ်းစစ်ဆေးခဲ့ရာ မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်နေ စည်သူလွင် (၁၈ နှစ်)အား ၎င်းတို့အသုံးပြုခဲ့သည့် မော်တော်ယာဉ်နှင့်အတူ နေအိမ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ စည်သူလွင်အား ဆက်လက်စစ်ဆေးရာ ပြစ်မှုကျူးလွန်ရာတွင် ၎င်းနှင့်အတူ မရမ်းကုန်းမြို့နယ်နေ အာယုကျော် (၂၃နှစ်)၊ ဖိုးလပြည့်(ခ) အောင်ပြည့်မြတ် (၁၉ နှစ်)နှင့် ကျော်ထူး(ခ)လုမျိုးနိုင် (၁၈ နှစ်)တို့ပါဝင်ကြောင်း ပေါ်ပေါက်သဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ နံနက် ၁၁ နာရီခွဲတွင် ၎င်းတို့ နေထိုင်ရာ နေအိမ်အသီးသီးမှ ဖမ်းဆီးရမိခဲ့ပြီး သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

## သံတွဲမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၂ ပြားနှင့် ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိ

**စစ်တွေ ဩဂုတ် ၁၁**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် အမှတ်(၇)ရပ်ကွက်တွင် ဩဂုတ် ၉ ရက် ည ၇ နာရီခွဲက သံတွဲမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်ဇင်နိုင် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ အမှတ်(၇)ရပ်ကွက် သစ်ထုတ်လုပ်ရေးလမ်းတွင်နေထိုင်သူ မသီရိမွန်(၂၈ နှစ်)ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ပြား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့နောက် မသီရိမွန်အား ဆက်လက်စစ်ဆေးရာ တစ်လမ်းတည်းနေ ဦးမြင့်ဌေး၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၆ ပြားနှင့် ငွေကျပ် ၃၂၁၅၀၀ ခန့်ကို ဆက်လက်သိမ်းဆည်းရမိခဲ့သည်။ ၎င်းတို့နှစ်ဦးထံမှ စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၅၀၂ ပြား ကာလတန်ဖိုးငွေကျပ် ၁၅၀၆၀၀၀ တို့အား ဆက်စပ်ပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို သံတွဲမြို့မရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## နွား ၁၄ ကောင် တရားမဝင်သယ်ဆောင်လာသူများဖမ်းဆီးရမိ

**မြောက်ဦး ဩဂုတ် ၁၁**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်၌ ဩဂုတ် ၉ ရက် ည ၁၀ နာရီခွဲက တရားမဝင်သယ်ဆောင်လာသော နွား ၁၄ ကောင်နှင့် သယ်ဆောင်လာသူများကို ဖမ်းမိရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်တော်ဘက်မှ မြောက်ဦးဘက်သို့ ယာဉ်မောင်း ဦးမောင်ဘိုတင်လှိုင် (၃၁ နှစ်) မောင်းနှင်လာသည့် သုံးဘီးယာဉ်အမှတ် ၉ဟ/---- ဖြင့် တင်ဆောင်လာသည့် နွားနှစ်ကောင်၊ ယာဉ်မောင်း ဦးထွန်းလှ (၃၆ နှစ် ) မောင်းနှင်လာသည့် သုံးဘီးယာဉ်ပေါ်မှ နွားနှစ်ကောင်တို့မှာ အထောက်အထားမဲ့သယ်ဆောင်လာကြောင်း စိစစ်တွေ့ရှိရသည်။

ဆက်လက်ပြီး နွားများစတင်သယ်ဆောင်လာသည့် ကျောက်တော်မြို့နယ် မင်းသားတောင်ကျေးရွာ ကွင်းအမှတ် (၇၇၇- A) ရှိ ဦးအေးဘ၏ တဲအတွင်းသို့ ဝင်ရောက်ရှာဖွေရာ ဦးအေးဘမှာ ထွက်ပြေးသွားခဲ့ပြီး တဲအတွင်းမှ နွား ၁၀ ကောင်နှင့် Wave- 125 ဆိုင်ကယ်တစ်စီး သိမ်းဆည်းရမိပြီး တရားမဝင်သယ်ဆောင်လာသော စုစုပေါင်း နွား ၁၄ ကောင်၊ သုံးဘီးယာဉ်နှစ်စီးနှင့် ဆိုင်ကယ်တစ်စီး ဖမ်းဆီးရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ဘုရားသုံးဆူမြို့တွင် တရားမဝင် ဝင်ရောက်လာသူများအား ဖမ်းဆီးရမိ

**ဘုရားသုံးဆူ ဩဂုတ် ၁၁**

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့တွင် ဩဂုတ် ၁၀ ရက်က ပူးပေါင်းအဖွဲ့ဖြင့် ရှာဖွေစစ်ဆေးခြင်းများဆောင်ရွက်စဉ် ကိုယ်ပိုင်ယာဉ်တစ်စီးဖြင့် တင်ဆောင်လာသော တရားမဝင် ဝင်ရောက်လာသူလေးဦးအား စစ်ဆေးတွေ့ရှိခဲ့ရကြောင်း သိရသည်။

"ကျွန်တော်တို့ ဘုရားသုံးဆူ အမှတ်(၃)ရပ်ကွက် မြို့ဝင်/ထွက်ဂိတ်မှာ ဩဂုတ် ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲက ဘုရားသုံးဆူနယ်မြေရဲစခန်းမှူးနဲ့အဖွဲ့၊ ဒုလဝကမှူး ကြည်လှိုင်ဌေးနဲ့အဖွဲ့၊ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့ပါဝင်တဲ့ ပူးပေါင်းအဖွဲ့တွေနဲ့ မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်းနဲ့ တရားမဝင်ခိုးဝင်လာသူတွေဝင်ရောက်မှု မရှိစေရေးအတွက် ယာဉ်များကိုစစ်ဆေးရာမှာ ယာဉ်မောင်း စိုးသန်း မောင်းနှင်လာတဲ့ 2K/ --- ယာဉ်ပေါ်က တစ်ဖက်နိုင်ငံက တရားမဝင် ဝင်ရောက်လာသူတွေဖြစ်တဲ့ မောင်ခါလာ(၃၀ နှစ်)၊ မောင်ဖာရုမာ (၂၁ နှစ်)၊ အောစ်မီတာ (၂၅ နှစ်)၊ မိုဟာမက်ယူနွတ် (၃ နှစ်)အရွယ် ကလေးငယ်တစ်ဦး အပါအဝင် စုစုပေါင်းလေးဦးကို ရှာဖွေစစ်ဆေးတွေ့ရှိခဲ့ပါတယ်"ဟု ဖမ်းဆီးရေးအဖွဲ့တွင် ပါဝင်သည့် ရဲအရာရှိက ပြောကြားသည်။

အဆိုပါဖမ်းဆီးရမိသူ လေးဦးကို ဘုရားသုံးဆူ လဝကရုံး၌ စစ်ဆေးနေကြောင်း၊ အဆိုပါဌာနက ကြာအင်းဆိပ်ကြီးမြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ပြီး အရေးယူသွားမည်ဖြစ်ကြောင်း ဘုရားသုံးဆူရဲစခန်းမှ တာဝန်ရှိသူထံမှ သိရသည်။



**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

## ယင်းမာပင်မြို့နယ်၌ တရားမဝင် ပိတောက်ခွဲသား သုံးတန်ကျော်၊ ပြစ်မှုကျူးလွန်သူတစ်ဦးနှင့် ခြောက်ဘီးယာဉ်တစ်စီး ဖမ်းဆီးရမိ

**ယင်းမာပင် ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် ယင်းမာပင်မြို့နယ် သစ်တောဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် တမာပင်ဂွကျေးရွာအနီးတွင် ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီက စောင့်ဆိုင်းနေစဉ် ပုလဲမြို့နယ် ရွာနောင်ကျေးရွာဘက်မှ ယင်းမာပင်မြို့နယ် လည်ငေါက်ကျေးရွာဘက်သို့ မောင်းနှင်လာသော SHE 4E/---- ခြောက်ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်း မောင်ဟိုင်းလုံ (၂၂ နှစ်) တောသာကျေးရွာ ပုလဲမြို့နယ်နေသူမှာ ထွက်ပြေးသွားပြီး ယာဉ်ပေါ်ပါလာသူ မောင်သန့်ဇင် (၂၄နှစ်) မရိုးတုံးကျေးရွာ ပုလဲမြို့နယ်နေသူအား တရားမဝင် ပိတောက်ခွဲသား ၂၉ ချောင်း(၃ ဒသမ ၄၂၆ တန်)၊ ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသောပိတောက်ခွဲသား ၂၉ ချောင်း(၃ ဒသမ ၄၂၆ တန်)အား ယင်းမာပင်မြို့နယ် သစ်တောဦးစီးဌာန၌ ထိန်းသိမ်းထားရှိပြီး မောင်သန့်ဇင်အား ယင်းမာပင်မြို့မရဲစခန်းက အမှုဖွင့်ဖမ်းဆီးထိန်းသိမ်းထားပြီး ထွက်ပြေးသွားသူ မောင်ဟိုင်းလုံအား ဖမ်းဆီးရမိရေးဆောင်ရွက်နေကြောင်း တာဝန်ရှိသူထံမှ သိရသည်။ **ထွန်းကိုကို(ယင်းမာပင်)**

## လှိုင်မြို့နယ်တွင် လူတစ်ဦး သုံးလွှာတိုက်ခန်းပေါ်မှ ပြုတ်ကျမှုဖြစ်ပွား

**ရန်ကုန် ဩဂုတ် ၁၁**

လှိုင်မြို့နယ် (၆)ရပ်ကွက် ၅၁ လမ်းရှိ လူတစ်ဦး သုံးလွှာတိုက်ခန်းပေါ်မှပြုတ်ကျကြောင်း သတင်းအရ ဩဂုတ် ၁၀ ရက် ည ၁၁ နာရီခန့်တွင် လှိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ တိုက်ပေါ်မှပြုတ်ကျသူမှာနယ်မှ ဈေးလာရောင်းသူ သဲစုဝေ(ခ)မသဲသဲမောင် (၂၇နှစ် )ဖြစ်ကြောင်း သိရသည်။

၎င်းသည် ယောကျ်ားစိတ်ပေါက်နေသူဖြစ်ပြီး အရက်အနည်းငယ်သောက်စားထားက ပြတင်းပေါက်ပေါင်ပေါ်တွင်ထိုင်ပြီး သီချင်းနားထောင်နေစဉ် ဟန်ချက်ပျက်ကာ ပြုတ်ကျခဲ့ခြင်းဖြစ်ပြီး ဝဲဘက်နံရိုးသုံးချောင်းကျိုးသွားခဲ့သဖြင့် ၎င်းအား ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်၍ အရေးပေါ်ကုသမှုခံယူကာ အတွင်းလူနာ(မစိုးရိမ်ရ) အဖြစ် ဆက်လက်ဆေးကုသမှုခံယူလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

**(မြန်မာ့အလင်း)**


### ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ် မုတ္တမမြို့ ဆင်ဖြူရပ်အထက တက္ကသိုလ်ဝင်တန်း(ဘီ)မှ မခင်သန်းမြင့်၏ ဖခင်အမည်မှန်မှာ ဦးဖားကလတ် ၁၀/ဘလန(နိုင်)၁၄၆၄၅၃ ဖြစ်ပါကြောင်း။

**ဦးဖားကလတ်**

### ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အထကသုံးဆယ်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မပြည့်ပြည့်ဖြိုးနှင့် ချမ်းသာကုန်းအုပ်စု အမက(လွန်) သရက်ဖြူကန်ကျောင်း ပဥ္စမတန်းမှ မသက်မွန်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးကိုဌေး ၇/သဝတ(နိုင်)၀၆၇၈၆၆ ဖြစ်ပါကြောင်း။

**ဦးကိုဌေး**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/4817 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၆၅၀၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/6435 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃-ရန်ပြေ)၊ မြေကွက်အမှတ် (၃၅/က)၊ မြေကွက်တည်နေရာ၊ အမှတ် (၃၅/က)၊ သုမနလမ်း၊ ၃-ရန်ပြေ၊ သာကေတမြို့နယ်၊ ဦးကျော်သူ (TKA-၀၃၉၄၃၁)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်သူ (ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်လဲ့လဲ့စိုး (၁၂/လမန(နိုင်)၁၁၀၂၇၂)မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး၏ (၂၆-၄-၂၀၁၇)ရက်စွဲပါ ကျမ်းကျိန်အမှတ်စဉ် (၅၈၂၅/၂၀၁၇)၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ကွင်းဆင်းစစ်ဆေးရာတွင် (၂)ထပ်အုတ်ညှပ်အဆောက်အဦးရှိပြီး ကိုယ်တိုင်နေထိုင်သဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AA/6306 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈-A)၊ မြေကွက်အမှတ် (၈၄)၊ မြေကွက်တည်နေရာ၊ အမှတ် (၁၃)၊ ကုံကော်လမ်း၊ ဝေဠုဝန်မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ဦးသာရင် (၁၂/စခန(နိုင်)၀၃၅၁၀၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသာရင် (၁၉-၂-၂၀၁၇) ရက်နေ့တွင် ကွယ်လွန်သဖြင့် ဒေါ်စစ်အေး (၁၂/စခန(နိုင်)၀၃၆၅၀၉)မှ တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း (၁၇-၇-၂၀၁၇)ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9D/9731, Honda Fit GE6, S/W (4x2) R.H.D ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှသင်း ၁၂/သကတ(နိုင်)၀၆၂၇၂၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

### ဦးကောင်းမြတ်အောင် ၁၂/စခန(နိုင်)၀၀၃၀၅၃နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသန္တာဝင်း ၁၂/တမန(နိုင်)၁၀၇၄၄၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးကောင်းမြတ်အောင်တို့သည် ထွန်းတောက်ရောင်နီ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်ကို ဖွင့်လှစ်လုပ်ကိုင်ကြရာ ဦးကောင်းမြတ်အောင်သည် ကုမ္ပဏီစည်းကမ်းနှင့် အညီမလုပ်ဆောင်ခြင်း၊ ဒါရိုက်တာသဘောတူညီမှုမရှိဘဲ မိမိသဘောဆန္ဒတစ်ခုတည်းဖြင့် ကုမ္ပဏီအမည်ကိုအသုံးချကာ လုပ်ငန်းငွေကြေးများ အလွဲသုံးစားပြုလုပ်နေခြင်းများကို စိစစ်တွေ့ရှိရပြီး တိမ်းရှောင်ထွက်ပြေးနေကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

ထို့အပြင် ဦးကောင်းမြတ်အောင်သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသန္တာဝင်းထံ ယုံကြည်အောင် အမျိုးမျိုးပြောဆိုကာ ငွေယုံကြည်အပ်နှံစာချုပ်ဖြင့် ငွေကြေးများကို လက်ခံရယူသွားကာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် ကျွန်ုပ်၏မိတ်ဆွေက သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်အရေးယူ ဆောင်ရွက်နေပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရသိရှိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အစိုးရဌာနဆိုင်ရာများနှင့် ပတ်သက်ဆောက်လုပ်နေသည့် လုပ်ငန်းများပြီးစီး ပြီးပြတ်သည်အထိ တာဝန်ယူလုပ်ငန်းအပ်နှံသွားမည်ဖြစ်ပြီး ဦးကောင်းမြတ်အောင် လုပ်ဆောင်ခဲ့သောလုပ်ငန်းနှင့် ငွေကြေးကိစ္စများကို ကျွန်ုပ်၏မိတ်ဆွေက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ဦးကောင်းမြတ်အောင်နှင့်သာ ဖြေရှင်းဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းနိုင်အောင် (LL.B,C.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၃၆)**
**အခန်း(၅၀၂)၊ တိုက်(၃)၊ ရွှေထီးအိမ်ရာ၊ သမိုင်းဘူတာရုံလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်**
**ဖုန်း-၀၉-၅၁၂၅၆၀၂၊ ၀၉-၇၃၀၈၈၀၈၄**

### အမည်ပြောင်း

ဒေါပုံမြို့နယ် အမက(၆) တတိယတန်းမှ ဦးအောင်ဖိုးမိုး|၇/ပတတ(နိုင်)၀၂၃၅၅၆|၏ သမီးဖြစ်သူ မအေးသန္တာအောင်အား မထက်အိန္ဒြာဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

မထက်အိန္ဒြာဖြိုး

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/8630 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1D/1429, Toyota Mark II JZX110, S/L (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထွဋ် ၁၃/နဆန(နိုင်)၀၄၁၇၇၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊မြေကွက်အမှတ်(၉၀)၊မြေကွက်တည်နေရာအမှတ်(၉၀)အဓိပတိလမ်း၊(၃၇)ရပ်ကွက်၊ဒဂုံမြောက်မြို့နယ်၊ဦးသန်းဌေး(၁၂/တမန(နိုင်)၀၀၉၆၉၄)၊ဦးမြတ်စိုး(၁၂/တမန(နိုင်)၀၀၉၆၉၉)၊ဦးကိုကိုဌေး(၁၂/တမန(နိုင်)၀၆၉၄၁၅)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားဂရန်အမည်ပေါက်များထံမှ GPအမှတ်-၆၉၄/၈-၁-၁၄ဖြင့် အထွေထွေကိုယ်စားလှယ်ရရှိသူဒေါ်သန်းသန်းအေး(၁၄/ပသန(နိုင်)၀၄၆၈၅၇)မှပါဝါ၊ပါဝါပေးသူများသက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါမရုတ်သိမ်းသေးကြောင်းကျမ်းကျိန်လွှာ၊ဂရန်မူရင်းတင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားပါသည်။မြေစာရင်းမှတ်ချက်ရှိ(၂၅-၄-၁၆)ရက်နေ့တွင်လျှောက်ထားခဲ့ပြီးထုတ်ယူသွားခဲ့သောအရောင်းမြေပုံမှာခရီးသွားစဉ်ပျောက်ဆုံးသွားပါကြောင်းနှင့်ဖြစ်ပေါ်လာသောကိစ္စအားလုံးကိုတာဝန်ယူပါကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး၊ကျမ်းသစ္စာပေးသူအရာရှိရှေ့တွင်ပြုလုပ်ထားသည့် ကျမ်းကျိန်လွှာအမှတ်စဉ်-6-919/2017(16-6-17)တင်ပြလာပါသည်။ သို့ပါ၍ဦးသန်းဌေး+၂၏GPဒေါ်သန်းသန်းအေးမှအရောင်းမြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ဩဂုတ် ၁၁ ရက်က စင်ကာပူနိုင်ငံ၏ (၅၂)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ဇနီး ဒေါ်လှလှမူတို့အား မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua နှင့် ဇနီး Mrs.Hisayo Chua တို့က ကြိုဆိုနှုတ်ဆက်စဉ်

(သတင်းစဉ်)

## မိုးပိုနေမည်

**နေပြည်တော် ဩဂုတ် ၁၁**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုနေမည်။

(မိုး/ဇလ)

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- ဝက်စ်ဘရွန်းနည်းပြ တိုနီပူးလစ်သည် အသင်းနှင့် သက်တမ်းတိုးစာချုပ်တစ်ရပ်ချုပ်ဆိုလိုက်ပြီဟု ယင်းကလပ်ကအတည်ပြုလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် (၅၉ နှစ်) အရွယ်ရှိ ပူးလစ်သည် စာချုပ်သစ်ချုပ်ဆိုနိုင်မှုကြောင့် အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ ရာသီကုန်အထိ ရှိနေမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ နည်းပြ၏ စာချုပ်သည် လာမည့်နှစ်တွင် ကုန်ဆုံးတော့မည်ဖြစ်ကြောင်းလည်း သိရသည်။
- ရိုစ့်ဘာကလေကို ခေါ်ယူရန် စိတ်ဝင်စားနေသော အသင်းများအနေဖြင့် ၎င်းကိုခေါ်ယူလိုပါက ပေါင်သန်း ၃၀ ပေးချေရလိမ့်မည်ဖြစ်ကြောင်း အင်္ဂလန်လက်ရွေးစင်ကစားသမားကို တန်ဖိုးအနည်းငယ်ဖြင့်ခေါ်ယူရန် ပြင်ဆင်နေသော အသင်းများကို နည်းပြ ရော်နယ်ကိုးမန်းက သတိပေးလိုက်သည်။ အဆိုပါကစားသမားသည် အဲဗာတန်အသင်းနှင့်သက်တမ်းတိုးရန် ငြင်းဆန်ထားသော်လည်း ၎င်း၏ လက်ရှိစာချုပ်သက်တမ်းသည် တစ်နှစ်ကျန်ရှိနေသေးကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- အာဆင်နယ်မန်နေဂျာ အာစင်ဝင်းဂါးသည် ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာသော အလက်ဇန္ဒြား လာကာဇက်တီကို ဇလာတန်အီဗရာဟီမိုဗစ်၏ခြေရာကို နင်းနိုင်မည်ဟု ယုံကြည်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အီဗရာဟီမိုဗစ်သည် ပြီးခဲ့သောရာသီတွင် လီဂူးဝမ်းကလပ် ပီအက်စ်ဂျီအသင်းမှ မန်ယူအသင်းထံသို့ ရောက်ရှိလာကာ လိဂ်ဂိုး ၁၇ ဂိုး သွင်းယူပေးနိုင်ပြီး ပြိုင်ပွဲစုံ ၂၈ ဂိုးအထိ သွင်းယူပေးထားနိုင်ကြောင်း ဖော်ပြထားသည်။ အာစင်ဝင်းဂါးက လာကာဇက်တီကို ၂၀၁၆-၂၀၁၇ ရာသီတွင် ပြိုင်ပွဲစုံ ၃၇ ဂိုး သွင်းယူ ပေးထားနိုင်သကဲ့သို့ အလားတူရည်မှန်းချက်မျိုး ထားရှိသင့်ကြောင်း ပြောကြားလိုက်သည်။



## အလုံဈေးသစ်တည်ဆောက်မှုနှင့် နေရာပြန်လည်ပေးမည့်အပေါ် ဈေးသူဈေးသားများက ဆန္ဒထုတ်ဖော်

**ရန်ကုန် ဩဂုတ် ၁၁**

အနောက်ပိုင်းခရိုင် အလုံမြို့နယ် စောရန်ပိုင်(တောင်)ရပ်ကွက် သစ်တောလမ်းနှင့်ငုဝါလမ်းထောင့်ရှိ အလုံဈေးသစ်တည်ဆောက်ခြင်းနှင့် ဈေးဆိုင်ခန်းများ ပြန်လည်ပေးမည့်အပေါ် မကျေနပ်၍ ဈေးသူဈေးသား ၂၀၀ ခန့်က ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ မှ စတင်ပြီး အလုံမြို့နယ်အတွင်း လှည့်လည် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ဆန္ဒထုတ်ဖော်ခြင်းကို သက်ဆိုင်ရာမှ တရားဝင်ခွင့်ပြုချက်ရယူခဲ့ကြောင်း သိရပြီး ဦးဆောင်သူတစ်ဦးဖြစ်သည့် ဦးမျိုးမင်းသူက "ဈေးတည်ဆောက်မယ်ဆိုတုန်းက ဈေးသူဈေးသားတွေသိထားတာကလည်း နှစ်ထပ်ဈေးပဲ၊ ပြည်သူ့လွှတ်တော်ကိုတင်လို့ သိထားတာကလည်း နှစ်ထပ်ဈေးပဲ၊ ပြည်ထောင်စုလွှတ်တော်ဘတ်ဂျက်မှာလည်း နှစ်ထပ်ဈေးပဲ၊ အခုသုံးထပ်ဈေးဖြစ်နေတယ်၊ ပွင့်လင်းမြင်သာမှုလုံးဝမရှိဘူး၊ ဈေးသူဈေးသားတွေအပေါ်နားလှည့်ပါးရိုက်တဲ့သဘောမို့ပါ၊ မကျေနပ်လို့ပါ"ဟု ဆိုသည်။အစိုးရကို ဆန္ဒပြတာ မဟုတ်ဘူးဟုပြောသည်။

ဆိုင်ခန်းပိုင်ရှင် တစ်ဦးဖြစ်သည့် ဒေါ်ကုဋေထွန်းက "ဈေးမဖျက်ခင်တုန်းက ပြောတဲ့စကားက နှစ်ထပ်ဈေးပါ၊ မူလဆိုင်ခန်းတွေအတိုင်း မြေညီမှာပဲပြန်ပေးဖို့ ကတိပေးသွားကြတာပါ၊ အခုသုံးထပ်ဖြစ်ပြီး မူလဆိုင်ခန်းတွေကို အပေါ်ထပ်ပေးမယ်ဆိုလို့ မကျေနပ်တာပါ" ဟု ဆိုသည်။

ဈေးသူ ဈေးသားများအနေဖြင့် ဩဂုတ် ၄ ရက်တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်အချို့နှင့် ဈေးများဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ရာတွင် မူလက ပြောထားသည့်အတိုင်း မဟုတ်ဘဲ မူလနေရာ မူလအကျယ်အတိုင်း ပြန်မရနိုင်တော့သည့် အခြေအနေဖြစ်၍ ဆန္ဒထုတ်ဖော်ရခြင်းဖြစ်ကြောင်း သိရသည်။

အလုံနှစ်ထပ်ဈေးသစ်ကို ၂၀၁၅ ခုနှစ်တွင် ပြန်လည်တည်ဆောက်ပြီး ဆိုင်ခန်း ၂၀၃ ခန်းကို မြေညီထပ်တွင် နေရာချထားပေးကာ အပေါ်ထပ်တွင် ပျံကျဈေးသည်များအား နေရာချထားပေးခဲ့ပြီး ဖြစ်သည်။ ယခု ကျန် ၂၁၆ ခန်းကို ပြန်လည်ပေးရန်အတွက် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

အလုံဈေး ယာယီကော်မတီဝင် ဦးဆန်းဝင်းက "ဩဂုတ် ၄ ရက်က မြို့တော်စည်ပင်ရုံးမှာ တာဝန်ရှိသူတွေနဲ့ တွေ့တော့ ဈေးပုံစံက သုံးထပ်ဖြစ်နေတယ်။ နောက်ပြီး ပြီးခဲ့တဲ့နှစ်လောက်က ပြန်ဆောက်ပြီးတဲ့ အခုဈေးသစ်ကိုပါ ပြန်ဖြိုပြီးတော့ သုံးထပ်ဆောက်မယ်လို့ သိရတယ်။ မြို့တော်ဝန်ကလည်း ညှိနှိုင်းလို့ မရမချင်း ဆက်မဆောက်ပါနဲ့လို့ တားထားပြီးကိစ္စပါ"ဟုဆိုခဲ့သည်။

ဈေးများဌာနမှ တာဝန်ရှိသူတစ်ဦးက "ဌာနက တာဝန်ရှိလူကြီးတွေနဲ့ ဈေးသူဈေးသားတွေ လေးကြိမ်အထိ တွေ့ဆုံပြီးပါပြီ။ တစ်ဈေးလုံးအနေနဲ့ ၄၁၉ ခန်းရှိပါတယ်။ အခုဆောက်ပြီးတဲ့ ဈေးရုံသစ်မြေညီထပ်မှာ ၂၀၃ခန်းကို နေရာချထားပေးပြီးပါပြီ။ နောက်ဆောက်မယ့် ဈေးသစ်မှာ ၂၁၆ ခန်းပြန်ပေးရမှာပါ။လူကြီးတွေက အကောင်းဆုံးဖြစ်အောင် စီစဉ်သွားမှာပါ။ ကျွန်တော့်အနေနဲ့ လောလောဆယ်ပြောလို့မရသေးပါဘူး။ အခုညနေမှာဈေးပုံစံဒီဇိုင်းကို ချိတ်ဆွဲပြသထားမှာပါ"ဟု ရှင်းပြသည်။

**ကိုကြီးတင်**



စာအုပ် စာပေ လူ့မိတ်ဆွေ



### Vacancy Announcement

Myanmar Digital News is an online news network publishing daily both in Myanmar and English. We need an experienced feature writer/correspondent who can report in English. The candidate should be fluent in spoken and written English, must have a keen interest in current political, social and economic affairs of Myanmar as well as that of international affairs, and should be willing to travel for covering news. Salary is negotiable.

If you're interested in joining our news room team in Nay Pyi Taw, please email your CV together with a cover letter to **recruitment @ myanmardigitalnews.com** not later than 31 August 2017.

### ညှိနှိုင်းဈေးနှုန်းဖြင့် တိုက်ခန်းများ အမြန်ရောင်းမည်

အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဖန်ချက်စက်လမ်း၊ မှုဒိတာအိမ်ရာ(၂)။ ပထမထပ်၊ (2A-247)၊ အားလုံးပြင်ဆင်ပြီး (၁၅ × ၄၀)ပေ ကွန်ဒိုတိုက်ခန်း၊ ဓါတ်လှေကားပါ။

စုံစမ်းရန်-၀၉၅၀၀၀၆၇၃၊၀၉-၅၁၅၁၅၇၆၊၀၉-၅၁၅၄၁၆၄

### ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9B/4864, Mitsubishi Fuso MS726S, Bus(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကြည်လင်း ၁၄/မအန(နိုင်)၀၁၅၁၂၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီး)ရန်ကုန်မြို့**

### အမည်ပြောင်း

ပွင့်ဖြူမြို့၊ မဲဇလီကျေးရွာနေ ဦးသိန်းရွှေ ၈/ပဖန(နိုင်)၀၁၇၈၂၀၏သား မဲဇလီ (အထက)စတုတ္ထတန်းမှ မောင်ဖုန်းမော်ရွှေအား မောင်ပြည့်သော်တာထွန်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ပြည့်သော်တာထွန်း**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မဖြူဖြူခိုင်၏ဖခင် အမည်မှန်မှာ ဦးဝင်းမျိုးကျော် ၅/ရဥန(နိုင်)၀၆၄၀၉၉ ဖြစ်ပါကြောင်း။

**ဦးဝင်းမျိုးကျော်**

### ဖခင်အမည်မှန်

ဟုမ္မလင်းမြို့၊ မန်မော်ရပ်ကွက်နေ အထက(၁)မှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သူ မောင်ဖြိုးဝေယံကျော်၏ ဖခင်အမည်မှန်မှာ ဦးဉာဏ်သိန်း ၅/ဟမလ(နိုင်)၀၆၂၀၂၆ ဖြစ်ပါကြောင်း။

**ဦးဉာဏ်သိန်း**

### ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ လျှော်ဖြူကန်ကျေးရွာ မူလွန်(၃၂)စတုတ္ထတန်းမှ မောင်ကျော်မျိုးသန့်နှင့် မနှင်းသဇင်တို့၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ထိုက် ၉/မထလ(နိုင်)၁၈၁၃၄၁ ဖြစ်ပါကြောင်း။

### ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၈-၂၀၁၇ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၉)တွင်ပါရှိသော မွန်ပြည်နယ်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း ကြော်ငြာတွင် ဖုန်းအမှတ် ၀၉-၂၀၂၇၆၀၃ အစား ၀၅၇-၂၀၂၇၆၀၃ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ဖခင်အမည်မှန်

မြင်းခြံမြို့ အထက(၃)တက္ကသိုလ်ဝင်တန်းမှ မောင်အောင်သူဖြိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဝင်းရွှေ ၉/မခန(နိုင်)၀၅၃၄၄၂ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

ကျောက်တန်း အထက(၂)သော်က တက္ကသိုလ်ဝင်တန်း (အခန်း-၅) မှ မခင်စိန်ရွှန်းလဲ့ (၁၈၉/၁၆)၏ ဖခင်အမည်မှန်မှာ ဦးဆန်းယုအောင် ဖြစ်ပါကြောင်း။

**ဦးဆန်းယုအောင်**

### ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7I/9692, Honda Civic FD3, Saloon(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှခင် ၁၁/စတန(နိုင်)၀၀၆၉၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/9751 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့၊ ဦးပိုင်အမှတ် ၄၄၊ မြေကွက်အမှတ် ၁၄/၁၆၃၊ ဧရိယာ ၀ဒသမ၁၀၀ဧကရှိ နှစ်(၉၀)မြေငှားဂရန်မြေအမျိုးအစား၊ ကလောမြို့နယ်၊ (၇)ရပ်ကွက်၊ ညောင်ပင်သာလမ်းဟုခေါ်တွင်သော မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ် ရပ်တို့သည် ဒေါ်ကျင်ရွှေ ၉/မရမ(နိုင်)၀၇၉၃၄၇တစ်ဦးတည်းအမည်ပေါက်ပိုင်ဆိုင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပါသည်။ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြတ်မြတ်ခိုင် ၁၂/ကမရ(နိုင်)၀၀၆၀၈၅၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းလှိုင်(မောင်ရတနာ)** | **ဦးအောင်ဟိန်း** | **ဒေါ်သူဇာလွင်** |
| **(LL.B)** | **(LL.B)** | **(LL.B)** |
| **စဉ်-၄၂၆၆** | **စဉ်-၁၂၆၈၇** | **စဉ်-၁၂၇၆၆** |

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၄၂)၊ သီရိဇေယာလမ်း၊ ၈ဝန ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**ဖုန်း-၀၉-၂၅၄၃၉၅၉၄၃၊ ၀၉-၇၈၁၂၂၈၉၆၃၊ ၀၉-၇၉၆၁၅၇၅၆၆၊ ၀၉-၄၂၈၀၁၉၆၈၈**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၃)ရပ်ကွက်၊ အကွက်အမှတ်(၃၁)၊ ကန်သုံးဆင့်အကွက်၊ ဦးပိုင်အမှတ်(၂၇/ဃ)၊ ဧရိယာ(သုညဒသမ ၂၇၅)ဧကရှိမြေအား ဦးသက်လွင်ဖြိုးက မြေငှားဂရန် (အမည်ပြောင်း/ဦးပိုင်ခွဲ)ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့နယ်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပေါက်ခေါင်းမြို့နယ်၊ အထက (တောင်လည်) တက္ကသိုလ်ဝင်တန်းမှ မသဲပွင့်ဖြူ၏ဖခင် ဦးအေးမင်းနှင့် ဦးအေးမင်းထွန်း ၇/ပခတ(နိုင်)၀၅၄၀၇၇မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။**ဦးအေးမင်း(ခ)ဦးအေးမင်းထွန်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပေါက်ခေါင်းမြို့နယ်၊ အထက(တောင်လည်)တက္ကသိုလ်ဝင်တန်းမှ မောင်ဟိန်းမြတ်ထွန်း၏ ဖခင် ဦးသိန်းငွေနှင့် ဦးသိန်းငွေမောင် ၇/ပခတ(နိုင်)၀၁၃၉၉၀မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသိန်းငွေ(ခ)ဦးသိန်းငွေမောင်**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၅)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၁၇ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၁၇၊ အလျား ပေ ၄၀×အနံပေ ၆၀၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကအကျယ်ရှိ နှစ် ၆၀ ဂရန် မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာဌာနတွင် ဒေါ်ညိုညိုစန်း ၁၂/ရပသ(နိုင်)၀၀၇၈၂၈ မှ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပြီး ၎င်းအမည်ပေါက်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်း မူရင်းများနှင့်တကွ အခြားခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးမြင့်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၈)**
**အမှတ် ၅၀၊ ပထမထပ်၊ အခန်းအမှတ်(A-1)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၆၄၆၆၇၊ ၀၉-၇၈၀၃၂၆၁၄၅**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ် (အထက)မင်းစု တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်အောင်ခိုင်နှင့် သတ္တမတန်း(က)မှ မောင်သက်ဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးသန်းဆွေ ၉/တသန(နိုင်)၁၂၃၆၀၉ ဖြစ်ပါကြောင်း။ **ဦးသန်းဆွေ**

### မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ပဲချက် အထက(ခွဲ)တက္ကသိုလ်ဝင်တန်းမှ မောင်ဇော်သူအောင်၏ မိခင်အမည်မှန်မှာဒေါ်ခင်စောလွင် ၉/နထက(နိုင်)၁၈၆၈၈၃ ဖြစ်ပါကြောင်း။

**ဒေါ်ခင်စောလွင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဝန်းသိုမြို့နယ်၊ မြောက်ရွာနေ မပန်းအိဇင်၏ဖခင် ဦးစောဝင်းရွှေနှင့် ဦးဝင်းရွှေ ၈/ဆမန(နိုင်)၀၀၅၂၅၆မှာ တစ်ဦးတည်းဖြစ်ပြီး မိခင် ဒေါ်ကြည်ကြည်မြင့်နှင့် ဒေါ်ကြည်မြင့် ၅/ဝသန(နိုင်)၀၀၆၁၃၃မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစောဝင်းရွှေ(ခ)ဦးဝင်းရွှေ**
**ဒေါ်ကြည်ကြည်မြင့်(ခ)**
**ဒေါ်ကြည်မြင့်**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/8000 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# မြောက်ကိုရီးယား ဒုံးကျည် ဂူအမ်ကျွန်းသို့ရောက်ရန် ၁၄ မိနစ်ကြာမည်




**လော့စ်အိန်ဂျလိစ် ဩဂုတ် ၁၁**

မြောက်ကိုရီးယားသည် ဩဂုတ်လလယ်လောက်တွင် အမေရိကန်ပိုင် ဂူအမ်ကျွန်းအား တာလတ်ဒုံးကျည်များဖြင့် တိုက်ခိုက်ရန်စီစဉ်နေကြောင်း၊ တကယ်တိုက်ခိုက်ခြင်းရှိ၊ မရှိ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏ ဆုံးဖြတ်ချက်အပေါ် မူတည်ကြောင်း သတင်းများတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

အကယ်၍ တိုက်ခိုက်ခဲ့မည်ဆိုပါက အဆိုပါ ကျွန်းပေါ်သို့ ဒုံးကျည်ရောက်ရှိရန် ၁၄ မိနစ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း၊ ယင်းအချိန်အတွင်း အများပြည်သူများကို သတိပေးနိုင်မည်ဖြစ်ကြောင်း ဂူအမ်အမိမြေလုံခြုံရေးဌာနမှ မကြာသေးမီက ပြောခဲ့သည်။

ထို့အပြင် ဂူအမ်ကျွန်းအနိမ့်ပိုင်းတွင် တပ်ဆင်ထားသော အလုံးစုံဘေးအန္တရာယ် သတိပေးမှုစနစ် ဥသြများက ကျွန်းသူကျွန်းသားများကို ချက်ချင်းသတိပေး နှိုးဆော်သွားမည်ဖြစ်ကြောင်း ဂူအမ်အမိမြေ လုံခြုံရေးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဂျန်နာဂါမင်ဒီက ပြောခဲ့သည်။

ထို့အပြင် မြောက်ကိုရီးယားက ဒုံးကျည်ဖြင့် အမှန်တကယ်ပစ်ခတ်တိုက်ခိုက်ခဲ့ပါက အန်ဒါဆန်လေတပ်အခြေစိုက်စခန်း၌ ကာကွယ်ရေးဌာနက ပုံသေထားရှိသော လေကြောင်းကာကွယ်ရေးစနစ် တက်ဒ်စနစ်နှင့် အေအင်န်၊ တီပီဝိုင်-၂ စနစ်ရေဒါများ အပါအဝင် အမေရိကန်ဒုံးကျည်ကာကွယ်ရေးစနစ်များက ဂူအမ်ကျွန်းကို အကာအကွယ်ပေးသွားမည်ဖြစ်ကြောင်း ဒုံးကျည်ကာကွယ်ရေးစည်းရုံးလှုံ့ဆော်မှု မဟာမိတ်အဖွဲ့ အမ်ဒီအေအေက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားအနေဖြင့် အမေရိကန်ကို မည်သည့်ခြိမ်းခြောက်မှုမှ မပြုလုပ်ခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း ထရန့်က သတိပေးခဲ့သည်။

ထိုသို့မဟုတ်ပါက မြောက်ကိုရီးယားသည် ကမ္ဘာပေါ်တွင် မည်သူမျှ မကြုံဖူးသည့် ပြန်လည်ပစ်ခတ်မှုမျိုးနှင့် ကြုံရမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားပြီးနောက် မြောက်ကိုရီးယားအနေဖြင့် ယခုကဲ့သို့ တုံ့ပြန်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# မြေအောက်ရထားဘူတာတွင် မီးခိုးများထွက်လာမှုကြောင့် အရေးပေါ်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ရ



**လန်ဒန် ဩဂုတ် ၁၁**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့လယ်ကောင်ရှိ ဈေးဝယ်သူများဖြင့် စည်ကားရာနေရာရှိ အောက်စဖို့ ဆားကပ်စ်မြေအောက်ဘူတာရုံတွင် သောကြာနေ့က မီးခိုးများထွက်ပေါ်လာသည့်အတွက် ဗြိတိန်မီးသတ်ကယ်ဆယ်ရေးအဖွဲ့ဝင်များက ထိန်းသိမ်းဆောင်ရွက်မှုများလုပ်ဆောင်ခဲ့ရကြောင်းသိရသည်။

မီးခိုးများထွက်ပေါ်လာမှုသည် တစ်စုံတစ်ဦးက လုပ်ဆောင်ခဲ့သည့် မသင်္ကာဖွယ်လုပ်ဆောင်မှုမျိုးမတွေ့ရှိရသော်လည်း အကြောင်းရင်းကိုသိရှိနိုင်ရန် စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဘူတာရုံတွင် အရေးပေါ်ဆောင်ရွက်မှုများဆောင်ရွက်နေသည့်အတွက် ဘူတာရုံကို ခေတ္တပိတ်ထားခဲ့ကြောင်း မြို့တော်သယ်ယူပို့ဆောင်ရေး အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

မီးဘေးအန္တရာယ် အချက်ပေးခေါင်းလောင်းသံကို ကြားလိုက်ရပြီးနောက် ရဲတပ်ဖွဲ့ဝင်များသည် မီးခိုးများထွက်ပေါ်လာသည့်နေရာသို့ သွားရောက်ခဲ့သည်ဟု ဆိုသည်။ သို့သော် မီးခိုးများထွက်ပေါ်လာမှုနှင့်ပတ်သက်၍ မသင်္ကာဖွယ်မတွေ့ရှိရကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး ရာထူးမှနုတ်ထွက်

**ကိုလံဘို ဩဂုတ် ၁၁**

သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ရာဗီကာရူနာနာယက်ကီသည် စီးပွားရေးမသမာမှုတွင် ပါဝင်ခဲ့ကြောင်း သတင်းဆိုးထွက်ခဲ့သည့်အတွက် ဩဂုတ် ၁၀ ရက်က ရာထူးမှ နုတ်ထွက်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

သီရိလင်္ကာဗဟိုဘဏ် ဥက္ကဋ္ဌဟောင်းနှင့် သားမက်ဖြစ်သူတို့၏ တရားမဝင်ငွေကြေးအသုံးပြုမှုကို စစ်ဆေးခဲ့ရာတွင် ဥက္ကဋ္ဌဟောင်း၏သားမက်ဖြစ်သူက သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအတွက် ကိုလံဘိုရှိ အဆင့်မြင့်အိမ်ရာတစ်ခုကို အငှားစာချုပ်ပြုလုပ်ပေးခဲ့သည်ကို သီရိလင်္ကာနိုင်ငံ သမ္မတ စုံစမ်းစစ်ဆေးရေးကော်မတီက ဇူလိုင်တွင် တွေ့ရှိခဲ့သည်။

အစိုးရ၏ ပုံရိပ်ကိုထိန်းသိမ်းလိုသောကြောင့် ရာထူးမှနုတ်ထွက်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် မိမိအပေါ်စွပ်စွဲမှုသည် လုံးဝသက်သေအထောက်အထားမရှိကြောင်း ယမန်နေ့က လွှတ်တော်တွင် နိုင်ငံခြားရေးဝန်ကြီးက ပြောခဲ့သည်။ အဆင့်မြင့်အိမ်ရာကိစ္စရပ်သည် မိသားစုဝင်တို့က ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မိမိအနေဖြင့် မသိခဲ့ကြောင်း ပြောခဲ့သည်။

ယမန်နေ့က လွှတ်တော်တွင် နိုင်ငံခြားရေးဝန်ကြီး၏အဆင့်မြင့်အိမ်ရာကိစ္စနှင့် ပတ်သက်ပြီး ယုံကြည်မှုရှိ၊ မရှိ မဲခွဲဆုံးဖြတ်ရန်စီစဉ်ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# မဲရလဒ်ကြေညာမှုအပြီး ဆန္ဒပြမှုများပေါ်ထွက်လာနိုင်သည့်အတွက် ကင်ညာရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးအတွက် ပြင်ဆင်

**ကီစူမူ ဩဂုတ် ၁၁**

ကင်ညာနိုင်ငံတွင် ကျင်းပသည့် ရွေးကောက်ပွဲ၌ မဲလိမ်လည်မှုများ ပြုလုပ်သည်ဟုဆိုကာ အတိုက်အခံခေါင်းဆောင် ရိုင်လာအိုဒင်ဂါဘက်မှ စွပ်စွဲမှုများ ရှိသော်လည်း ကင်ညာသမ္မတအူဟူရူ ကင်ရတ်တာသည် အနိုင်ရမည်ဟု မျှော်လင့်ရသည့် မဲရလဒ်ထုတ်ပြန်ကြေညာမှုမပြုလုပ်မီ ကင်ညာရဲများသည် ဆန္ဒပြမှုများ ပေါ်ပေါက်လာနိုင်သည့်အတွက် လုံခြုံရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




ဆန္ဒထုတ်ဖော်မှုမှန်သမျှကို တားဆီးနိုင်ရေးအတွက် မြောက်ပိုင်းကီစူမူမြို့အတွင်းရှိ လေဆိပ်၌ ရဲတပ်ဖွဲ့ဝင်များသည် လုံခြုံရေးအင်အားစုများကို ချထားခဲ့သည်။ ကီစူမူမြို့သည် အတိုက်အခံခေါင်းဆောင် အိုဒင်ဂါအဖွဲ့က ချုပ်ကိုင်ထားသည့် ပြည်နယ်အတွင်း၌ တည်ရှိသည့် မြို့ဖြစ်သည်။

ပြည်သူများအဝင်အထွက် ပြုလုပ်နိုင်ရန် လေဆိပ်လုံခြုံရေးကို ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း ကီစူမူစီရင်စုရဲတပ်ဖွဲ့ကော်မရှင်အဖွဲ့ဝင် ဂျိုးဆက်ကိတ်တနီက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

**(ရိုက်တာ)**

ဩဂုတ် ၁၀ ရက်က ကင်ညာအတိုက်အခံ ခေါင်းဆောင် ရိုင်လာအိုဒင်ဂါကို လူအုပ်ကြားတွင် တွေ့ရစဉ်

# တရုတ်နိုင်ငံ၌ ဘတ်စ်ကားတစ်စီး ဥမင်လိုဏ်ခေါင်းနံရံကိုတိုက်မိခဲ့ရာ လူ ၃၀ ကျော် သေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိ

**ပေကျင်း ဩဂုတ် ၁၁**

တရုတ်နိုင်ငံကုန်းတွင်းပိုင်းတွင် ခရီးသည်တင်ယာဉ်တစ်စီးသည် ဥမင်လိုဏ်ခေါင်းတစ်ခု၏ နံရံကိုတိုက်မိခဲ့ရာ ယာဉ်ပေါ်လိုက်ပါလာသူ ၃၆ ဦး သေဆုံးပြီး ၁၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုသည် ရှန်ဇီပြည်နယ်အတွင်းရှိ ဥမင်လိုဏ်ခေါင်း၏ ဝင်ပေါက်အနီးတွင် ည ၁၁ နာရီခွဲအချိန်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံပိုင် ဆင်ဟွာသတင်းအေဂျင်စီတွင် ဖော်ပြခဲ့သည်။ ယာဉ်တိုက်မှုဖြစ်ပွားချိန်တွင် ယာဉ်ပေါ်လိုက်ပါလာသူ ၄၉ ဦးရှိကြောင်း သိရသည်။



သေဆုံးသူများအနက် နှစ်ဦးမှာ ကလေးငယ်များဖြစ်ပြီး ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။ ဘတ်စ်ကားသည် စီချွမ်ပြည်နယ် ချန်ဒူးမှ ဟီနန်ပြည်နယ် လူအိုယန်သို့ ထွက်ခွာလာစဉ် ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဆိုက်ဘာစစ်ပွဲများကြောင့် လုံခြုံမှုကင်းမဲ့တဲ့ ကမ္ဘာကြီးဖြစ်လာတော့မှာလား

**တင်လင်းအောင်**



အရှေ့အလယ်ပိုင်းမှာ ပဋိပက္ခတွေဖြစ်ပွားအောင် လှုံ့ဆော်ကူညီသလိုဖြစ်ခဲ့တဲ့ ကာတာသတင်းအေဂျင်စီတစ်ခုကို ကွန်ပျူတာဖောက်ထွင်း တိုက်ခိုက်ခံရခြင်းမှာ အာရပ်စော်ဘွားများပြည်ထောင်စုဟာ သံသယကင်းတဲ့ လက်သည်တရားခံဟုတ်နိုင်ပါ့မလားဆိုတာ စဉ်းစားစရာ ဖြစ်လာပါတယ်။

နှစ်ပေါင်းများစွာကြာသည့်တိုင် အထူးသဖြင့် ရုရှားလိုနိုင်ငံမျိုးဟာ ဆိုက်ဘာတိုက်ခိုက်ခြင်းတွေကို အသုံးပြုပြီး ဆန္ဒပြမှုများ ဖြစ်ပွားစေရန်၊ ရွေးကောက်ပွဲများတွင် ဩဇာလွှမ်းမိုးရန်နဲ့ အဖွဲ့အစည်းများကြား ယုံကြည်မှုလျော့နည်းလာစေရန်အတွက် လူမှုမီဒီယာများနဲ့ အခြားမီဒီယာများမှ တစ်ဆင့် မမှန်ကန်သည့်သတင်းများကို ဝါဒဖြန့်ထုတ်လွှင့်မှုများ ပြုလုပ်လေ့ရှိပါတယ်။

**ဟက်ကင်းလုပ်ခြင်းဖြင့် စစ်ပွဲများဖြစ်ပွားနိုင်**

ဆိုက်ဘာလောကမှာ လက်ခံထားတဲ့ အချက်အရ တရုတ်လိုနိုင်ငံကြီးမှသည် ဘာရိန်းလိုနိုင်ငံငယ်လေးအထိ ဟက်ကင်းလုပ်ခြင်းနည်းလမ်းကို အသုံးပြုနိုင်ကြောင်း သိရပါတယ်။ ဟက်ကင်းလုပ်ခြင်းဟာ နောက်ဆုံးမှာ တကယ့် စစ်ပွဲများဖြစ်ပွားစေနိုင်တဲ့အထိ ကူးစက်မှုများ ဖြစ်လာစေနိုင်ပါတယ်။

ပင်လယ်ကွေ့ဒေသမှာဖြစ်ပွားခဲ့တဲ့ ကွန်ပျူတာဖောက်ထွင်းတိုက်ခိုက်ခံရမှုဟာ နာမည်ကြီးထင်ရှားကျော်ကြားတဲ့သူတွေရဲ့ လူမှုဝက်ဘ်ဆိုက်အကောင့်များနဲ့ အီးမေးလ်အကောင့်များမှတစ်ဆင့် ဖြစ်ပွားခဲ့တယ်လို့ ထင်ရပါတယ်။ အမေရိကန်စုံစမ်းထောက်လှမ်းရေးအရာရှိတွေရဲ့ အဆိုအရ လွန်ခဲ့တဲ့ မေလနှောင်းပိုင်းမှာ အာရပ်စော်ဘွားများပြည်ထောင်စုက ပံ့ပိုးပေးထားတဲ့ ဟက်ကာသမားများဟာ ကာတာအစိုးရသတင်းများနဲ့ လူမှုမီဒီယာဆိုက်များကို ထိုးဖောက်ဝင်ရောက်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ကွန်ပျူတာဖောက်ထွင်းတိုက်ခိုက်သူများဟာ အဆိုပါ ကွန်ပျူတာဖောက်ထွင်းတိုက်ခိုက်မှုများကို ကာတာခေါင်းဆောင်ရှိတ်တာမင်ဘင် အယ်လ်သာနီကပဲ လုပ်သွားလေသယောင်နဲ့ သင်္ကေတအမှားများချန်ရစ်ထားခဲ့ပါတယ်။

**ဘယ်သူကဆိုက်ဘာတိုက်ခိုက်မှုလုပ်ခဲ့တာလဲ**

အာရပ်စော်ဘွားများ ပြည်ထောင်စုအနေနဲ့ အဆိုပါ ကွန်ပျူတာဖောက်ထွင်းတိုက်ခိုက်မှုများကို လုပ်ခဲ့လေသလား။ ဒါမှမဟုတ် အဆိုပါ လုပ်ရပ်များလုပ်ဆောင်ရန် အလွတ်တန်းကွန်ပျူတာဖောက်ထွင်းရေး ဝိဇ္ဇာများကို ငှားရမ်းခဲ့လေသလားဆိုတာ ရှင်းရှင်းလင်းလင်း မသိရသေးပါဘူး။ သို့သော်လည်း အာရပ်စော်ဘွားများပြည်ထောင်စုမှ သက်ဆိုင်ရာအရာရှိများက အဆိုပါကိစ္စထဲ ပါဝင်မှုမရှိကြောင်း ငြင်းဆိုထားပါတယ်။ သို့သော်လည်း အခြားနည်းနဲ့စဉ်းစားကြည့်မယ်ဆိုရင် ကွန်ပျူတာဖောက်ထွင်းတဲ့ကိစ္စမှာ လယ်ပြင်မှာဆင်သွားသလိုပဲထင်ရှားလှတာက အာရပ်စော်ဘွားများပြည်ထောင်စုအစိုးရဟာ ဆော်ဒီအာရေဗျ၊ ဘာရိန်း၊ အီဂျစ်တို့နဲ့ပေါင်းပြီး ကာတာမီဒီယာများကို တားဆီးပိတ်ပင်ရန်၊ ကာတာနဲ့သံတမန်ရေးနှင့် စီးပွားရေးဆိုင်ရာ ဆက်ဆံရေးကို ပျက်ပြားစေရန် ရည်ရွယ်ပြီး ထိုသို့လုပ်ဆောင်ခဲ့သလားဆိုတာ ဝေခွဲမရဖြစ်နေပါတယ်။

**ပြဿနာများနဲ့ ကာတာနိုင်ငံ**

ကွန်ပျူတာဖောက်ထွင်းတိုက်ခိုက်တဲ့ ပြဿနာ၊ အီရန်နဲ့ သံအဆက်အသွယ်ဖြတ်တောက်တဲ့ ပြဿနာ၊ ကာတာရှိ တူရကီစစ်အခြေစိုက်စခန်းပိတ်တဲ့ ပြဿနာ၊ ကာတာထောက်ပံ့ခံ အစိုးရသတင်းဆိုက်ပိတ်တဲ့ ပြဿနာစတဲ့ပြဿနာ သောင်းခြောက်ထောင်ကို ဖြေရှင်းရန် နိုင်ငံအများစုက ကာတာနိုင်ငံကို အဆိုပါကိစ္စများကဲ့သို့ ရှုပ်ထွေးတဲ့ ကိစ္စများ ဖြေရှင်းဖို့ ဖော်ပြထားတဲ့ နိုင်ငံများရဲ့ စာရင်းအမှတ်စဉ် ၁၃ နေရာမှာ ဖော်ပြခဲ့ပါတယ်။

ကာတာအရာရှိများက နိုင်ငံရဲ့အချုပ်အခြာကို ထိပါးလာတဲ့အတွက် စိုးရိမ်မှုတွေရင်ဝယ်ပိုက်ပြီး တောင်းဆိုမှုတွေ ပြုလုပ်လာကြပါတယ်။ အမေရိကန်နဲ့ တူရကီအရာရှိများက ပြေလည်မှုရရှိဖို့ဆောင်ရွက်ပေးရန် ကြိုးစားသော်လည်း တင်းမာမှုတွေ မြင့်သထက်မြင့်တက်လာခဲ့ပါတယ်။

ကာတာကို ဟက်ကင်းလုပ်ခြင်းနဲ့ သတင်းအချက်အလက်အမှားများနဲ့ တိုက်ခိုက်ခြင်းဟာ မျှော်လင့်ထားတဲ့ကိစ္စတော့ ဟုတ်မယ်မထင်ပါဘူး။

**ဆိုးရွားလွန်းတဲ့ ဟက်ကာသမားများ**

လွန်ခဲ့တဲ့ ၂၀၁၂ခုနှစ် ဩဂုတ်လမှာ ပါကစ္စတန်ဟက်ကာများကို အကြမ်းဖက်မှုများဖြစ်စေရန်ဆွပေးတယ်ဆိုပြီး အိန္ဒိယအစိုးရကစွပ်စွဲလိုက်ပါတယ်။ အဆိုပါ ဆိုက်ဘာတိုက်ခိုက်မှုများထဲမှတစ်ခုမှာ ဘာကိုဖော်ပြခဲ့သလဲဆိုရင် အိန္ဒိယအနောက်မြောက်ပိုင်းမှာ မွတ်စလင်တွေသတ်ခဲ့တဲ့ အလောင်းတွေလို့ ဖော်ပြထားတဲ့ ပုံတွေကို လွှင့်တင်လိုက်တာပဲ ဖြစ်ပါတယ်။ (တကယ်တမ်းတော့ အဲဒီပုံတွေက တိဗက်မှာ ငလျင်လှုပ်လို့ သေဆုံးသွားတဲ့လူတွေရဲ့ အလောင်းတွေပဲဖြစ်ပါတယ်။)

ထို့အတူ ဟက်ကာသမားတွေဟာ အိန္ဒိယအရှေ့မြောက်ပိုင်းရှိ မွှမ်ဘိုင်းနဲ့ ဘင်္ဂလောမှာနေထိုင်တဲ့ ကျောင်းသားတွေနဲ့ အလုပ်သမားတွေကို တိုက်ခိုက်မယ်လို့ သတိပေးတဲ့ တက်မက်ဆေ့ချ် (စာတို) ပေးပို့လိုက်ပါတယ်။ ဒီလိုသတိပေးစာတိုပေးပို့လိုက်တဲ့အတွက် ထောင်ပေါင်းများစွာသော ရွှေ့ပြောင်း အခြေချနေထိုင်သူများဟာ စိုးရိမ်ပူပန်မှုတွေနဲ့ အိမ်အပြန်ခရီးကို သုတ်ခြေတင်ခဲ့ရပါတယ်။

လွန်ခဲ့တဲ့ ဇွန်လလောက်ကလည်း ဟက်ကာသမားများက ဗီယက်နမ်အစိုးရဟာ ဖိလစ်ပိုင်သမ္မတ ရိုဒရီကို ဒူတာတေးနဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့ရဲ့ ပြောကြားချက်တွေနဲ့ သမ္မတ ဒူတာတေးနဲ့ တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ရဲ့ ပြောကြားချက်တွေကိုပါ ခိုးယူထုတ်လွှင့်ခဲ့တယ်လို့ အထင်ရောက်အောင် ပြုလုပ်ခဲ့ပါတယ်။ ဒီလိုလုပ်ဆောင်ခဲ့တာဟာ တောင်တရုတ်ပင်လယ်အရေး အငြင်းပွားမှုမှာ ပါဝင်တဲ့ အရှေ့တောင်အာရှနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်တဲ့ ဗီယက်နမ်ရဲ့ လျှို့ဝှက်သတင်းပေါက်ကြားသွားတဲ့ကာလနဲ့ အချိန်ကိုက်လုပ်ဆောင်ခဲ့တဲ့ ပုံစံပါပဲ။ အဲဒီလိုလုပ်လိုက်ခြင်းဖြင့် ဖိလစ်ပိုင်သမ္မတ ဒူတာတေးကို ဖိအားပေးရာရောက်သလို တရုတ်နဲ့ဆက်ဆံရေးကိုလည်း ထိခိုက်စေချင်တဲ့သဘောဖြစ်ပါတယ်။

**ဟက်ကာလုပ်ခြင်းဟာ သူ့ရဲဘောကြောင်တဲ့နည်းလား**

ဟက်ကာနည်းလမ်းတွေဟာ အများကြီးကုန်ကျစရာမလိုတဲ့ နည်းလမ်းတွေဖြစ်သလို လွယ်လွယ်ကူကူနဲ့ သူတို့မလုပ်ဘူးလို့ ငြင်းလို့ရတဲ့နည်းလမ်းတွေလည်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် သူတို့ရဲ့ လုပ်ရပ်ကို အလွယ်တကူရှောင်လွှဲနိုင်တဲ့ နည်းလမ်းတွေပဲ ဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုနဲ့ ၎င်းရဲ့ ဥရောပမဟာမိတ်တွေအပါအဝင် ဒီလိုတိုက်ခိုက်မှုပြုတဲ့သူတွေအပေါ် ထိရောက်တဲ့ ဆောင်ရွက်မှုမျိုး ဘယ်သူကမှ မလုပ်နိုင်သေးပါဘူး။

**စည်းမျဉ်းတွေ သတ်မှတ်ဖို့ကြိုးစားလာ**

ထို့အပြင် ဆိုက်ဘာပဋိပက္ခအတွက် နိုင်ငံတကာစည်းမျဉ်းတွေကို သတ်မှတ်ဖို့ဆိုတာ ဘယ်လိုမှ မလွယ်သေးတာတော့ မဟုတ်ပါဘူး။ အရင်က ပြုလုပ်ခဲ့တဲ့ ကုလသမဂ္ဂက ဦးဆောင်တဲ့ အစည်းအဝေးတွေမှာ အစိုးရကျွမ်းကျင်သူတွေက ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းဟာ ဆိုက်ဘာလောကအတွက် သက်ရောက်မှုရှိရမယ်လို့ ဆုံးဖြတ်ခဲ့သော်လည်း ဆိုက်ဘာတိုက်ခိုက်ခြင်းဆိုင်ရာ ကွန်ပျူတာအရေးပေါ်တုံ့ပြန်ရေးအဖွဲ့က အဲဒီအဆိုကို အတိအကျသဘောမတူပါဘူး။ နိဂုံးချုပ်ပြောရရင် ညှိနှိုင်းဆွေးနွေးပွဲတွေမှာ နိုင်ငံတကာစည်းမျဉ်းတွေဟာ ဆိုက်ဘာလောကကြီးအပေါ် အကျိုးသက်ရောက်မှုရှိရမယ်ဆိုတဲ့အချက်ကို သဘောမတူခဲ့ပါဘူး။

ဆိုက်ဘာတိုက်ခိုက်မှုဟာ အင်အားနည်းတဲ့ ခေါင်းဆောင်တွေ၊ ချို့ယွင်းချက်ရှိတဲ့ ခေါင်းဆောင်တွေအတွက်တော့ ကြောက်စရာကောင်းတဲ့ ခြိမ်းခြောက်မှုတစ်ခုပဲဖြစ်ပါတယ်။ ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ဆိုးရွားမှုတွေဖြစ်ပေါ်လာနိုင်ပြီး ရှိရင်းစွဲလမ်းကြောင်းထက် တိမ်းစောင်းမှုတွေ ပိုမိုဖြစ်ပေါ်လာနိုင်ပါတယ်။

**ဆိုက်ဘာစစ်ပွဲအလိုမရှိ**

သေးငယ်တဲ့နိုင်ငံပဲဖြစ်ဖြစ်၊ ကြီးတဲ့နိုင်ငံပဲဖြစ်ဖြစ် ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ စစ်ပွဲတွေကိုတော့ အလိုမရှိကြပါဘူး။ ယှဉ်ပြိုင်မှုအားကြီးတဲ့ နိုင်ငံတွေကတော့ ဆိုက်ဘာတိုက်ခိုက်မှုကို ဘယ်လိုခုခံကာကွယ်မလဲဆိုတာနဲ့ ပတ်သက်ပြီး မျှော်လင့်ချက်အနည်းငယ်စီတော့ ရှိတတ်ကြစမြဲပါ။

ယခုအခါမှာတော့ ကံကောင်းမှုတွေရှိနေတဲ့ ကမ္ဘာကြီးမှာ ဆိုက်ဘာတိုက်ခိုက်မှုကို ပြန်လည်ခုခံချေဖျက်ဖို့ နည်းလမ်းတွေ ရှိနေကြပါပြီ။ ဒါပေမယ့်လည်း ပင်လယ်ကွေ့ဒေသမှာ ဖြစ်ပွားခဲ့တဲ့ ဆိုက်ဘာတိုက်ခိုက်မှုက ဘာကိုဖော်ပြသလဲဆိုရင် နိုင်ငံကြီးတွေက ဆိုက်ဘာတိုက်ခိုက်မှုကို အသုံးချပြီး နိုင်ငံရေးလှုံ့ဆော်မှုတွေ ဘယ်လိုလုပ်သွားလဲဆိုတာကို နိုင်ငံငယ်တွေက လေ့လာရမှာပဲဖြစ်ပါတယ်။ တကယ့် အကြောင်းရှာကြည့်ရင်တော့ ဆိုက်ဘာခေတ်ကြီးမှာ လုံခြုံမှုတွေ အားနည်းလာတာကိုတော့ မျက်ဝါးထင်ထင်မြင်တွေ့နေရပြီး ဘယ်လိုမှ ငြင်းမရဘူးဆိုတာကိုတော့ လက်ခံရမှာပါ။

**ဆိုက်ဘာတိုက်ခိုက်မှုဟာ အင်အားနည်းတဲ့ ခေါင်းဆောင်တွေ၊ ချို့ယွင်းချက်ရှိတဲ့ ခေါင်းဆောင်တွေအတွက်တော့ ကြောက်စရာကောင်းတဲ့ ခြိမ်းခြောက်မှုတစ်ခုပဲ ဖြစ်ပါတယ်။ ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ဆိုးရွားမှုတွေဖြစ်ပေါ်လာနိုင်ပြီး ရှိရင်းစွဲလမ်းကြောင်းထက် တိမ်းစောင်းမှုတွေ ပိုမိုဖြစ်ပေါ်လာနိုင်ပါတယ်**

## နိုင်ငံပေါင်း ၈၀ မှ နိုင်ငံသားများအား ကာတာဗီဇာကင်းလွတ်ခွင့်ပေးမည်

**ဒိုဟာ ဩဂုတ် ၁၁**

ကာတာနိုင်ငံက နိုင်ငံပေါင်း ၈၀မှနိုင်ငံသားများအား ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း ကာတာအာဏာပိုင်များက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် မကြာသေးမီက ပြောခဲ့သည်။

ပြည်ဝင်ခွင့်ကင်းလွတ်ပေးခြင်းဖြင့် ကာတာနိုင်ငံသည် ဒေသတွင်းအပွင့်လင်းဆုံးနိုင်ငံတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း ကာတာနိုင်ငံခရီးသွား အာဏာပိုင်အဖွဲ့မှ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အကြီးအကဲ ဟက်ဆန်အယ်အိုင်ဘရာဟင်က ပြောကြားခဲ့သည်။

ပြည်ဝင်ခွင့်ဗီဇာ ကင်းလွတ်ခွင့်ပေးသည့်နိုင်ငံများတွင် တရုတ်၊ အမေရိကန်၊ တောင်အာဖရိကစသည့်နိုင်ငံများပါဝင်ပြီး နိုင်ငံအပေါ်မူတည်ကာ ကင်းလွတ်ခွင့်ရက်ပေါင်း အများဆုံး ခြောက်လအထိ ရရှိနိုင်ကြောင်း သိရသည်။

ကာတာနိုင်ငံသည် အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုများကို ထောက်ပံ့ပေးနေကြောင်း စွပ်စွဲခဲ့ပြီး ဇွန် ၅ ရက်တွင် ကာတာနိုင်ငံကို ဆော်ဒီအာရေဗျ၊ အီဂျစ်၊ ဘာရိန်းနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့က သံတမန်ဆက်ဆံရေးသာမက ပို့ဆောင်ရေးလမ်းကြောင်းပါ ဖြတ်တောက်ခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## ရထားပို့ဆောင်ရေးစီမံကိန်းကြီးတစ်ခု မလေးရှားနှင့်တရုတ် ပူးပေါင်းဆောင်ရွက်မည်

**ကွာလာလမ်ပူ ဩဂုတ် ၁၁**

မလေးကျွန်းဆွယ်အရှေ့ဘက်နှင့် အနောက်ဘက်ကမ်းခြေတို့ကို ချိတ်ဆက်ပေးမည့် ရထားပို့ဆောင်ရေးစီမံကိန်းတစ်ခုကို မလေးရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့က ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းဆောင်ရွက်မှု စတင်သည့်အခမ်းအနားကို ဗုဒ္ဓဟူးနေ့က ကွမ်တန်၌ကျင်းပခဲ့ရာ မလေးရှားဝန်ကြီးချုပ်နာဂျစ်ရာဇာတ်နှင့် တရုတ်နိုင်ငံ၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဝမ်ယုန်တို့တက်ရောက်ခဲ့ကြသည်။

တန်ဖိုးအားဖြင့်ဒေါ်လာ ၁၃ဘီလီယံကုန်ကျမည့် စီမံကိန်း၏ ကုန်ကျစရိတ်အချို့ကို တရုတ်ဘဏ်မှ ငွေကြေးထည့်ဝင်သွားမည်ဖြစ်သည်။ အဆိုပါရထားလမ်းသစ်ကို တရုတ်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးမှ တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်သည်။

အဆိုပါ ရထားလမ်းသစ်ဖောက်လုပ်မှုစီမံကိန်းသည် ပိုးလမ်းမကြီးစီမံကိန်းအောက်တွင် တရုတ်နှင့်မလေးရှားနှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်သွားရမည့် အခရာကျသည့်စီမံကိန်းတစ်ခုဖြစ်သည်ဟု တရုတ်နိုင်ငံ၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဝမ်ယုန်က ပြောကြားခဲ့ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်း

*ယမန်နေ့မှ အဆက်*

၅၆။ (က) မှတ်ပုံတင်အရာရှိသည် လျှောက်ထားချက်အား ပုဒ်မ ၅၁၊ ပုဒ်မ ၅၂၊ ပုဒ်မ ၅၃ တို့နှင့် ကိုက်ညီမှုရှိ-မရှိ စစ်ဆေးရမည်ဖြစ်ပြီး အကယ်၍ လိုအပ်ချက်အားလုံး ပြည့်စုံပါက လျှောက်ထားချက်တွင် ပါဝင်သော အကြောင်းအရာများနှင့် အချက်အလက်များကို သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ခ) အမှတ်တံဆိပ်၏ ကန့်ကွက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဒေသဆိုင်ရာ အညွှန်း၏ ကန့်ကွက်ခြင်းအတွက် လိုအပ်သလို အသုံးပြုစေရမည်။

(ဂ) ကန့်ကွက်ချက်ကို တင်သွင်းခြင်းမရှိခဲ့လျှင် သို့မဟုတ် ကန့်ကွက်ချက်ကို ငြင်းပယ်ခဲ့လျှင် ဒေသဆိုင်ရာအညွှန်းကို မှတ်ပုံတင်ပေးရမည်။

၅၇။ (က) ဒေသဆိုင်ရာအညွှန်းတစ်ခုကို မှတ်ပုံတင်သည့် သက်တမ်းသည် ၁၀ နှစ် ကာလဖြစ်သည်။

(ခ) မှတ်ပုံတင်သက်တမ်း ၁၀ နှစ် ကုန်ဆုံးပြီးနောက် မှတ်ပုံတင်သက်တမ်း တိုးမြှင့်လိုသူသည် တစ်ကြိမ်လျှင် မှတ်ပုံတင်သက်တမ်း ၁၀ နှစ်စီဖြင့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားနိုင်သည်။

(ဂ) ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားသူသည် မှတ်ပုံတင်သက်တမ်းတိုးမြှင့်မှု တစ်ကြိမ်စီအတွက် သတ်မှတ်ထားသည့် အခကြေးငွေကို ပေးသွင်းရမည်။

၅၈။ (က) ဒေသဆိုင်ရာအညွှန်းတစ်ရပ်ကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်ရာတွင် ဒေသဆိုင်ရာအညွှန်းကို မှတ်ပုံတင်ရန် လျှောက်ထားပြီးနောက် အမှတ်တံဆိပ်မှတ်ပုံတင်ရန် လျှောက်ထားလာလျှင် ပုဒ်မ ၅၅ ကို ချိုးဖောက်၍ဖြစ်စေ၊ တူညီသော ထုတ်ကုန်နှင့်ဆက်စပ်၍ဖြစ်စေ အသုံးပြုသော အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းအား ငြင်းပယ်ရမည်။

(ခ) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်များသည် ပုဒ်မခွဲ(က)နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက ယင်းအမှတ်တံဆိပ်များသည် တရားမဝင်ကြောင်း ကြေညာခြင်း ခံရမည်။

(ဂ) ဒေသဆိုင်ရာအညွှန်းကို မှတ်ပုံတင်ရန် မလျှောက်ထားမီ သဘောရိုးဖြင့် မှတ်ပုံတင်ထားပြီးသော သို့မဟုတ် လျှောက်ထားပြီးသော အမှတ်တံဆိပ်သည် ပုဒ်မ ၅၅ ကို ချိုးဖောက်၍ အသုံးပြုထားသော်လည်း အခန်း (၁၄) ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်းမရှိလျှင် ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်ခြင်းတွင် မည်သို့ပင်ရှိစေကာမူ အဆိုပါ ထုတ်ကုန်များအတွက် ဆက်လက်အသုံးပြုနိုင်သည်။ အဆိုပါ ကိစ္စရပ်များတွင် ဒေသဆိုင်ရာ အညွှန်းအသုံးပြုမှုကို ယင်းနှင့်ဆက်နွှယ်နေသော အမှတ်တံဆိပ် အသုံးပြုမှုကဲ့သို့ ခွင့်ပြုရမည်။

၅၉။ (က) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသည် အကာအကွယ်ရရှိထားသော ဒေသဆိုင်ရာ အညွှန်းများကို ကြီးကြပ်ကွပ်ကဲရမည်။ ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ လုပ်ငန်းအချို့ကို အခြားပုဂ္ဂိုလ်တစ်ဦးအား လွှဲအပ်နိုင်သည်။

(ခ) ကြီးကြပ်ကွပ်ကဲမှုတွင် အောက်ပါတို့ပါဝင်ရမည်-

(၁) ဒေသဆိုင်ရာအညွှန်းအဖြစ် မှတ်ပုံတင်ထားသော ထုတ်ကုန်များ၏ သတ်မှတ်ဖော်ပြချက်များနှင့် သက်ဆိုင်ရာထုတ်ကုန်တို့၏ ကိုက်ညီမှု၊

(၂) မှတ်ပုံတင်ထားသော ဒေသဆိုင်ရာအညွှန်းအမည်များအား ဈေးကွက်တွင် အသုံးပြုမှု။

(ဂ) ထုတ်ကုန်၏ သတ်မှတ်ဖော်ပြချက်များနှင့် ကိုက်ညီရန် ကြီးကြပ်ကွပ်ကဲမှုအတွက် ကုန်ကျစရိတ်အား အကျိုးသက်ဆိုင်သူများမှ ပေးဆောင်ရမည်။

၆၀။ ဒေသဆိုင်ရာအညွှန်း၏ အခွင့်အရေးများ ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ အမှတ်တံဆိပ်အခွင့်အရေး ထိပါးချိုးဖောက်မှုများ၏ အရေးယူမှုဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဆီလျော်သလို ကျင့်သုံးရမည်။

### အခန်း(၁၆)
### ကုန်သွယ်မှုအမည်

၆၁။ (က) ကုန်သွယ်မှုအမည်သည် အမှတ်တံဆိပ်တစ်ခု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ယင်းကုန်သွယ်မှုအမည်ကို မှတ်ပုံတင်ခြင်း မပြုသော်လည်း အကာအကွယ်ပေးရမည်။

(ခ) အမည် သို့မဟုတ် သတ်မှတ်ဖော်ပြချက်တစ်ရပ်၏ သဘောသဘာဝအရဖြစ်စေ၊ ယင်းကို ထည့်သွင်းအသုံးပြုခြင်းအားဖြင့်ဖြစ်စေ အများပြည်သူ၏ အေးချမ်းတည်ငြိမ်ရေး သို့မဟုတ် ကိုယ်ကျင့်သိက္ခာကို ဆန့်ကျင်ထိပါးစေလျှင်၊ အထူးသဖြင့် ယင်းအမည်ဖြင့် ဖော်ပြထားသော စီးပွားရေးလုပ်ငန်းသဘောသဘာဝသည် ကုန်သွယ်မှုနယ်ပယ် သို့မဟုတ် အများပြည်သူကို လှည့်ဖြားသကဲ့သို့ ဖြစ်ပေါ်စေလျှင် ယင်းအမည် သို့မဟုတ် သတ်မှတ်ဖော်ပြချက်ကို ကုန်သွယ်မှု အမည်အဖြစ် အသုံးမပြုရ။

(ဂ) ကုန်သွယ်မှုအမည်တစ်ခုနှင့် ထပ်တူ သို့မဟုတ် အလားတူသော အမှတ်အသားကို အခြားကုန်သွယ်မှုအမည်အဖြစ်လည်းကောင်း၊ အမှတ်တံဆိပ်အဖြစ်လည်းကောင်း ခွင့်ပြုချက်တစ်စုံတစ်ရာ မရှိဘဲ အသုံးပြုခြင်းသည် အများပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေလျှင် ကုန်သွယ်မှုအမည်ကို အကာအကွယ်ပေးရမည်။

### အခန်း(၁၇)
### အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်လျှောက်ထားခြင်း

၆၂။ အပြည်ပြည်ဆိုင်ရာ အမှတ်တံဆိပ်မှတ်ပုံတင်စနစ် သဘောတူစာချုပ်သို့ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးနောက် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားလိုသူများသည် အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်စနစ်ကိုကျင့်သုံးလိုပါက သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

### အခန်း(၁၈)
### အယူခံခြင်း

၆၃။ (က) မှတ်ပုံတင်အရာရှိက ဤဥပဒေအရ ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အယူခံမှုတွင် ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် သက်သေခံအထောက်အထားများ ထပ်မံရယူရန် ညွှန်ကြားခြင်းပြုနိုင်သည်။

၆၄။ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သောဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ဤကိစ္စအလို့ငှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီရင်ပိုင်ခွင့်အာဏာအပ်နှင်းထားသည့် တရားရုံးသို့ အယူခံလျှောက်ထားနိုင်သည်။

### အခန်း( ၁၉)
### တရားရုံးတည်ထောင်ခြင်း

၆၅။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်-

(က) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြစ်မှုကြောင်းအရ ဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သော နယ်မြေဒေသတွင် တရားရုံးများတည်ထောင်၍ တရားသူကြီးများကို ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်ထားသည့် တရားသူကြီးများကို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်နိုင်ရန်စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဂ) ပုဒ်မခွဲ(က) အရ တရားရုံးများကို တည်ထောင်ခြင်း မပြုမီ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် အပ်နှင်းသည့် တရားရုံးအား အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဃ) တရားရုံးများက ချမှတ်သော စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

(င) ညွှန်ကြားရေးမှူးချုပ်က ချမှတ်သော ဆုံးဖြတ်ချက်အပေါ် အယူခံမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သည့် တရားရုံးသို့ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းရမည်။

### အခန်း(၂၀)
### အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို အကောက်ခွန်ရုံးက အကာအကွယ်ပေးခြင်း

၆၆။ အခွင့်အရေးရရှိသူသည် အမှတ်တံဆိပ်အတုကို အသုံးပြုထားသည်ဟု စွပ်စွဲခံထားရသော ကုန်ပစ္စည်းများကို နိုင်ငံတော်နယ်နိမိတ်အတွင်းသို့ တင်သွင်းထားကြောင်း သို့မဟုတ် တင်သွင်းလျက်ရှိကြောင်း သို့မဟုတ် တင်သွင်းရန်ရှိကြောင်း သံသယဖြစ်ဖွယ်ရာ ခိုင်လုံသော အထောက်အထားရှိပါက အဆိုပါကုန်ပစ္စည်း ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့မိန့်ထုတ်ပေးရန် သတ်မှတ်ချက်နှင့်အညီ အကောက်ခွန် အာဏာပိုင်များထံသို့ လျှောက်ထားနိုင်သည်။

၆၇။ (က) အကောက်ခွန်အာဏာပိုင်များသည် -

(၁) ပုဒ်မ ၆၆ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့် နေ့ရက်မှ ရုံးဖွင့်ရက် ရက်ပေါင်း ၃၀ ရက်ထက်မကျော်လွန်သော သင့်လျော်သည့် ကာလတစ်ခုအတွင်း ယင်းလျှောက်လွှာအား လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

(၂) လျှောက်ထားချက်အား စိစစ်ရန်လိုအပ်သော သတင်းအချက်အလက်များ မပြည့်စုံခဲ့လျှင် လျှောက်ထားသူမှ အကြောင်းကြားစာထုတ်ပြန်သည့် နေ့ရက်မှ ရုံးဖွင့်ရက် ၁၀ ရက်ထက် မကျော်လွန်သော သင့်လျော်သည့် ကာလတစ်ခုအတွင်း သတင်းအချက်အလက်များ ထပ်မံဖြည့်စွက်ပေးပို့ရန် ယင်း၏ဆုံးဖြတ်ချက်ကို လျှောက်ထားသူထံ အကြောင်းကြားစာပေးပို့၍ ရွှေ့ဆိုင်းရမည်။

(၃) လျှောက်ထားချက်ကို လက်ခံရာတွင် အာမခံချက်တစ်ရပ်ကို လျှောက်ထားသူမှပေးရန် သတ်မှတ်နိုင်သည်။

(၄) လျှောက်ထားချက်ကို ငြင်းပယ်ခဲ့လျှင် အကြောင်းပြချက်ကို ရှင်းလင်းစွာ ဖော်ပြရမည်။

(ခ) အခွင့်အရေးရရှိသူသည် ပိုမိုတိုတောင်းသော အချိန်ကာလတစ်ခုကို တောင်းဆိုခြင်းမပြုခဲ့လျှင် ပုဒ်မခွဲ(က)ပါ လုပ်ဆောင်မှုများသည် ခြောက်လအထိ သက်ရောက်မှုရှိစေရမည်။

၆၈။ (က) အကောက်ခွန်အာဏာပိုင်များသည် ပုဒ်မ ၆၇ အရ လျှောက်ထားချက်အား လက်ခံပြီးနောက် အမှတ်တံဆိပ်အတုကို အသုံးပြု၍ တင်သွင်းသော ကုန်ပစ္စည်းဖြစ်သည်ဟု ယူဆနိုင်သော သေချာသည့် အထောက်အထားများရှိလျှင် အဆိုပါ ကုန်ပစ္စည်းများ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့ထားရမည်။ ယင်းသို့ ဆိုင်းငံ့ထားခြင်းကို လျှောက်ထားသူနှင့် တင်သွင်းသူတို့အား ချက်ချင်း အကြောင်းကြားရမည်။

(ခ) အဆိုပါကုန်ပစ္စည်းသည် အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းဖြစ်ကြောင်း လျှောက်ထားသူ၏ တောင်းဆိုချက် မှန်ကန်ကြောင်း သက်သေပြရန် အလို့ငှာ အကောက်ခွန်အာဏာပိုင်များသည် လျှို့ဝှက်သတင်းအချက်အလက်များအား မပေါက်ကြားစေဘဲ ဆိုင်းငံ့ထားသော ကုန်ပစ္စည်းများကို လျှောက်ထားသူနှင့် တင်သွင်းသူတို့ကို လုံလောက်သော စစ်ဆေးခွင့်ပြုရမည်။

၆၉။ (က) လျှောက်ထားသူထံ ဆိုင်းငံ့မိန့်ကို အသိပေးအကြောင်းကြားပြီးနောက် ရုံးဖွင့်ရက် ၁၀ ရက်ထက် မကျော်လွန်သော အချိန်ကာလအတွင်း လျှောက်ထားသူမှ အမှုကိစ္စအမှားအမှန်အပေါ် ဆုံးဖြတ်နိုင်ရန် အရေးယူဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်နေကြောင်း သို့မဟုတ် တရားရုံးမှ ကုန်ပစ္စည်းစီးဆင်းမှုဆိုင်းငံ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များသည် ကြန့်ကြာနေကြောင်း အကောက်ခွန်အာဏာပိုင်များထံသို့ အကြောင်းကြားခဲ့ခြင်းမရှိလျှင် ယင်းကုန်ပစ္စည်းကို ကင်းလွတ်ခွင့်ပြုရမည်။ သင့်လျော်သော ကိစ္စရပ်များတွင် ထိုသတ်မှတ်သည့် အချိန်ကာလကို ပထမရုံးဖွင့်ရက် ၁၀ ရက်မကုန်ဆုံးမီ အကောက်ခွန်အာဏာပိုင်များ၏ ဆုံးဖြတ်ချက်ဖြင့် နောက်ထပ်ရုံးဖွင့်ရက် ၁၀ ရက်ထပ်မံ တိုးချဲ့နိုင်သည်။

(ခ) ပျက်စီးလွယ်သော ကုန်ပစ္စည်းများဖြစ်ပါက သတ်မှတ်ထားသော ရုံးဖွင့်ရက် ၁၀ ရက်မှ သုံးရက်သို့ လျှော့ချရမည်။ အဆိုပါ သုံးရက်ကို ထပ်မံတိုးချဲ့ခြင်းမပြုနိုင်။

၇၀။ ဆိုင်းငံ့မိန့်အကြောင်းကြားစာကို လက်ခံရရှိပြီးနောက် တင်သွင်းသူသည် ဆိုင်းငံ့မိန့်အား ပြန်လည်စိစစ်ရန်နှင့် ကြားနာခွင့်ပြုရန်အတွက် သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် ပြန်လည်စိစစ်ရန် အခွင့်အရေးတောင်းဆိုသည့်ရက်မှ ရုံးဖွင့်ရက် ၂၀ရက်ထက်မကျော်လွန်သော သင့်လျော်သည့် ကာလတစ်ခုအတွင်း ဆိုင်းငံ့ကာလကို ပြင်ဆင်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုလုပ်ရမည်။

၇၁။ တရားရုံးက အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းမှန်ကန်ကြောင်း ဆုံးဖြတ်ခဲ့လျှင် တင်သွင်းသူသည် အဆိုပါကုန်ပစ္စည်းများအား ထိန်းသိမ်းခြင်း၊ ဖျက်ဆီးခြင်း၊ ဖယ်ရှားခြင်းတို့အတွက် ကုန်ကျစရိတ်များကို အကောက်ခွန်ရုံးသို့ ပေးဆောင်ရမည်။ အကောက်ခွန်အာဏာပိုင်များအနေဖြင့် တင်သွင်းသူထံမှ အဆိုပါကုန်ကျစရိတ်များကို မရရှိခဲ့လျှင် လျှောက်ထားသူသည် အဆိုပါကုန်ကျစရိတ်များအား ပေးဆောင်ရန် တာဝန်ရှိပြီး တင်သွင်းသူထံမှ ထိုသို့ပေးဆောင်ရမည့် မည်သည့်စရိတ်ကိုမဆို ပြန်လည်ရပိုင်ခွင့်ရှိစေရမည်။

၇၂။ တရားရုံးက အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းမဟုတ်ကြောင်း ဆုံးဖြတ်ခဲ့လျှင် အဆိုပါကုန်ပစ္စည်းများကို မှားယွင်းစွာဆိုင်းငံ့ခြင်းနှင့် ယာယီ ထိန်းသိမ်းခြင်းတို့ကြောင့် ဖြစ်ပေါ်သည့် နစ်နာကြေးကို တရားရုံးမှ သတ်မှတ်ဆုံးဖြတ်သည့်ပမာဏအတိုင်း လျှောက်ထားသူမှ တင်သွင်းသူထံ ပေးဆောင်ရမည်။

၇၃။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းများအား စီးပွားရေးအလို့ငှာမဟုတ်ဘဲ ကုန်ပစ္စည်းတင်သွင်းသူက ကိုယ်ပိုင်သုံးရန်ရည်ရွယ်၍ ခရီးသည်ဝန်စည်အနေဖြင့် ယူဆောင်လာသော ကုန်ပစ္စည်းနှင့်သော်လည်းကောင်း၊ အနည်းငယ်မျှသာ တင်သွင်း၊ တင်ပို့လာသော ကုန်ပစ္စည်းနှင့်သော်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ။

၇၄။ အကောက်ခွန်အာဏာပိုင်များသည် အမှတ်တံဆိပ်အတုကို အသုံးပြုထားသည်ဟု စွပ်စွဲထားသည့် ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့်လည်းကောင်း၊ အခြားနိုင်ငံမှ အကောက်ခွန်အာဏာပိုင်များနှင့် လည်းကောင်း သတင်းအချက်အလက်များ ဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်သည်။

### အခန်း(၂၁)
### အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါး ချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ တရားရုံး၏လုပ်ပိုင်ခွင့်များ

၇၅။ (က)အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ နစ်နာသူ မည်သူမဆို ပုဒ်မ ၇၇ နှင့် ပုဒ်မ ၇၈ ပါ ပြဋ္ဌာန်းချက်များအရ ယာယီအရေးယူဆောင်ရွက်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ နစ်နာသူမည်သူမဆို ပြစ်မှုကြောင်းဖြင့်ဖြစ်စေ၊ တရားမကြောင်းဖြင့်ဖြစ်စေ အရေးယူပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

၇၆။ တရားရုံးသည် -

(က) အမှတ်တံဆိပ်ပိုင်ရှင် မဟုတ်သော အခြားသူတစ်ဦးက ယင်းအမှတ်တံဆိပ်ပိုင်ရှင်၏ သဘောတူခွင့်ပြုချက်မပါဘဲ ပုဒ်မ ၃၅ ပါ အခွင့်အရေးတစ်ခုခုကို နိုင်ငံတော်တွင် ကျင့်သုံးဆောင်ရွက်ပါက ဤဥပဒေအရ အကာအကွယ်ပေးထားသော အမှတ်တံဆိပ်ကို ချိုးဖောက်သည်ဟု မှတ်ယူရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ ၂၈ နှစ်တာခရီး (အပိုင်း-၂)

**မြင့်စိုး(နတလ)**

ဟိုမိန်းမြို့ကလေး၏ မြို့လယ်နေရာနားလောက်တွင်ရှိနေသော ဘောလုံးကွင်းထဲသို့ ကျွန်တော်ရောက်ရှိသွားချိန်တွင် ဗဟိုပွဲကြည့်စင်ကဲ့သို့ ပြုလုပ်ထားသည့်နေရာ၌ လူတစ်ယောက်ထိုင်နေသည်ကို တွေ့လိုက်ရသည်။ ရှပ်အင်္ကျီအဖြူရောင်လက်ရှည်၊ ဘောင်းဘီရှည်အနက်တို့ကို သပ်ရပ်စွာဝတ်ဆင်၍ တောက်ပြောင်နေသော ရှူးဖိနပ်အနက်ကိုလည်း စီးထားသေးသည်။ ခေါင်းမှဆံပင်ကလည်း ကြော့နေ၏။ ဟိုမိန်းကိုရောက်ပြီးကတည်းက ကျွန်တော်တွေ့ဖူးသမျှလူတွေထဲမှာ ထိုပုဂ္ဂိုလ်မပါသေးသည်ကတော့ အလွန်သေချာနေပေသည်။

ဟိုမိန်းမြို့ရုပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ညနေ ၄ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ နယ်မြေခံတပ်မမှူးနှင့်တကွ MTA အဖွဲ့မှတာဝန်ရှိသူများ၊ ဟိုမိန်းဒေသအထူးအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအားလုံးကို ဖိတ်ကြားထားခဲ့သည်။ မည်သူမှ ဘောလုံးကွင်းသို့မရောက်သေးမီ ယခုလို နာရီဝက်ခန့်စော၍ လာရောက်နေရာယူထားခြင်းပင်။ ထိုနေ့အဖွင့်ပွဲစဉ်တွင် ဒိုင်လုပ်ပေးမည့် နားမိုင်ရပ်ကွက်ဥက္ကဋ္ဌ ဦးရွက်ခေးကြီးရောက်လာချိန်၌ ထိုပုဂ္ဂိုလ် မည်သူမည်ဝါဖြစ်ကြောင်း မေးမြန်းကြည့်ခဲ့ရာ MTA အဖွဲ့တွင် စစ်ဦးစီးချုပ်တာဝန်ထမ်းဆောင်ခဲ့သော ဦးကျန်ဆုရှင်ဖြစ်ကြောင်း သိလိုက်ရသည်။ သြော်... ဒါ့ကြောင့်လည်း ကျန်ဆုရှင်ဖြစ်နေခဲ့တာကိုး။ အချိန်ကို လေးစားတတ်သူ၊ သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်တတ်သူ၊ သွက်လက်ဖျတ်လတ်စွာ လှုပ်ရှားဆောင်ရွက်တတ်သူအဖြစ် မိနစ်ပိုင်းအတွင်းမှာပင် ကောက်ချက်ချနိုင်ခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်များဆီက ရှမ်းပြည်နယ် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး၌ တာဝန်ထမ်းဆောင်နေကြသော ရုရှားလူမျိုးဆရာဝန်နှစ်ဦးကို အစီအစဉ်တကျပြန်ပေးဆွဲရာ၌ ခေါင်းဆောင်ခဲ့သူ၊ ထိုစဉ်က ထိန်းသိမ်းခံထားရသော လွယ်မော်ခေါင်းဆောင် ဦးခွန်ဆာ ပြန်လည်လွတ်မြောက်ရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သူလည်းဖြစ်ပေသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဖွဲ့စည်းပေးသည့် ဗိုလ်မှူးငွေထွန်းခေါင်းဆောင်သော မိမိတို့ ဟိုမိန်းဒေသ အထူးအုပ်ချုပ်ရေးအဖွဲ့အနေဖြင့် ၁၉၉၆ ခုနှစ် ဇန်နဝါရီလ တတိယပတ်တွင် ရန်ကုန်မှ နမ့်စန်လေဆိပ်သို့ လေယာဉ်ခရီးစဉ်ဖြင့် သွားရောက်ကြသည်။ နမ့်စန်မှ လင်းခေးသို့ မော်တော်ယာဉ်ဖြင့်၊ လင်းခေးမှ ဟိုမိန်းခရီးအတွက်မူ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ကြခြင်း ဖြစ်သည်။ ထိုစဉ်က အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် လင်းခေးစစ်ဗျူဟာမှ ယာယီစစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီးသိန်းညွှန့် (နောင်တွင် နယ်စပ်/စည်ပင်ဝန်ကြီးဌာန ဝန်ကြီးတာဝန်ထမ်းဆောင်ခဲ့သူ)ကိုယ်တိုင် ရဟတ်ယာဉ်နှင့်အတူ လိုက်ပါပို့ဆောင်ပေးခဲ့သည်။



၁၉၉၆ခုနှစ်က ဟိုမိန်းမြို့ကောက်စိုက်ပွဲ၌ ပါဝင်လုပ်အားပေးခဲ့သူများ

ဟိုမိန်းသို့ရောက်သောအခါ ရှေ့တန်း အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးမိုးဟိန်း(နောင်တွင် ဗိုလ်ချုပ်မိုးဟိန်း)၊ တပ်မတော်ထောက်လှမ်းရေးမှ ဗိုလ်မှူးစန်းပွင့် (ဗိုလ်မှူးကြီးစန်းပွင့်)တို့နှင့် စတင်ဆုံတွေ့ခဲ့ကြပြီး MTA အဖွဲ့၏ အကြွင်းမဲ့လက်နက်စွန့်ခဲ့သည့်ဖြစ်စဉ်အဆင့်ဆင့်နှင့် ဟိုမိန်းဒေသ၏ နောက်ဆုံးအခြေအနေတို့ကို သိရှိလေ့လာခွင့်ရခဲ့သည်။ လွယ်မော်အဖွဲ့နှင့် ကျွန်တော်က တန့်ယန်းဒေသမှာ တာဝန်ထမ်းဆောင်ချိန်တွင် စတင်ရေစက်ဆုံခဲ့ခြင်းဖြစ်သည်။ လူကိုမမြင်ဖူးသော်ငြား ခေါင်းဆောင်ပိုင်း တော်တော်များများကို ကြားဖူးခဲ့သည်။ ထိုစဉ်က SUA မြောက်ပိုင်း(ဗဟို)တာဝန်ခံအဖြစ် ဆောင်ရွက်နေသူမှာ ဗိုလ်မွန်း(ယခု မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့ခေါင်းဆောင် ဦးစိုင်းမွန်း)ဖြစ်သည်။ ထိုအချိန်ကတည်းက လွယ်မော်အဖွဲ့၏ သမိုင်းကြောင်းကို အနည်းငယ် တီးမိခေါက်မိရှိခဲ့ပြီးဖြစ်သည်။

တန့်ယန်း/နောင်လိုင်ဒေသ၌ ဦးခွန်ဆာခေါင်းဆောင်သော လွယ်မော်ကာကွယ်ရေးအဖွဲ့ကို တပ်မတော်ကပင် စတင်ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်၏။ ၎င်းအဖွဲ့သည် တရုတ်ဖြူများနှင့်ဆက်သွယ်မိကာ ဘိန်းရောင်း၊ ဘိန်းဝယ်လုပ်ငန်းများလုပ်ခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် တောခိုသည်။ ၁၉၆၆ ခုနှစ်ဝန်းကျင်တွင် တပ်မတော်နှင့်ပြန်လည်ဆက်သွယ်ခဲ့ပြီး တရုတ်ဖြူလက်ကျန်များကို တိုက်ပေးသဖြင့် ၎င်းလွယ်မော်ကာကွယ်ရေးအဖွဲ့အား ၁၉၆၈ ခုနှစ်၌ တန့်ယန်းဒေသတွင် ပြန်လည်ရပ်တည်ခွင့်ပေးခဲ့သည်။

သို့သော် လွယ်မော်အဖွဲ့သည် မူးယစ်ဆေးဝါးလုပ်ငန်းများကို စွန့်လွှတ်ခြင်းမရှိသည့်အပြင် တန့်ယန်းရဲစခန်းကိုပါ ဝင်ရောက်ပစ်ခတ်ခြင်းများပြုလုပ်ခဲ့ကြ၍ ၎င်းတို့အဖွဲ့အား လက်နက်များပြန်အပ်ရန် သက်ဆိုင်ရာမှ ညွှန်ကြားခဲ့သည်။ လွယ်မော်အဖွဲ့က လိုက်နာခြင်းမရှိဘဲ အချိန်ဆွဲနေ၍ ဦးခွန်ဆာ အထိန်းသိမ်းခံရ၏။ ထိုသောအခါ လွယ်မော်အင်အား ၁၀၀၀ ခန့်ကို လွယ်မော်အဖွဲ့ ဒုတိယခေါင်းဆောင် ဦးကျန်ဆုရှင်က ဦးဆောင်၍ ထပ်မံတောခိုပြီး မြန်မာ-ထိုင်းနယ်စပ်တွင် လှုပ်ရှားခဲ့သည်။ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်များနှင့်အတူ ၁၉၇၄ ခုနှစ်တွင် ဦးခွန်ဆာ လွတ်မြောက်ပြီးနောက် ၁၉၇၆ ခုနှစ်တွင် တောခိုလွယ်မော်အဖွဲ့အား သွားရောက်ပူးပေါင်းခဲ့သည်။ ထိုအချိန်မှစ၍ ဟိုမိန်းကို ဌာနချုပ်ပြုလုပ်ကာ လှုပ်ရှားခဲ့သည်။

၁၉၈၄ ခုနှစ်တွင် လွယ်မော်အဖွဲ့များသည် ဆန်ကလန်ဒေသရှိ တရုတ်ဖြူစခန်းများ၊ မယ်အောဒေသရှိ 'ဝ' အဖွဲ့စခန်းများကို တိုက်ခိုက်၍ နယ်မြေချဲ့ထွင်ခဲ့သည်။ SURA ဦးမိုးဟိန်းအဖွဲ့အား လက်နက်၊ ငွေကြေးထောက်ပံ့၍ SURA နှင့်ပူးပေါင်းကာ MTA အမည်ပြောင်းခဲ့သည်။ SSA အဖွဲ့ ငြိမ်းချမ်းရေးယူသည့်အခါ ၎င်းမှ ခွဲထွက်လာသော စိုင်းလိတ်(ကုလား)အဖွဲ့အား သိမ်းသွင်းခဲ့သည်။ ယင်းနောက် မဒတ(မြောက်ပိုင်း) SSPP လက်ကျန်များအားလုံးကို MTA က စည်းရုံးသိမ်းသွင်းနိုင်ခဲ့သည်။

၁၉၉၁ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ဦးခွန်ဆာ၊ စိုင်းလိတ်(ကုလား)၊ ဦးတာကလယ်(ရလလဖ) တို့ ပါဝင်သော ရှမ်းပြည်ပြန်လည်ရှင်သန်ရေးကောင်စီ(SSRC)ကို ဖွဲ့ခဲ့သည်။ MTA အဖွဲ့သည် မူးယစ်ဆေးဝါးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ခဲ့သလို ဟိုမိန်းဒေသသို့ ပြည်ပမှလူများ အဝင်/အထွက်များလာပြီး နိုင်ငံရေးခြေရှုပ်မှုများ ပြုလုပ်လာခဲ့သည်။ ၁၉၉၃ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် ဟိုမိန်းစခန်းမှနေ၍ ရှမ်းပြည်နယ်အား သီးခြားလွတ်လပ်သောနိုင်ငံအဖြစ် ကြေညာခဲ့သလို ၁၉၉၄ ခုနှစ်တွင် လွတ်လပ်သောရှမ်းနိုင်ငံတော်ထူထောင်ရေး စိတ်ကူးစိတ်သန်းများဖြင့် တိုက်ကွက်များ ဖော်ဆောင်လာခဲ့ကြသည်။ MTA သည် မုံးကျုတ်ဒေသတွင် တပ်မတော်အားရင်ဆိုင်ခဲ့ရာ၌ အထိနာခဲ့သည်။ ထို့အပြင် MTA အတွက် ကြီးမားသောထိုးနှက်ချက်တစ်ရပ်နှင့်လည်း ကြုံခဲ့ရသည်။ ၎င်းမှာ ဦးခွန်ဆာ၏ သားတပည့်လိုဖြစ်ခဲ့သော ကန်ရွက်သည် ရှမ်းတိုင်းရင်းသားများကို ခေါင်းဆောင်ကာ ၁၉၉၅ ခုနှစ် ဇွန်လအတွင်း MTA မှ ခွဲထွက်ခြင်းပေတည်း။

ယင်းသို့ပြောင်းလဲမှုများနှင့် ကြုံကြိုက်ခဲ့ရသလို တစ်ဖက်မှလည်း နိုင်ငံတော်အစိုးရ၏ နယ်စပ်ဒေသ တိုင်းရင်းသားများနှင့် တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးအဖွဲ့အစည်းများအပေါ် ထားရှိသည့် သဘောထားခံယူချက်များကို ယုံကြည်လက်ခံလာခဲ့သည်။ MTA ခေါင်းဆောင်ပိုင်းတွင် တိုင်ပင်ဆွေးနွေးချပြီး အကြွင်းမဲ့လက်နက်စွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ MTA အဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်း အခမ်းအနားကို နေရာဒေသများခွဲ၍ ၁၉၉၆ ခုနှစ် ဇန်နဝါရီ ၅ ရက်နှင့် ၆ ရက်နေ့များက ပြုလုပ်ခဲ့ရာ MTA တပ်ဖွဲ့တွင် လူအင်အား ၁၄၀၀၀၊ လက်နက်မျိုးစုံ ၉၀၀၀ ကျော် ပါဝင်ခဲ့သည်။

ဟိုမိန်းကိုရောက်ပြီး တစ်ပတ်ခန့်ကြာသောအခါ ဥက္ကဋ္ဌကိုငွေထွန်းက အဖွဲ့ဝင်များဖြစ်သော ကျွန်တော်တို့အား လုပ်ငန်းတာဝန်များ ခွဲဝေပေးပါသည်။ ကျွန်တော်က နတလတာဝန်ခံအနေဖြင့် စိုက်ပျိုးရေး၊ ပညာရေးနှင့် စာပေယဉ်ကျေးမှုလုပ်ငန်းများကို တာဝန်ယူရန်၊ တရားသူကြီး ဦးဝင်းမြင့်ဦးနှင့် ရှေ့နေဦးစိုးသန်းတို့က တရားရေးဆိုင်ရာများ၊ ရဲမှူးဦးဝင်းတင်က လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာများ၊ အကောက်ခွန် ဦးတင်ဝင်းအဖွဲ့က လမ်းပန်းဆက်သွယ်ရေးနှင့် နယ်စပ်ဂိတ်ဆိုင်ရာများ၊ လဝကဦးစီးမှူး ဦးသန်းမြင့်နှင့်အဖွဲ့က လူဦးရေစာရင်းဇယားများကောက်ယူခြင်းနှင့် မှတ်ပုံတင်ပြုလုပ်ပေးခြင်းလုပ်ငန်းများ၊ ထွေ/အုပ်ဦးစီးမှူး ဦးမောင်မောင်က အထွေထွေအုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များ၊ ဗိုလ်ကြီးကျော်ဆွေ (နောင်တွင် ဗိုလ်မှူးချုပ်ကျော်ဆွေ)က အတွင်းရေးမှူးတာဝန်များကို ခွဲဝေဆောင်ရွက်ကြသည်။

ရပ်မိရပ်ဖများဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပြန်လည်ဖွဲ့စည်း၍ ဟိုမိန်းဒေသ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။ ပင်မလုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရင်းဖြင့် နယ်မြေလူထုနှင့် ရင်းနှီးစွာ ထိတွေ့ခွင့်ရရှိစေမည့် အကြောင်းအရာများကိုလည်း ဖန်တီးလုပ်ဆောင်ခဲ့ကြသည်။ ဥပမာအားဖြင့် အထက်က ကျွန်တော်ပြောခဲ့သော ဘောလုံးပြိုင်ပွဲများ၊ ဧပြီလတွင် ဟိုမိန်းသင်္ကြန်ပွဲ၊ မိုးတွင်းကာလတွင် အမှတ်(၂၀၃)စပါးမျိုးများဖြင့် စုပေါင်းကောက်စိုက်ပွဲ စသည့်....စသည်ဖြင့်။

ထိုစဉ်က အမှတ်(၂၀၃) စပါးမျိုးများကို အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး (ကွယ်လွန်)၏ လမ်းညွှန်ချက်ဖြင့် ပို့ပေးခဲ့ခြင်းဖြစ်သည်။ လက်တွန်းလယ်ထွန်စက်များ၊ ဓာတ်မြေသြဇာများလည်း ရရှိခဲ့၏။ ထိုကဲ့သို့ အထောက်အကူပြုပစ္စည်းများ ရရှိပြီးနောက် လယ်ယာမြေများဖော်ထုတ်၍ စုပေါင်းကောက်စိုက်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။ ကောက်စိုက်ပွဲသို့ ကောက်စိုက်သမ ၃၀၀ ခန့် လာရောက်လုပ်အားပေးသဖြင့် အံ့သြဘနန်းဖြစ်ခဲ့ရသေးသည်။ ကျွန်တော် မြစ်ဝကျွန်းပေါ်သား လယ်ထဲကိုင်းထဲ၌ ကြီးပြင်းခဲ့သူ၊ ရွာက ဘကြီးဘထွေးများလယ်မှာ ကောက်စိုက်ပြီဆိုလျှင် ကောက်စိုက်သမ ၁၀ ယောက်ထက် မပိုပါ။ ကျောင်းကောက်စိုက်ပွဲလုပ်အားပေးဆိုလျှင်လည်း ၅၀၊ ၁၀၀ ထက် ပိုမမြင်ဖူးခဲ့။ ယခု ၃၀၀ ခန့်သော ကောက်စိုက်သမများသည်ကား အချိန်ကာလကြာမြင့်စွာ ဟိုမိန်းဒေသသို့ ရောက်ရှိနေကြပြီး လယ်ထဲကိုင်းထဲသို့ မဆင်းကြရသည်မှာ ကြာပြီဖြစ်သည့် ရှမ်းပြည်နယ်ဒေသအသီးသီးမှ တိုင်းရင်းသူ သွေးချင်းများပါပေတည်း။

မလုပ်ရတာကြာပြီဖြစ်သည့်အလုပ်ကို ပြန်လည် လုပ်ကိုင်ကြရသဖြင့် သူတို့ အလွန်ပျော်နေကြသည်။ မောသည်ပန်းသည် သဘောမထား၊ ကောက်ညှင်းပေါင်းနှင့် အကြော်စားရင်း စိုက်လိုက်ကြသည်မှာ လယ်ငါးဧကကို ခဏကလေးပင်။ ထိုအမျိုးသမီးများသည် ယခင်က လွယ်မော်အဖွဲ့အောက်တွင် W.A.S.S အမည်ဖြင့် ဖွဲ့စည်းထားသော ရှမ်းပြည်နယ်လုံးဆိုင်ရာ အမျိုးသမီးအသင်းကြီးမှ အဖွဲ့ဝင်များဖြစ်ကြသည်။ ဦးခွန်ဆာ၏တပည့် ဒေါ်ခေးဆစ်နှင့် SURA အဖွဲ့ခေါင်းဆောင် ဦးမိုးဟိန်း(ကွယ်လွန်)၏တပည့် ဒေါ်နွှောင်းတို့က ခေါင်းဆောင်ခဲ့ကြခြင်းဖြစ်သည်။ သူတို့ထံမှ အကူအညီအများကြီးရခဲ့၏။ ဟိုမိန်းသင်္ကြန်ကိုလည်းကောင်း၊ ကွယ်လွန်သွားကြပြီဖြစ်သော ကျွန်တော့်တပည့်ကျော်များဖြစ်သည့် ဇော်အောင်နှင့် ဇော်ဝင်းတို့ကိုလည်းကောင်း ယနေ့တိုင် မမေ့နိုင်ခဲ့ပါ။

**(ဆက်လက်ဖော်ပြပါမည်။)**

**လွယ်မော်အဖွဲ့သည် မူးယစ်ဆေးဝါးလုပ်ငန်းများကို စွန့်လွှတ်ခြင်းမရှိသည့်အပြင် တန့်ယန်းရဲစခန်းကိုပါ ဝင်ရောက်ပစ်ခတ်ခြင်းများပြုလုပ်ခဲ့ကြ၍ ၎င်းတို့အဖွဲ့အား လက်နက်များပြန်အပ်ရန် သက်ဆိုင်ရာမှ ညွှန်ကြားခဲ့သည်။ လွယ်မော်အဖွဲ့က လိုက်နာခြင်းမရှိဘဲ အချိန်ဆွဲနေ၍ ဦးခွန်ဆာ အထိန်းသိမ်းခံရ၏။ ထိုသောအခါ လွယ်မော်အင်အား ၁၀၀၀ ခန့်ကို လွယ်မော်အဖွဲ့ ဒုတိယခေါင်းဆောင် ဦးကျန်ဆုရှင်က ဦးဆောင်၍ ထပ်မံတောခိုပြီး မြန်မာ-ထိုင်းနယ်စပ်တွင် လှုပ်ရှားခဲ့သည်။ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်များနှင့်အတူ ၁၉၇၄ ခုနှစ်တွင် ဦးခွန်ဆာ လွတ်မြောက်ပြီးနောက် ၁၉၇၆ ခုနှစ်တွင် တောခိုလွယ်မော်အဖွဲ့အား သွားရောက်ပူးပေါင်းခဲ့သည်။**

## ကြက်ငှက်တုပ်ကွေး ပညာပေးဟောပြောပွဲနှင့် ကြက်ဥနှင့် ကြက်သားစားပွဲ ကျင်းပ

**မြောင်းမြ ဩဂုတ် ၁၁**

မြောင်းမြခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ (မြောင်းမြခရိုင်)က ကြီးမှူးကျင်းပသည့် ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း ကျန်းမာရေးပညာပေးဟောပြောပွဲနှင့် ကြက်ဥ၊ ကြက်သားစားပွဲကို ဩဂုတ် ၉ ရက်က မြောင်းမြ မြို့မြရွှေဝါခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာအောင်သူထွန်းက ကြက်ငှက်တုပ်ကွေးရောဂါ (H5N1)အကြောင်းနှင့် လတ်တလော မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော ရာသီတုပ်ကွေးရောဂါ(H1N1)နှင့် ကြက်ငှက်များတွင် ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေးရောဂါ(H5N1)တို့ ရောထွေးစွာ အထင်အမြင်မှားနေမှုများကို အသေးစိတ် ရှင်းလင်းသည်။ ထို့နောက် မြောင်းမြမြို့နယ်တွင်း ကြက်မွေးမြူရေးလုပ်ငန်း လက်ရှိ လုပ်ကိုင်နေပြီး ဧရာဝတီတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌလည်းဖြစ်သည့် ဦးမြင့်အောင်က ဟောပြောပွဲကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဟောပြောပွဲအပြီးတွင် ကြက်မွေးမြူရေးလုပ်ငန်းရှင်များက တည်ခင်းဧည့်ခံသော ကြက်ဥ၊ ကြက်သားစားပွဲကို ဆက်လက်ကျင်းပပြီး တာဝန်ရှိသူများက ဒေသခံ ပြည်သူများနှင့်အတူ ကြက်ဥကြက်သားများကို သုံးဆောင်ခဲ့သည်။ ကြက်ဥ၊ ကြက်သားများကို သေချာစွာ ချက်ပြုတ်ပြီး စားသောက်ပါက အန္တရာယ်ကင်းပြီး ကြက်ငှက်တုပ်ကွေးရောဂါမဖြစ်နိုင်ကြောင်း၊ မြောင်းမြမြို့နယ်အတွင်း၌လည်း လက်ရှိအချိန်အထိ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုလုံးဝမတွေ့ရှိကြောင်း ခရိုင်မွေးမြူရေးနှင့် ကုသရေး ဦးစီးမှူး၏ ပြောကြားချက်အရ သိရသည်။

**အောင်မင်း(မြောင်းမြ)**



အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သော Indonesia Fashion Week 2017 ပွဲကြီးတွင် နိုင်ငံတကာမှ ဒီဇိုင်နာများ၏ လက်ရာများ ပြသမှုနှင့်အတူ မြန်မာပြည်ကိုယ်စား သွားရောက်ပြသခဲ့ပြီး ယခုအချိန်တွင် နိုင်ငံတကာ ဖက်ရှင်ပရိသတ်များ၏ လက်ခံအားပေးမှုများ ရရှိထားသူ ဒီဇိုင်နာ မေမြတ်ဝါဆို (Happy Heart) ၏ မြန်မာချည်ထည်များကို ပန်းချီကနုတ်ပုံစံများပြုလုပ်ကာ ပြည်ပသို့ တင်ပို့မှုများနှင့်အတူ ထပ်မံဖန်တီးသွားမည့် အကြောင်းအရာများကို မေးမြန်းခဲ့သည်။

# မြန်မာ့ချည်ထည် စစ်စစ်များကို နိုင်ငံတကာသို့ ပွဲထုတ်ခဲ့သူ ဒီဇိုင်နာ မေမြတ်ဝါဆို

● ကိုလင်း

**မေး ။ မြန်မာ့ရိုးရာချည်ထည်တွေကို နိုင်ငံတကာအဆင့်မီအနေအထားဖြစ်အောင် ဘယ်လိုစိတ်ကူးနဲ့ ဖန်တီးဖြစ်သလဲဖြေပေးပါဦး။**

ဖြေ ။ ကျွန်မတို့ တိုင်းပြည်မှာက ပွဲလမ်းသဘင်ဆို ပိုးထည်တွေကိုပဲ ပြေးမြင်ကြပါတယ်။ ချည်ထည် ဆိုတာကို အားလုံးရဲ့စိတ်ထဲမှာ သာမန် အထည်အလိပ်ပုံစံမျိုးလောက်ပဲ သတ်မှတ်ထားကြတာကိုတွေ့ရပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ စိတ်ကူးတစ်ခု ရသွားတယ်။ ဒီဘက်ခေတ်လည်း ရောက်အောင်ရော အရင်ခေတ်ကိုလည်း ပြန်မြင်ယောင်အောင်ဆိုပြီးတော့ အင်ဒိုနီးရှားမှာ ကျင်းပတဲ့ ဖက်ရှင်ပွဲကြီးမှာ သွားရောက်ပြသခဲ့ပါတယ်။ အဓိကကတော့ ချည်ထည်တွေကို ပန်းချီပညာရှင် မနေခြည်ဝင်းရဲ့လက်ရာတွေနဲ့အတူ ချည်သားစစ်စစ်ပေါ်မှာ ကနုတ်ပန်းချီတွေ ရေးဆွဲပြီး သွားရောက်ပြသမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီပွဲကြီးမှာ မထင်မှတ်လောက်အောင် အားပေးကြတာတွေ့ရပါတယ်။ ပွဲပြီးလို့ နောက်တစ်ရက်ကျတော့ အင်ဒိုနီးရှား သံအမတ်ကြီးရဲ့ အမျိုးသမီးက ပြောပြပါတယ်။ သူတို့နိုင်ငံရဲ့ နာမည်ကြီးသတင်းစာ တစ်စောင်ဖြစ်တဲ့ “ဂျကာတာပို့စ်” မှာ မျက်နှာဖုံးအဖြစ် နှစ်ကြိမ်တိုင်တိုင် ကျွန်မရဲ့ဝတ်စုံတွေကို ဖော်ပြပေးခဲ့တယ်လို့ ပြောတယ်။ အဲဒီပွဲမှာ နိုင်ငံတကာက ဒီဇိုင်နာတွေ အများကြီးပါခဲ့ပါတယ်။ အဲဒီထဲမှာမှ ကျွန်မဖန်တီးတဲ့ ဒီဇိုင်းလေးတွေကို ကြိုက်နှစ်သက်ကြတဲ့အတွက် ဝမ်းသာပီတိဖြစ်ရတယ်။

**မေး ။ ချည်ထည်ကို ပွဲတက်ဝတ်စုံအဖြစ် ဖန်တီးရင်ရော အဆင်ပြေနိုင်လား။ ကျွန်တော်တို့ဆီမှာ ပွဲလမ်းသဘင်တွေဆိုရင် အမျိုးသမီးတွေဟာ ပိုးထည်တွေကို အဓိကဝတ်ဆင်ကြတယ်။ ညီမရဲ့အမြင်ကို ပြောပြပါဦး။**

ဖြေ ။ ကျွန်မတို့ဆီမှာတော့ ပွဲလမ်းသဘင်အတွက်က ပိုးထည်ကို ပိုပြီးမြင်ကြတယ်။ ချုပ်ကြဝတ်ဆင်ကြတယ်။ ကျွန်မကိုယ်တိုင်လည်း ဒီဇိုင်နာလည်းဖြစ်သလို အမျိုးသမီးဆိုတော့ အလှအပကို ကြိုက်တယ်။ ပွဲလမ်းအတွက်ဆိုရင် အရင်ဆုံး ဘယ်လိုပိုးစကို ဘယ်လိုချုပ်မလဲဆိုပြီး စဉ်းစားမိတယ်။ ဒါပေမယ့် ပိုးထည်တွေဟာနုတယ်။ စစ်မှန်တဲ့ပိုးတွေဟာ ပိုပြီးဂရုစိုက်ရတယ်။ ထိန်းသိမ်းရတယ်။ ရာသီဥတုနဲ့လည်း အမြဲမကိုက်ညီဘူး။ ချည်သားဆိုတာတော့ ကျွန်မတို့ မြန်မာအမျိုးသမီးတိုင်း ဝတ်ဆင်ဖူးတယ်။ ရာသီဥတုနဲ့လည်း ကိုက်ညီတယ်။ ဝတ်ရတာလည်း ပေါ့ပါးတယ်။ ဒါကြောင့် ချည်ထည်ကို အဆင့်မြှင့်ပြီးရင် ပိုးထည်တွေနေရာ အားလုံးမဟုတ်ရင်တောင် အရေးသိပ်မကြီးတဲ့ ပွဲတွေမှာ ဝတ်ဆင်ရင် ကောင်းမယ်လို့ ကျွန်မထင်ပါတယ်။ သူ့နေရာနဲ့သူပေါ့။ ဥပမာပြောရရင် သတို့သမီးလို ဝတ်စုံမျိုးမှာတော့ တောက်ပတဲ့ ပိုးဝတ်စုံဖြစ်သင့် သလို သာမန်ပွဲတက်သူအနေနဲ့ဆိုရင် မဖြစ်မနေ ပိုးထည်ဝတ်ဖို့ မလိုအပ်ဘူးလို့ ထင်ပါတယ်။ အခုနောက်ပိုင်းမှာ ချည်ထည်တွေကိုလည်း အဆင့်မြှင့်လာမယ်၊ ဒီဇိုင်းတွေကိုလည်း ပိုပြီးအနုစိတ်လုပ်လာနိုင် မယ်ဆိုရင် မြန်မာ့ရိုးရာအထည်တွေကို နိုင်ငံတကာဈေးကွက်အထိ တင်ပို့လို့ရနိုင်တယ်။ နောက်တစ်ခုက ချည်ထည်ကို အဆင့်မြှင့်နိုင်ခြင်းဟာ မြန်မာ့ရိုးရာရက်ကန်းထည်တွေကို အဆင့်မြှင့်နိုင်ခြင်းဖြစ်ပြီး ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းတွေအတွက် လည်း အများကြီး အထောက်အကူဖြစ်စေနိုင်မယ်လို့ ထင်ပါတယ်။

**မေး ။ ပြည်ပဈေးကွက်ကိုရော ပြပွဲပြီးတဲ့အခါ ရယူနိုင်ခဲ့သလား။ ပြည်ပကရော မှာယူတာမျိုးကြုံရလား။**

ဖြေ ။ ကနုတ်ပန်းချီနဲ့ ကျွန်မဒီဇိုင်းတွေကို ပြည်ပက မှာယူကြတယ်။ အဓိကကတော့ ချည်သားက ပေါ့ပါးတယ်။ ဒီဇိုင်းကို အရောင်နဲ့ဆိုးထားတာဖြစ်တဲ့အတွက် အလေးချိန်မရှိဘူး။ ပိုးသားဆိုရင်တော့ ပေါ်လွင်အောင် စီးကွင့်တွေထိုးကြရတယ်လေ။ အဲဒီတော့ ဝတ်စုံတွေက အလေးချိန်များတယ်။ သယ်ရတာခက်တယ်။ ချည်သားကတော့ လွယ်တယ်၊ ပေါ့ပါးတယ်။ ဒါကြောင့် နိုင်ငံခြားသားတွေ သဘောကျတယ်။ အရည်အသွေးနဲ့ ဒီဇိုင်းကိုတော့ သတိထားပြီး လုပ်ရတယ်။ အမှားခံလို့တော့မရဘူး။ နိုင်ငံခြားသူတွေ ကြိုက်ကြတယ်။ အခုကျွန်မဆီကို နိုင်ငံခြားသူတစ်ဦးက မင်္ဂလာဆောင်မှာ ဝတ်ဖို့အတွက် ချည်သားဒီဇိုင်းတစ်မျိုးမှာ ထားတာတောင် ရှိ တယ်။ ချည်သားပေါ်မှာ မြန်မာ့ရိုးရာကနုတ်တွေ၊ ဆေးပန်းချီတွေ သူတို့သဘောကျကြတယ်။ နောက်ပိုင်း တွင်ကျယ်လာမယ်လို့ ယုံကြည်တယ်။

**မေး ။ အခုနောက်ပိုင်းမှာ အိမ်နီးချင်းနိုင်ငံတွေကနေ ချိတ်ထည်တွေ တင်သွင်းရောင်းချနေတာတွေ ရှိတယ်။ အဲဒီအပေါ်မှာရော ပြည်တွင်းဒီဇိုင်နာတစ်ယောက်အနေနဲ့ဘယ်လိုမြင်ပါသလဲ။**

ဖြေ ။ ဟုတ်တယ်ရှင့်။ အခုနောက်ပိုင်းမှာ ပြည်ပကနေ ချိတ်အဆင်တွေဝင်လာတာတွေ့ရတယ်။ ဈေး ကလည်း အလွန်သက်သာတယ်။ ဒါပေမယ့် အရည်အသွေးကတော့ ပြည်တွင်းနဲ့ ဘာမှကို မဆိုင်ပါဘူး။ ပိုးထည်တစ်စုံဖြစ်ဖို့အတွက် ရက်ကန်းသမားတွေ ဘယ်လောက်ကြိုးစားကြရတယ်၊ အရည်အသွေးမြင့်တဲ့ ချိတ်တစ်ထည်အတွက် ဘယ်လောက်ကြာအောင် ဖန်တီးရတယ်ဆိုတာကို သူတို့သိကြမှာမဟုတ်ဘူး။ ဓာတုဗေဒတွေ၊ နည်းပညာတွေ သုံးထားတာကြောင့် အလွန်လှပါတယ်။ ဒါပေမယ့် အရည်အသွေးမှာတော့ မြန်မာ့ရိုးရာ ချိတ်ထဘီကို လုံးဝမမီ နိုင်ပါဘူး။ အဲဒီမှာ ကွာသွားတာက အမြတ်တနိုးဝတ်ဆင်တဲ့သူတွေက ဒီဇိုင်နာတွေဆီရောက်လာတယ်။ ဖန်တီးတယ်။ ချိတ်ကိုလည်း ဈေးကြီးပေးဝတ်ကြတယ်။ ဒါကလူတန်းစား တစ်မျိုးပေါ့။ နောက်တစ်မျိုးကတော့ ကျွန်မတို့လို ချည်သားဖန်တီးသူတွေဆီလည်း ရောက်မလာဘဲ ဆေးဆိုးပန်းရိုက်နိုင်ငံခြားဖြစ် ဈေးသက်သာတဲ့ဆီရောက်သွားတာပါ။ အဲဒါတော့ မဖြစ်စေချင်ဘူး။ ကျွန်မတို့ ဒီဇိုင်နာတွေလည်း တိုင်ပင်ထားတာရှိပါတယ်။ ဈေးသက်သာပြီး အရည်အသွေးကောင်း မယ့် ချည်ထည်တွေကို ကနုတ်တွေ၊ ပန်းတွေထိုးပြီး ဈေးနှုန်းကို အားလုံးဝယ်နိုင်မယ့်ဈေးနဲ့ ရောင်းချပေးပြီး ပြည်တွင်းဖြစ်ဈေးကွက်ကို ပြန်ရအောင်လုပ်ယူဖို့ပါ။ ဒါမှ နောက်ထပ်တီထွင် ဆန်းသစ်ချင်တဲ့သူတွေရော၊ ကိုယ့်ပြည်တွင်းဖြစ် အားပေးချင်သူတွေ အတွက်ပါ အဆင်ပြေမှာပါ။ မြန်မာ့ရိုးရာဝတ်စုံတွေကို မပျောက်ပျက်အောင် သတိထားပြီး ကျွန်မတို့ လုပ်ဆောင်နေပါတယ်။ ။

# နိုင်ငံနှင့်လူမျိုးအတွက် အကျိုးရှိမည့်ဇာတ်ကားများ ရိုက်ကူးရန်လိုအပ်

● ကိုလင်း



ဒါရိုက်တာ ကြည်ဖြူသျှင် ရိုက်ကူးပြီး ဂျပန်ဇာတ်ညွှန်းရေးဆရာ ရာမာမိုတို ဟီရိုရှိ ရေးသားထားသော “ဇာတိမြေ” ရုပ်ရှင်ဇာတ်ကားကို အကယ်ဒမီ ရန်အောင်၊ အောင်ရဲလင်း၊ မြန်မာပြည်ဖွား ဂျပန်အဆိုတော် မိုရီဆာကီဝင်းတို့နှင့် တွဲဖက်၍ ဂျပန်ပြည်ဖွား၊ မြန်မာမလေးတစ်ဦးအဖြစ် အကယ်ဒမီ ဝတ်မှုန်ရွှေရည်က ပါဝင်သရုပ်ဆောင်မည်ဖြစ်ကာ ဇာတ်ကားကို ဂျပန်ပြည်တွင် ယခုလ ၁၆ ရက်မှ စတင်ကာ ရိုက်ကူးမည်ဖြစ်ပြီး၊ ဖေဖော်ဝါရီလဆန်းပိုင်းတွင် ရုံတင်ပြသသွားမည်ဟု သိရသည်။

“ကစ်အတွက်တော့ ဂျပန်မှာ ရိုက်ကူးရတာ ဒါပထမဆုံးဇာတ်ကားကြီးပါပဲ။ အဲဒီအတွက်ကြောင့် စိတ်လှုပ်ရှားပါတယ်။ ဂျပန်မှာနေတဲ့ မိန်းကလေးတစ်ယောက်အဖြစ် သရုပ်ဆောင်ရမယ်ဆိုတော့ သူတို့ရဲ့ လူနေမှုစနစ်တွေ၊ ယဉ်ကျေးမှုတွေကို ကစ်အရင်ဆုံးလေ့လာရမယ်။ နောက်မြန်မာပြည်မှာရှိတဲ့ ယဉ်ကျေးမှုပုံစံတွေပါ ပါဝင်မယ်ဆိုတော့ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ဂုဏ်ယူသလို ဝမ်းသာပါတယ်”ဟု ဝတ်မှုန်ရွှေရည်က ပြောသည်။

အဆိုပါဇာတ်ကားအတွက် အဝတ်အစားပိုင်းကအစ ဒီဇိုင်နာများနှင့် တိုင်ပင်ကာ ပြင်ဆင်လျက်ရှိပြီး ဂျပန်စကားပြောကိုလည်း သင်ယူနေကြောင်း၊ ဂျပန်နိုင်ငံတွင်မွေးကာ ဂျပန်နိုင်ငံတွင်နေထိုင်သည့် အမျိုးသမီးတစ်ဦးအဖြစ် သရုပ်ဆောင်ရမည့်အတွက် ဂျပန်ဘာသာစကားပြော ဇာတ်ဝင်ခန်းများအတွက်များစွာစိတ်ပူမိနေကြောင်း ဝတ်မှုန်ရွှေရည်က ပြောသည်။

“ဂျပန်မသွားခင်ရက်အထိ UFL က ဆရာနဲ့ သေသေချာချာသင်ယူနေပါတယ်။ အခုနောက်ပိုင်းမှာ သရုပ်ဆောင်တဲ့အခါ ပိုပြီးဂရုစိုက်ရတာတွေများတယ်။ ကိုယ်လုပ်တဲ့သရုပ်ဆောင်မှုကနေ ပရိသတ်ကြီး အထင်အမြင် လွဲမှာမျိုး၊ စိတ်အနှောင့်အယှက်ဖြစ်မှာမျိုး၊ အဆိပ်အတောက်ဖြစ်သွားမှာမျိုး လုံးဝမရှိစေချင်ဘူး။ နောက်ပိုင်းမှာလည်း ပိုပြီးဂရုစိုက်သွားမှာပါ”ဟု ဝတ်မှုန်ရွှေရည်က ရှင်းပြသည်။

ဝတ်မှုန်ရွှေရည်၏ မွေးနေ့မှာ ဩဂုတ် ၁၀ ရက်တွင်ကျရောက်ခဲ့ပြီး မိသားစု၊ ချစ်ခင်သည့် မိတ်ဆွေများ၊ ပရိသတ်များနှင့်အတူ အလှူဒါနများ ပြုလုပ်ခြင်းကိုလည်း ယင်းနေ့တွင် လုပ်ဆောင်ခဲ့သည့် ဝတ်မှုန်ရွှေရည်က အနုပညာဖြင့် နိုင်ငံ့အကျိုး၊ ဘာသာနှင့် လူမျိုးအကျိုးပြုနိုင်မည့် ဇာတ်ကားများတွင် သရုပ်ဆောင်ရန် မိမိကိုလာရောက်ကမ်းလှမ်းပါက ဝမ်းမြောက်ဝမ်းသာဖြင့် လက်ခံရန်ရှိကြောင်း ပြောကြားသည်။

# ကိုယ့်ပတ်ဝန်းကျင်ကို မထိခိုက်ဘဲ ချစ်ခြင်းမေတ္တာနဲ့ ဆက်ဆံခဲ့တဲ့အတွက် နေရာတစ်ခုကိုရလာခဲ့သူ မိတ်ကပ်ခင်စန်းဝင်း

ခင်စန်းဝင်းနှင့် သူ၏ချစ်သူများ ဇာတ်ကားဖြင့် အောင်မြင်မှုရရှိထားသည့် မိတ်ကပ်ပညာရှင် ခင်စန်းဝင်းက ဒုတိယမြောက် ဇာတ်ကားတစ်ကား ရိုက်ကူးရန် ပြင်ဆင်နေပြီဖြစ်သည်။ ယခု ရိုက်ကူး မည့်ဇာတ်ကားမှာ “တစ်နေ့မှ မောင့်ကို အဲဒီအကြောင်းတွေ ပြောပြရဦးမယ်” အမည်ရ ဇာတ်ကားတစ်ကားဖြစ်ပြီး ပရိသတ်ကြီးအားပေးကြမည်ဟု ယုံကြည်ကြောင်း ခင်စန်းဝင်းက ပြောသည်။

“ပထမဇာတ်ကားတုန်းကတော့ ကိုယ့်ဘဝအကြောင်းလည်း ဖြစ်တယ်။ ကိုယ်ခံစားချက်တွေလည်းပါတယ်။ ထုတ်လုပ်ရေးတစ်ခုကလည်း ကမ်းလှမ်းလာတယ်။ အားပေးတဲ့ဆရာသမားတွေကလည်း အားပေးကြတဲ့အတွက် ရိုက်ကူးဖြစ်ခဲ့တာပါ။ အခုဇာတ်ကားကလည်း အဲဒီလိုပါပဲ။ ကွာခြားတာကတော့ အခုဇာတ်ကားကဆိုရင် အနုပညာတစ်ရပ်ဖြစ်သွားပြီ။ ကိုယ်က သရုပ်ဆောင်မဟုတ်တော့ လိုအပ်ချက်တွေ အများကြီး ရှိနေမှာပါ။ ကိုယ်တွေဘဝဆိုတာက အနှိမ်ခံတွေ အနေအထားနဲ့ နေခဲ့ရဖူးတယ်။ သူတစ်ပါး အထင်အမြင်သေးတာတွေ ခံရဖူးတယ်။ ဒါတွေကို ကြိုးစားပြီး ဘဝကိုတန်ဖိုးရှိစွာ ဖြတ်သန်းဖို့အတွက် လိုအပ်တာလေးတွေကို သိမြင်နိုင်အောင် ဒီဇာတ်ကားလေးကနေ ပြောပြပေးမှာပါ”ဟု ခင်စန်းဝင်းက ပြောသည်။

တစ်ချိန်က မိတ်ကပ်ဖန်တီးရှင်တစ်ယောက်အဖြစ် စာမျက်နှာ များနှင့် ဖန်သားပြင်ပေါ်၌ ဖော်ပြရန်ဆိုသည်မှာ အိပ်မက်မျှပင် မမက်ဖူးခဲ့ကြောင်း၊ ကိုယ့်ခါတ်ပုံ ဖော်ပြမိသည့်အတွက် ဖြေရှင်းခဲ့ရဖူးသည့် ခေတ်ကာလမှသည် မိမိတို့အတွက် ကြိုးစားလျှင် ကြိုးစားသလောက် အသိအမှတ်ပြုပေးလာကြသည့် အချိန်အထိ အခက်အခဲများစွာကို ကြုံခဲ့ရကြောင်း ခင်စန်းဝင်းက ရှင်းပြသည်။

“ဘယ်လိုအကျိုးပေးကြောင့်ဖြစ်ဖြစ် ရလာတဲ့ဘဝကို အကောင်းဆုံးဖန်တီးရင်း လူ့ဘောင်အသိုင်းအဝိုင်းထဲမှာ နေရာလေးရလာကြတယ်။ မိမိတို့ရဲ့ လုပ်အားကို ပညာကို အသိအမှတ်ပြုလာတယ်။ နားလည်ပေးလာကြတယ်။ အခု ၂၀၁၀နောက်ပိုင်းမှာ ပိုပြီးနားလည်လာကြတာကို တွေ့ရတယ်။ မိသားစုကရော၊ ပတ်ဝန်းကျင်ကပါ လူ့အခွင့်အရေးဆိုတာကို နည်းနည်းနားလည်လာတာနဲ့အမျှ ကိုယ်တွေအတွက် နေရာလေးပိုရလာတယ်”ဟု လက်ရှိကြုံနေရသည့် ဘဝရပ်တည်မှုအပေါ် ခင်စန်းဝင်းက မျှဝေသည်။

လူ့အသိုင်းအဝိုင်းအတွင်း နှိမ့်ချမှုများလာသည့်အခါ အပြောအဆိုအနေအထိုင်မှအစ အားလုံးကို စံပြဖြစ်စေရန် ကြိုးစားနေထိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ပတ်ဝန်းကျင်ကလည်း မိမိ အားလေးစားမှုဖြင့် ယုံကြည်လာကြကြောင်း၊ အလုပ်အကိုင်များလည်း အဆင်ပြေလာခဲ့ကြောင်း၊ ဘဝတူ လူသားများကိုလည်း ဘဝရပ်တည်မှုအတွက် ပိုကြိုးစားစေရန် အမြဲတွန်းအားပေးခဲ့ပြီး မိန်းမလျာတစ်ဦးအနေဖြင့် မိမိနိုင်ငံ၊ မိမိယဉ်ကျေးမှုအစဉ်အလာအတွင်း ရှင်သန်နေထိုင်နိုင်ကြောင်း၊ သို့သော် အစဉ်အလာများကို မဆန့်ကျင်ရန်လိုအပ်ကြောင်း၊ ယဉ်ကျေးမှုအရ အချို့မိမိဆန္ဒများထက် အများနှင့်အံဝင်မည့် အခြေအနေများကို ပိုမိုဂရုစိုက်သင့်ကြောင်း ခင်စန်းဝင်းက ဆိုသည်။

“အခုရိုက်မယ့်ဇာတ်ကားကတော့ ကိုယ်တွေ လို မိန်းမလျာတစ်ယောက်ကို ကြိုက်တဲ့ ယောကျ်ားလေးတစ်ယောက်ကို ပိုင်းလုံးကောင် ချူစားတဲ့ သူတစ်ယောက်အဖြစ်နဲ့ ပတ်ဝန်းကျင်က မြင်ကြတယ်။ အဲ့လိုမဟုတ်ဘဲ တကယ်ကို သံယောဇဉ်ရှိပြီး တော့ ချစ်တတ်တဲ့သူတွေရှိပါလားဆိုတာကို မြင်စေချင်တဲ့ ရည်ရွယ်ချက်လေးနဲ့ ရိုက်ထားတဲ့ကားလေးပါ”ဟု စာနယ်ဇင်း မိတ်ဆက်ပွဲတွင် ခင်စန်းဝင်းက ပြောကြားသည်။

**ကိုလင်း**

# ဝါရင့် ရုပ်ရှင်ဒါရိုက်တာကြီးများ အကဲဖြတ်မည့် Myanmar Youth Micro Film Contest 2017 ပြိုင်ပွဲ

Myanmar Youth Micro Film Contest 2017 က အခွင့်အရေးတစ်ရပ်အဖြစ် ဇွန်လမှ စတင်ကာ စက်တင်ဘာလအထိ ပြိုင်ပွဲဝင် ဇာတ်ကားများ စတင်လက်ခံလျက်ရှိပြီး အောက်တိုဘာလတွင် ကျင်းပသွားမည် ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲ၏ အဓိက ရည်ရွယ်ချက်မှာ အနုပညာဖန်တီးမှုများကို ဝါသနာပါသည့် ရွက်ပုန်း သီးလေးများအတွက် ခေါင်းစဉ်သတ်မှတ်ထားခြင်းမရှိ၊ အသက်အရွယ်အကန့်အသတ်မရှိဘဲ သုံးမိနစ်မှ ငါးမိနစ်အတွင်းရှိသော ဇာတ်ကားများကို သရုပ်ဆောင်ရမည်ဖြစ်သည်။ သတ်မှတ်ထားသည့် အခြေခံစည်းမျဉ်းနှင့် စည်းကမ်းများ ကိုက်ညီပါက စိတ်ပါဝင်စားသူတိုင်း လွတ်လပ်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်ကာ ကျင်းပခြင်း ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အနုပညာလောကမှ ဝါရင့်ဒါရိုက်တာကြီးများ ပါဝင်အကဲဖြတ်မည်ဖြစ်ကြောင်း စီစဉ်သူများထံမှ သိရသည်။ တတိယအကြိမ်မြောက် Myanmar Youth Micro Film Contest အတွက် Huawei မှ Main Sponsor အဖြစ် တာဝန်ယူပေးထားကာ ပထမဆုအဖြစ် အမေရိကန် ဒေါ်လာ ၆၀၀၀၊ ဒုတိယဆုအဖြစ် အမေရိကန် ဒေါ်လာ ၃၀၀၀နှင့် တတိယဆုအဖြစ် အမေရိကန်ဒေါ်လာ ၂၀၀၀ကို ချီးမြှင့်ပေးမည်ဖြစ်ပြီး အခြားဆုခေါင်းစဉ်များစွာလည်းပါဝင်ကြောင်း သိရသည်။ **ဝေလင်း**

# အဆိုရဲသူများအတွက် နီနီခင်ဇော်ပံ့ပိုးမည်



အရည်အချင်းရှိပြီး အဆိုဝါသနာရှင် ရွက်ပုန်းသီးလေးများကို လက်တွဲခေါ်ယူသည့် အနေဖြင့် အဆိုတော် နီနီခင်ဇော်က ပရိသတ်များထဲမှ ဂီတလောကထဲကို ဝင်နိုင်ရန် NiNi Team အမည်ဖြင့် ဂီတပြိုင်ပွဲ ကျင်းပပြုလုပ်သွားရန် ရှိကြောင်းသိရသည်။

" REDGEN (Red Generation) ဆိုတဲ့ အစီအစဉ်လေးတစ်ခုနဲ့ NiNi ရဲ့ Admin Team ကနေပြီး မိတ်ဆက်ပေးပါရစေနော်။ ဒီ REDGEN (Red Generation) အစီအစဉ်ကို နီနီရဲ့ Admin တို့ ပြုလုပ်မှာ ဖြစ်ပါတယ်။ ရည်ရွယ်ချက်လေးကတော့ အဆိုဝါသနာပါပြီး ဂီတလောကထဲကို ခြေလှမ်းဖို့ ပြင်ဆင်ကြိုးစားနေတဲ့ Star လေးတွေနဲ့ ဂီတဝါသနာရှင်တွေအတွက် Star အိပ်မက်တွေကို ကူညီပံ့ပိုးပေးချင်တဲ့အတွက်ကြောင့်ပါပဲ။ ဒီ Red Gen ဆိုတဲ့ ပြိုင်ပွဲမှာအဆင့်ဆင့်ပါဝင်ယှဉ်ပြိုင်ပြီး နောက်ဆုံးအဆင့် ရွေးချယ်ခံလိုက်ရတဲ့ Winner Ninian အတွက် အခွင့်အရေးတွေ ရလာမယ်"ဟု တေးသံရှင် နီနီခင်ဇော်က ပြောသည်။

ဆုရရှိသူသည် နီနီခင်ဇော်နှင့်တွဲဖက်ကာ Collaboration သီချင်းတစ်ပုဒ်အား နီနီခင်ဇော်၏ အခွေတွင် ပါဝင်သီဆိုခွင့်ရမည်ဖြစ်ကာ အခွေမိတ်ဆက်ပွဲ၊ အရောင်းမြှင့်တင်ပွဲများတွင်လည်း မိမိ၏အနုပညာစွမ်းအားနှင့် ပါရမီကို ထုတ်ဖော်ပြသခွင့်ရရှိမည်ဖြစ်သည်။ ထို့ပြင် နီနီအဖွဲ့မှ ဖန်တီးပေးမည့် တစ်ကိုယ်တော်သီချင်းတစ်ပုဒ်ကို သီဆိုခွင့်ရရှိနိုင်မည်ဖြစ်ပြီး ထိုသီချင်းအား အွန်လိုင်းတွင် လွှင့်တင်ခြင်း၊ နီနီခင်ဇော်မှ ပရိသတ်ကြီးနှင့် မိတ်ဆက်ခြင်းစသည့် ခံစားခွင့်များကိုလည်း ပေးအပ်သွားရန်ရှိသည်။

ပြိုင်ပွဲဝင်များအတွက် လိုအပ်သည့်အချက်အလက်များကို နီနီခင်ဇော်၏ လူမှုကွန်ရက် ပေ့ချ်တွင် ဖော်ပြပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **ကိုလင်း**

# နာဂဒေသအတွက် ရန်ပုံငွေပွဲ ရရှိငွေများအား အသုံးပြုလှူဒါန်း




ပြီးခဲ့သည့် ဇန်နဝါရီ ၂၈ ရက်က နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေပွဲမှ ရရှိလာသည့် အလှူငွေ ကျပ်သိန်း ၄၀၃ သိန်းအနက် ကျပ်သိန်း ၁၅၀ အား ကျန်းမာရေးနှင့် ပညာရေးတွင်အသုံးပြုရန် ကျေးရွာ ၁၆ ရွာသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကိုယ့်ဒေသဖွံ့ဖြိုးဖို့အတွက် ရည်ရွယ်ခဲ့တာပါ။ ကျွန်မတို့ဒေသက လမ်းပန်းဆက်သွယ်ရေးခက်ခဲတယ်။ တစ်ရက်ခရီးမဟုတ်တော့ အလှူရှင်တွေအားလုံးကိုခေါ်ဖို့ မလွယ်ဘူး။ အခုလိုလှူဒါန်းပေးကြတဲ့အတွက် ဝမ်းလည်းသာတယ်။ ကျေးဇူးလည်းတင်တယ်။ ကျန်တဲ့ငွေတွေကိုလည်း ဘယ်လိုအကျိုးရှိအောင် လှူမလဲဆိုတာ သေချာရင် ထပ်ပြောပြပြီး သွားလှူကြပါမယ်"ဟု မာရီကိုးက ပြောသည်။ **ကိုလင်း**

# ခိုင်ထူး၏အုတ်ဂူတွင် အမှတ်တရကျောက်ပြားထားရှိ




တေးသံရှင်ခိုင်ထူး၏ ဈာပနကို ဩဂုတ် ၁၁ ရက်တွင် ကျင်းပခဲ့ပြီး အုတ်ဂူတွင် အမှတ်တရအဖြစ် ကျောက်ပြားဒီဇိုင်းတစ်ခုကို မိတ်ဆွေဂီတအပေါင်းအသင်းများက ထားရှိခဲ့ကြကြောင်း သိရသည်။ အဆိုပါ ဒီဇိုင်းကို နေမျိုးဆေးက ပုံကြမ်းရေးဆွဲပေးခဲ့ခြင်းဖြစ်ပြီး ကိုစိုးနိုင်ထွန်းက ဒီဇိုင်းပြင်ဆင်ပေးခဲ့ကာ ခိုင်ထူး၏ မိတ်ဆွေအပေါင်းအသင်းများမှ အတည်ပြုပေးခဲ့ကြောင်း သိရသည်။ အဆိုပါ ပုံသည် ၁၉၈၄ ခုနှစ် ဝန်းကျင်က စတိတ်ရှိုးတစ်ခုတွင် ခိုင်ထူး၏ပခုံးပေါ်လွှတ်လိုက်သည့် ခိုဖြူလေး လာရောက်နားနေသည်ကို ဓာတ်ပုံပညာရှင်တစ်ဦးက ရိုက်ကူးထားခဲ့သည့် ပုံဖြစ်ကြောင်း သိရသည်။ တေးမြုံ့ငှက်သို့ နောက်ဆုံးဂါရဝဟူ၍ ဂျေမောင်မောင်၊ မြတ်မိုး၊ နေမျိုးဆေး၊ စိုးနိုင်နှင့်အီကြာကွေးတို့က အမှတ်တရအဖြစ် ယခုကဲ့သို့ စီစဉ်ခြင်းဖြစ်ကြောင်း ကိုစိုးနိုင်က ဆိုထားသည်။ **ကိုလင်း**

# အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုနှင့် အာဟာရမျှတစေရန် ချက်ပြုတ်မှုသရုပ်ပြ



**ဗန်းမော် ဩဂုတ် ၁၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ရွှေကူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုနှင့် အာဟာရချက်ပြုတ်သရုပ်ပြပွဲကို ဩဂုတ် ၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းထွန်းက အမှာစကားပြောကြားပြီး မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်အေးအေးခိုင်က မိခင်နို့စနစ်တကျတိုက်ကျွေးရေးအကြောင်းကို အသိပညာပေးဟောပြောသည်။ ထို့နောက် အသက် ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေ အားဖြည့်ဆေးနှင့် သန်ချဆေးများ တိုက်ကျွေးခဲ့သည်။ ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သောင်းခင်နှင့် အသင်းဝင်များက အိမ်ရှင်မများ သိရှိထားသင့်သည့် အာဟာရမျှတစေရန် အစာအုပ်စု(၃)အုပ်စုတွင်ပါဝင်သော အစားအစာများ ချက်ပြုတ်ခြင်းကို လက်တွေ့ချက်ပြုတ်၍ သရုပ်ပြခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက် )**

# ရာသီတုပ်ကွေးကာကွယ်ရေး လက်ဆေးဆပ်ပြာနှင့် နှာခေါင်းစည်းများ ဖြန့်ဝေပေး

**ရန်ကုန် ဩဂုတ် ၁၁**

ရာသီတုပ်ကွေးရောဂါ A(H1N1)pdm09 ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မှုအဖြစ် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အခြေခံကျောင်းများမှ ကျောင်းသား ကျောင်းသူများအား လက်ဆေးဆပ်ပြာနှင့် နှာခေါင်းစည်း(Mask)များကို အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူပြုဖွံ့ဖြိုးရေးအသင်း (ERSSDO)က ဩဂုတ် ၉ ရက်မှစ၍ ဖြန့်ဝေပေးနေကြောင်း သိရသည်။

"ဒီရာသီတုပ်ကွေးရောဂါ A(H1N1)pdm09 က အခုလို မိုးရာသီမှာအဖြစ်များပြီး ကိုယ်ခံစွမ်းအားနည်းတဲ့ ကလေးသူငယ်တွေ၊ သက်ကြီးရွယ်အိုအဘိုးအဘွားတွေမှာအခြား လူလတ်ပိုင်း လူကြီးပိုင်းတွေထက်အဖြစ်များနေတာကို လေ့လာတွေ့ရှိရတယ်။ ဒီအပေါ်မှာ ကျွန်တော်တို့အရေးပေါ်ကယ်ဆယ်ရေးနှင့်လူမှုအထောက်အကူပြု ဖွံ့ဖြိုးရေးအသင်းအနေနဲ့ ရောဂါကြိုတင်ကာကွယ်ရေးအဖြစ် ပြင်ပမှအိမ်ပြန်ရောက်ချိန်၊ အစားအစာများ မစားမီအချိန်နဲ့ အရာဝတ္ထုများ ကိုင်တွယ်ပြီးချိန်တိုင်း လက်ကိုသန့်စင်စွာဆေးကြောနိုင်ဖို့နဲ့ လူများများရှိတဲ့ ဘယ်နေရာမျိုးမဆိုသွားလာပြီဆိုရင် နှာခေါင်းစည်းတွေကို လုံခြုံစွာတပ်ဆင်အသုံးပြုနိုင်ဖို့ ကျောင်းတွေမှာ လက်ဆေးဆပ်ပြာနဲ့ နှာခေါင်းစည်းတွေကို လိုက်လံဝေငှပေးတာပါ။ ဒါကလည်း ကြိုတင်ကာကွယ်ရေးအတွက်တစ်ထောင့်တစ်နေရာကနေ ပါဝင်ကူညီတာဖြစ်ပါတယ်"ဟု အရေးပေါ်ကယ်ဆယ်ရေးနှင့်လူမှုအထောက်အကူပြုဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးဇော်ရန်နိုင်က ပြောသည်။



အရေးပေါ်ကယ်ဆယ်ရေးနှင့်လူမှုအထောက်အကူပြုဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများသည် ဩဂုတ် ၉ ရက်က မရမ်းကုန်းမြို့နယ် အထက(၂) ကျောင်း၌ ရာသီတုပ်ကွေးရောဂါအကြောင်းနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြောဆွေးနွေးခဲ့ပြီး ကျောင်းသား ကျောင်းသူ ၁၅၀၀ ကျော်အား လက်ဆေးဆပ်ပြာနှင့် နှာခေါင်းစည်းများ တစ်ဦးချင်းထံ ဝေငှပေးခဲ့သည်။ ဆက်လက်၍လည်း မရမ်းကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအားလုံးသို့ နေ့အလိုက်သွားရောက်ကာ ပညာပေးဟောပြောခြင်းနှင့် လက်ဆေးဆပ်ပြာနှင့် နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းခြင်းတို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြန်မာတစ်နိုင်ငံလုံး၌ ရာသီတုပ်ကွေးရောဂါဖြစ်ပွားပြီး လူသေဆုံးမှုများလည်းရှိနေရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဩဂုတ် ၉ ရက်အထိ နောက်ဆုံးထုတ်ပြန်ချက်များအရ တစ်နိုင်ငံလုံးတွင် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသရသူ ၄၇၄ ဦးရှိပြီး H1N1ပိုးတွေ့လူနာ ၁၈၃ ဦးနှင့် သေဆုံးသည့်လူနာ ၁၉ ဦးရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ရေစကြိုမြို့သုသာန်တွင် ထင်းဖြင့် မီးသဂြိုဟ်သည့်စက် တည်ဆောက်

**ရေစကြို ဩဂုတ် ၁၁**

ပခုက္ကူခရိုင် ရေစကြိုမြို့သုသာန်၌ ထင်းဖြင့်မီးသဂြိုဟ်သည့်စက်ကို ဖြူစင်လူမှုကူညီရေး အသင်းက ဦးဆောင်၍ ရေစကြိုမြို့နေပြည်သူများ၊ ရပ်ဝေးရောက် ရေစကြိုမြို့သားများနှင့် ဆက်နွှယ်သူများ၏ လှူဒါန်းငွေများဖြင့် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

မီးသဂြိုဟ်စက်ကို ဇူလိုင် ၂၃ ရက်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန် ညောင်းကုန်းမြို့မှ မီးသဂြိုဟ်စက်ပညာရှင်များက လာရောက်တည်ဆောက်ပေးနေကြောင်း၊ မီးသဂြိုဟ်စက်ကို အဆောက်အအုံတစ်ခုအတွင်း မီးသဂြိုဟ်ဖိုနှစ်လုံး တည်ဆောက်မည်ဖြစ်ပြီး ယခုအချိန်တွင် ပထမဖိုကို တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါမီးသဂြိုဟ်စက် တည်ဆောက်ပြီးစီးပါက ရေစကြိုမြို့သူမြို့သားများ၏ နာရေးကိစ္စများတွင် လွယ်ကူချောမွေ့စွာ မီးသဂြိုဟ်နိုင်မည်ဖြစ်ပြီး လက်ရှိ မီးသဂြိုဟ်သည့်ဖိုထက် ထင်းကုန်သက်သာခြင်း၊ အနံ့ထွက်သက်သာခြင်းနှင့် ပြာလွင့်မှုသက်သာခြင်း အကျိုးများရရှိမည်ဖြစ်၍ သုသာန်အနီးတွင် နေထိုင်ကြသူများနှင့် ဖြတ်သန်းသွားလာကြသူများအား စိတ်အနှောက်အယှက်ဖြစ်ခြင်းမှ ကင်းဝေးစေမည်ဖြစ်ကြောင်း သိရသည်။

ရေစကြိုသုသာန်၌ မီးသဂြိုဟ်စက် တည်ဆောက်ခြင်းအပြင် သုသာန်မြေသန့်ရှင်းရေးအတွက် စိတ်ပါဝင်စားသော လုပ်အားအလှူရှင် မြို့သူမြို့သားများနှင့် လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များက ဥပုသ်နေ့တိုင်း သန့်ရှင်းရေးလုပ်ငန်းများကို ကုသိုလ်ပြု ဆောင်ရွက်လျက်ရှိကြသလို သုသာန်သွားရာလမ်းနှင့် သုသာန်မြေနေရာကို မြစ်ရေဝင်ရောက်ခြင်းမှ လွတ်ကင်းစေရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းလည်း ဖြူစင်လူမှုကူညီရေးအသင်းဥက္ကဋ္ဌက ပြောကြားသည်။

**အိမွန်ဆွေ(ရေစကြို)**



## မုံရွာမြို့ ကျောက်ကာရွှေဂူနီစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ရန်စီစဉ်နေ

**မုံရွာ ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ဆုတောင်းပြည့် ကျောက်ကာရွှေဂူနီဘုရားကြီး၏ စေတီတော် ငှက်ပျောဖူးတော်ကို အောက်တိုဘာ ၂၀ ရက်(တန်ဆောင်မုန်းလဆန်း ၁ ရက်)တွင် ရွှေစင်ရွှေပြားများ ကပ်လှူမည်ဖြစ်သလို ထီးတော်အပါအဝင်ခေါင်းလောင်းတော်အထိတွင်လည်း ၂ လက်မပတ်လည် ရွှေဆိုင်းများကပ်လှူရန် စီစဉ်လျက်ရှိကြောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌထံမှ သိရသည်။

"လုံးတော်ပြည့်ရွှေသင်္ကန်းတွေ ကပ်လှူပူဇော်ဖို့ တစ်ကျပ်ခွဲသားအလေးချိန်ရှိတဲ့ ၉ လက်မပတ်လည် ရွှေစင်ရွှေပြား ၃၁၃ ချပ်၊ ၂ လက်မပတ်လည် အရွက် ၁၀၀ ပါတဲ့ ရွှေဆိုင်း ၁၂၀၀ လိုအပ်မှာဖြစ်ပါတယ်။ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်ဖို့အတွက် တစ်ကျပ်ခွဲသားအလေးချိန်ရှိတဲ့ ၉ လက်မပတ်လည် ရွှေစင်ရွှေပြား တစ်ချပ်ကို ကျပ် ၁၂ သိန်း၊ ၄ လက်မခွဲ × ၉လက်မ တစ်ချပ်ကို ကျပ်ခြောက်သိန်း၊ ၄ လက်မခွဲပတ်လည် တစ်ချပ်ကို ကျပ်သုံးသိန်း၊ ၂ လက်မပတ်လည် အရွက် ၁၀၀ ပါ ရွှေဆိုင်းတစ်ဆိုင်းကို ကျပ် ၄၅၀၀၀ နှုန်းတွေနဲ့ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါတယ်"ဟုဂေါပကအဖွဲ့ဥက္ကဋ္ဌက ပြောသည်။

ရွှေသင်္ကန်းကပ်လှူရာတွင် မြန်မာနိုင်ငံအရပ်ရပ်မှ ကုသိုလ်ရှင်များ လွယ်လင့်တကူ ပါဝင်လှူဒါန်းနိုင်ရန်အတွက် ယူနိုက်တက်အမရဘဏ် အကောင့်အမှတ် (၀၁၄၀၇၀-၁၀၀၀၀၁၂၈၆)သို့ လှူဒါန်းနိုင်သလို ရွှေဂူနီဘုရားကြီး ဂေါပကအဖွဲ့ရုံးခန်းတွင် ကိုယ်တိုင်လာရောက်၍လည်း လှူဒါန်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံးဖုန်း-၀၉-၇၁၃၈၂၂၄၇၄ နှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဖုန်း-၀၉-၇၉၈၅၇၉၅၈ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ထိန်းသိမ်းထားသော ဘက်ဟိုးအစီး ၄၀ မိုးညှင်းမြို့သို့ရောက်ရှိ

**မိုးညှင်း ဩဂုတ် ၁၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသမှ ထိန်းသိမ်းထားသော ဘက်ဟိုးအစီး ၄၀ ကို မိုးညှင်းမြို့တော်ခန်းမအရှေ့ကွင်းပြင်သို့ ပြောင်းရွှေ့သယ်ယူခဲ့ရာ ဩဂုတ် ၉ ရက်က အဆိုပါ ဘက်ဟိုးအစီး ၄၀ လုံး ရောက်ရှိလာပြီဖြစ်ကြောင်းနှင့် ဆက်လက်စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ထိန်းသိမ်းထားတဲ့ ဘက်ဟိုးအစီးရေက ၄၀ ပါ။ ဒီကနေ့နံနက်မှာ အားလုံးရောက်လာပါပြီ။ ဩဂုတ် ၆ ရက်ကတည်းက စတင်သယ်ယူခဲ့တာပါ။ ဘက်ဟိုးတစ်စီးကတော့ အပျက်ပါ။ ကျန်တဲ့ ၃၉ စီးကတော့ အကောင်းတွေပါ။ အားလုံးနီးပါးက အသစ်တွေများပါတယ်"ဟု ထိန်းသိမ်းစောင့်ရှောက်ရေး တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။




"လောလောဆယ်တော့ ဒီဘက်ဟိုး ၃၉ စီးကို ယာယီထိန်းသိမ်းထားပြီး စစ်ဆေးနေတဲ့အဆင့်ပါ။ ကညနမှူးအဖွဲ့နဲ့ ဌာနဆိုင်ရာ တာဝန်ရှိသူတွေ စစ်ဆေးနေပါတယ်။ ဥပဒေအရတော့ တိုက်ရိုက်အရေးယူဆောင်ရွက်တာမျိုး မလုပ်သေးပါဘူး။ သူတို့ကို ဖမ်းဆီးရမိတာက တရားမဝင် ရွှေတူးဖော်တဲ့နေရာမှာ တွေ့ရှိတာမဟုတ်ဘဲ အိမ်ခြံဝင်းတွေထဲမှာ တွေ့ရှိခဲ့တာပါ"ဟု အဆိုပါ တာဝန်ရှိသူကပင် ဆက်လက်ပြောကြားသည်။

(ဝ၆၇)

## ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ စာအောင်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်

**ရမည်းသင်း ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်တိုင်းကျေးအုပ်စု အင်တိုင်းကျေးရွာ ရတနာဇေယျာကျောင်းတိုက် ပဓာန နာယက ဆရာတော် ဦးသူရိယ၊ အင်တိုင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် ကျေးရွာနေပြည်သူများ စုပေါင်းကျင်းပခဲ့သော မြို့နယ်လုံးကျွတ် နွေရာသီ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ စာမေးပွဲတွင် ဖြေဆိုအောင်မြင်သည့် ကျောင်းသား ကျောင်းသူများအား ထပ်ဆင့်စာအောင်ဆုများ ချီးမြှင့်ပေးအပ် ဂုဏ်ပြုပွဲကို ဩဂုတ် ပထမပတ်အတွင်းက အင်တိုင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

## အာရှ-ပစိဖိတ် ၄၄ နိုင်ငံ ကျောင်းသားလူငယ်တွေ့ဆုံပွဲအတွေ့အကြုံ ပြန်လည်ရှင်းပြ

**မကွေး ဩဂုတ် ၁၁**

ဂျပန်နိုင်ငံ ဖူကူအိုကာမြို့၌ ကျင်းပခဲ့သော (၂၉)ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသ ၄၄ နိုင်ငံ ကျောင်းသားလူငယ်တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သော မကွေးမြို့ ဆားစည့်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ဆဋ္ဌမတန်းကျောင်းသား မောင်အောင်ဉာဏ်လင်းသန့်အား ဂုဏ်ပြုကြိုဆိုပွဲနှင့် အတွေ့အကြုံရှင်းလင်းပွဲကို အဆိုပါကျောင်း၌ ဩဂုတ်(၉)ရက်က ကျင်းပခဲ့သည်။

ကျောင်းသားလူငယ်တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံမှ ခြောက်ဦးသာ ရွေးချယ်ခဲ့ပြီး မကွေးတိုင်းဒေသကြီးထဲမှ တစ်ဦးတည်းသာ ရွေးချယ်ခဲ့ကြောင်း သိရသည်။ မောင်အောင်ဉာဏ်လင်းသန့်က ဂျပန်နိုင်ငံသို့ ဇူလိုင် ၁၃ ရက်ကသွားပြီး ၂၅ ရက်က ပြန်ရောက်ခဲ့ရာ ၁၂ ရက်ကြာခဲ့ကြောင်း၊ အငယ်တန်းသံတမန်အဖြစ် ရွေးချယ်စေလွှတ်ခြင်းခံခဲ့ရပြီး ၄၄ နိုင်ငံမှ ကျောင်းသားလူငယ်များနှင့် တွေ့ဆုံခဲ့ရကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့အပြင် ဂျပန်နိုင်ငံတွင် လေ့လာခဲ့ချက်အရ ကျောင်းများ၏စာသင်ချိန်မှာ နံနက် ၉ နာရီမှ နေ့လယ် ၁၂ နာရီအထိသာရှိပြီး ၁၂ နာရီနောက်ပိုင်းအချိန်များတွင် အခန်းသန့်ရှင်းရေး၊ ကာယလေ့ကျင့်ရေး၊ ဂီတပညာ စသည်တို့ကိုသာ သင်ကြားပေးသည်ကို တွေ့ရကြောင်းလည်း မောင်အောင်ဉာဏ်လင်းသန့်က ပြောကြားခဲ့သည်။

**ကျော်ဇေယျ**

### သူ့အတွေးသူ့အမြင်

## တိမ်တိုက်တွေထဲ...တိုးဝင်ဆဲ အခိုက်အတန့်

လေယာဉ်ပြတင်းဝမှ တိမ်များကို ငုံ့ကြည့်ဖြစ်သည်။ တိမ်စိုင်တိမ်ခဲတို့ကား ဂွမ်းဆုပ်များကဲ့သို့ အလိပ်လိုက် အလိပ်လိုက်နှင့် ဖွေးဥနေ၏။ တိမ်ထုထဲသို့ လေယာဉ် တိုးဝင်သည့်အခိုက် လေယာဉ်သည် သိမ့်ခနဲ သိမ့်ခနဲ။ မြန်မာပြည်သိန်းတန်၏ ရွှေသုန္ဒရီသီချင်းမှ..." အသည်းတယားယား ရင်တလုပ်လုပ်နဲ့ မနောဓာတ်ဘဝင်မှာ ကတုန်ကယင်"ဟူသော စာသားအတိုင်း ရင်ထဲတွင်လည်း လုပ်ခနဲ၊ လုပ်ခနဲ။

စာရေးသူသည် တာဝန်ဖြင့် ပြည်တွင်း၊ ပြည်ပ ခရီးအတော်များများကို လေယာဉ်ဖြင့် သွားဖြစ်သည်။ လေယာဉ်ဖြင့်သွားတိုင်းလည်း ပြတင်းပေါက်ထိုင်ခုံရသည့်အခါတိုင်း ပြတင်းပေါက်မှ တိမ်များကို ငေးကြည့်ဖြစ်သည်။ တိမ်ထုများကို ထိုးဖောက်ဝင်ရောက်သည့်အခါတိုင်း လေယာဉ်သည် လေထုထဲမှ ပြုတ်ကျတော့မည့် ခံစားမှုမျိုးကို ခံစားရမြဲ။ လေယာဉ် လိုရာခရီးကိုရောက်ရန်အတွက် တိမ်ထုများကို ရှောင်လွှဲ၍မရ၊ မဖြစ်မနေ ထိုးဖောက်ရစမြဲ။

မြန်မာနိုင်ငံတွင် ပြည်သူလူထုက တစ်ခဲနက်ရွေးချယ်တင်မြှောက်လိုက်သောအစိုးရ တာဝန်ယူပြီးနောက်ပိုင်း စိန်ခေါ်မှုများ၊ အခက်အခဲများဖြင့် နိစ္စဓူဝ ရင်ဆိုင်နေရသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ်သို့ရောက်အောင် လျှောက်လှမ်းရာဝယ် လမ်းတိုင်းသည် ပန်းခင်းသောလမ်းမဟုတ်၊ ဆူးငြောင့် ခလုတ်ကန်သင်းများဖြင့် ရောပြွန်းလျက်ရှိသောလမ်းဖြစ်ရာ လိုရာပန်းတိုင်သို့ အရောက်လှမ်းရန်အတွက် စိတ်ရှည်၊ ဖွဲသန်၊ သည်းညည်းခံဖို့ လိုအပ်ပါသည်။

ယနေ့ ပစ္စက္ခအခြေအနေတွင် စွန့်လွှတ်ခြင်း၊ အနစ်နာခံခြင်းဟူသော ဝေါဟာရကို နားမလည်ဘဲ မိမိအကျိုးစီးပွားကိုသာ ရှေ့တန်းတင်သူတို့၏ အတ္တကြီးမှုများ၊ စည်းကမ်းမဲ့မှုများ၊ စားဝတ်နေရေးမပြေလည်မှုကို ရမယ်ရှာ၍ ဘာသာတရား၏အဆုံးအမကို လျစ်လျူရှုကာ ရာဇဝတ်မှုကျူးလွန်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို စိန်ခေါ်မှုများ နေ့စဉ်ကြုံတွေ့နေရရာ သတိတရားလက်ကိုင်ထား၍ ခရီးဆက်ရန် လိုအပ်ပါသည်။

ကဗျာဆရာကြီး တင်မိုး၏"နှောင်ကြိုးတွေ ပြေ၊ တိမ်တွေက ရွှေ့လျား၊ တို့တိုင်းပြည် အမှောင်တွင်းက လွတ်ကင်းစေသား"ဟူသော ကဗျာစာသားအတိုင်း တိုင်းပြည်အား အမှောင်တွင်းမှ လွတ်ကင်းအောင်အားထုတ်နေချိန်တွင် တိမ်များနှင့်တူသော စိန်ခေါ်မှုများ၊ အားစမ်းမှုများကို ကြောက်ရွံ့နေ၍မရပါ။

တိမ်တိုက်အတွင်းမှ လွတ်အောင်ရုန်းချိန်တွင် လေယာဉ်သည် သိမ့်ခနဲ သိမ့်ခနဲနှင့် တုန်ခါမှု ဖြစ်ပေါ်သကဲ့သို့ စိန်ခေါ်မှုများကို ထိုးဖောက်ဖြတ်ကျော်သည့်အခါတွင်လည်း အစပိုင်းတွင် မတည်မငြိမ်ဖြစ်မှုများ၊ အဝေဖန်ခံရမှုများ၊ ကဲ့ရဲ့ရှုံ့ချမှုများ၊ ပြစ်တင်ပြောဆိုခံရမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်ပါသည်။ မိမိတို့၏ လိုရာပန်းတိုင်ကို အရောက်လှမ်းနိုင်ရန်အတွက် လုပ်သင့်လုပ်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ကိုင်ဖို့ လိုပါသည်။ ရှေ့ဆက်ရမည့်ခရီးလမ်းသည် ရေဆန်လမ်းဖြစ်သည့်အလျောက် ညီညီညွတ်ညွတ်၊ အင်တိုက်အားတိုက်၊ ရဲရဲဝံ့ဝံ့ ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပြည်သူလူထုကလည်း စည်းကမ်းရှိရှိ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

တိမ်တိုက်တွေထဲ ရဲရဲတိုးဝင်ကြပါစို့။

**သွယ်ရည်(သွား/ဆေး-ရန်ကုန်)**

## အမြန်လမ်းပေါ်တွင် ယာဉ်တိုက်ခံရ၍ သေဆုံးသူအား အမှုဖွင့်ထား

**ရန်ကုန် ဩဂုတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် လမ်းဖြတ်ကူးသူတစ်ဦးအား ခရီးသည်တင် Express ယာဉ်ဖြင့် တိုက်မိ၍ သေဆုံးမှု ဩဂုတ် ၈ ရက် ညပိုင်းက ဖြစ်ပွားခဲ့ပြီး သေဆုံးသူအား အမှုဖွင့်ထားကြောင်း သိရသည်။ ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း ဦးဝင်းဇော် မောင်းနှင်လာသော အောင်ဝင်းနိုင် ခရီးသည်တင် Express ယာဉ်သည် မိုင်တိုင်အမှတ်(၂၀/၄)နှင့် (၂၀/၅)ကြား၌ လမ်းမ၏ အနောက်မှ အရှေ့ဘက်သို့ လမ်းဖြတ်ကူးလာသူ ဦးသန်းထွန်း(လက်ထောက်ဌာနမှူး၊ ကွန်ပျူတာဌာန) ဗဟိုဝန်ထမ်းတက္ကသိုလ်(ဇီးပင်ကြီး)အား ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကာ ယာဉ်တိုက်ခံရသူ ဦးသန်းထွန်းမှာ ပြင်းထန်ဒဏ်ရာများရရှိသဖြင့် အမှတ်(၃)အမြန်လမ်းမကြီးရဲစခန်းပိုင်ယာဉ်ဖြင့် လှည်းကူးဆေးရုံသို့ပို့ဆောင်စဉ် လမ်း၌ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းသွားလာခွင့်မရှိဘဲ လမ်းဖြတ်ကူးသူ သေဆုံးသူ ဦးသန်းထွန်းအား သက်ဆိုင်ရာက အမှုဖွင့်ထားကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

### မှုခင်းသတင်းတိုများ

## နေအိမ်မှပျောက်သွားသူတစ်ဦး ထိုးသွင်းဒဏ်ရာ ၃၄ ချက်ဖြင့် သေဆုံးနေ

မွန်ပြည်နယ် သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာအုပ်စု သမ္ဘာန်ကျေးရွာ၌ ဩဂုတ် ၇ ရက်က နေအိမ်မှထွက်သွားပြီး ပျောက်ဆုံးနေသူတစ်ဦးအား ဩဂုတ် ၉ ရက်တွင် ကျေးရွာအနီး ချောင်းထဲ၌ ထိုးသွင်းဒဏ်ရာ ၃၄ ချက်ဖြင့် သေဆုံးနေသည်ကို တွေ့ရ၍ ရဲတပ်ဖွဲ့သို့ တိုင်ကြားထားကြောင်း သိရသည်။ အဆိုပါကျေးရွာမှ ကျွဲကျောင်းသူတစ်ဦးဖြစ်သည့် ဦးဖားတစ်ဘော(၆၈ နှစ်)သည် ဩဂုတ် ၇ ရက် မွန်းလွဲပိုင်းက နေအိမ်မှထွက်သွားပြီး ပျောက်ဆုံးနေရာမှ ဩဂုတ် ၉ ရက်တွင် ကျေးရွာအနီး ချောင်းထဲ၌ ပေါက်ပြဲဒဏ်ရာများနှင့် ရင်ဘတ်တွင် ထိုးသွင်းဒဏ်ရာ ၁၉ ချက်၊ ကျော၌ ထိုးသွင်းဒဏ်ရာ ၁၅ ချက်တို့ဖြင့် သေဆုံးနေသည်ကို တွေ့ရ၍ သားမက်ဖြစ်သူ ဦးလှမင်းက သုဓမ္မဝတီနယ်မြေရဲစခန်း၌ တိုင်ကြားထားပြီး ရဲစခန်းက အမှုကြီးအမှတ်စဉ်(၂/၂၀၁၇)ဖြင့် အမှုဖွင့်ကာ စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## ဘိန်းဖြူနှင့်စိတ်ကြွရူးသွပ်ဆေးပြား ငွေကျပ် ၆၇ သိန်းကျော်ဖိုး ဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ပါအော့ကျေးရွာတောင်ဘက် လယ်တဲဟောင်း၌ မူးယစ်ဆေးဝါးရောင်းချနေသူများအား ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်မူးယစ်ဆေးဝါး ကာကွယ်တားဆီးနှိမ်နင်းရေးအဖွဲ့ဝင်များ ပူးပေါင်း၍ ဩဂုတ် ၈ ရက်က ဖမ်းဆီးခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးရောင်းချသူများအား ဖမ်းဆီးပြီးနောက် မံစီကြီးနယ်မြေရဲစခန်းသို့ အကြောင်းကြားခဲ့၍ ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ သန်းဇော်၊ ဝင်းနိုင်နှင့် မောင်ကျန်တို့ထံမှ ဘိန်းဖြူဟုယူဆရသော ဖြူ/ဝါစပ်ကြားအမှုန့် (အလေးချိန် ၇ ဒသမ ၁၃ ဂရမ်)နှင့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၉၅ ပြား စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် ၆၇ သိန်းကျော်ခန့်ကို ဖမ်းမိခဲ့၍ ဗန်းမောက်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

## ထီးချိုင့်မြို့နယ်တွင် ဘိန်းဖြူနှင့်စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ဝဲကြီးကျေးရွာအနီးမှ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဩဂုတ် ၈ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်းသတင်းအရ ကမ်းနီရဲကင်းစခန်းမှူး ရဲအုပ်ကြည်လွင်နှင့် တပ်ဖွဲ့ဝင်များက ဝဲကြီးကျေးရွာအရှေ့ဘက် ဘုရားကြီးကုန်းကြံခင်းတောအတွင်း လူမနေသည့်တဲသို့ ဝင်ရောက်ရှာဖွေရာ တဲထဲတွင် ထွန်းလင်းငြိမ်း၊ မလှဲ့လှဲ့ဝင်း (ခ)ရွှေကြည်နှင့် စောဘမင်း (ခ)ကိုမင်းတို့အား ဘိန်းဖြူ ၂ ဒသမ ၀၅ ဂရမ်နှင့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅ ပြားတို့နှင့်အတူ ဖမ်းမိခဲ့၍ ကမ်းနီရဲကင်းစခန်း၌ အမှုဖွင့်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ကျွန်းလှမြို့နယ်တွင် တရားမဝင်သစ်များ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ဘိုကုန်းကျေးရွာနှင့် ဇီးတောကျေးရွာတို့မှ တရားမဝင် အင်သစ်ခွဲသားနှင့် သစ်မာများ ဩဂုတ် ၈ ရက်က ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ကျွန်းလှမြို့နယ်ရဲမှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် ဒုရဲအုပ်ဇော်သူနှင့်အဖွဲ့က ရွှေဘိုခရိုင် သစ်တောရဲတပ်ဖွဲ့မှ အဖွဲ့ဝင်များနှင့်အတူ ဘိုကုန်းကျေးရွာသို့ သွားရောက်ရှာဖွေရာ တရားမဝင် အင်သစ်ခွဲသားဆိုက်စုံ ၄၈၂ ချောင်းကို ပိုင်ရှင်မဲ့ ဖမ်းမိခဲ့ခြင်းဖြစ်သည်။ ဇီးတောကျေးရွာ၌လည်း တရားမဝင်သစ်သတင်းအရ ကျွန်းလှမြို့နယ်ရဲမှူးရုံးမှ ဒုတပ်ကြပ်ဇေယျာထွန်းနှင့်အဖွဲ့က သွားရောက်ဖမ်းဆီးရာ တရားမဝင်သစ်မာဆိုက်စုံ ၂၂ ချောင်းနှင့် အင်သစ်ခွဲသားဆိုက်စုံ ၂၆ ချောင်းတို့ကို ပိုင်ရှင်မဲ့ ထပ်မံသိမ်းဆည်းမိခဲ့၍ မြို့နယ်သစ်တောအရာရှိထံသို့ စနစ်တကျအပ်နှံပြီး သစ်ပိုင်ရှင်များကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် စုံစမ်းလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ဆိုင်ကယ်မောင်းလာသူနှစ်ဦးထံမှ မူးယစ်ဆေးဝါး ဖမ်းဆီးရမိ

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာအနီး မော်ဟန်-နန့်မချီမှော်လမ်းမပေါ်တွင် ဆိုင်ကယ်မောင်းနှင်လာသူနှစ်ဦးထံမှ မူးယစ်ဆေးဝါးများ ဩဂုတ် ၈ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးသတင်းအရ မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ ဒုရဲအုပ်စိုးမြင့်ထွန်းနှင့် အဖွဲ့က သက်သေများနှင့်အတူ အဆိုပါလမ်းပေါ်၌ စောင့်ဆိုင်းရှာဖွေစဉ် နမ္မချီဘက်မှ မော်ဟန်ဘက်သို့ ဝင်းနိုင်မောင်းနှင်ပြီး မောင်အုန်းနောက်မှလိုက်ပါလာသည့် ဆိုင်ကယ်ပေါ်မှ ဘိန်းဖြူဟုယူဆရသော ဖြူ/ဝါရောင်အမှုန့် အလေးချိန် ၀ ဒသမ ၃ ဂရမ်ခန့်စီပါ ခြောက်ဘူးကို ဖမ်းမိခဲ့၍ မိုးညှင်းမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝ၆၇)

# ယုဇနကုမ္ပဏီလီမိတက်၏ ပြည်သူ့အတွက် ကျန်းမာရေးအစီအစဉ်

ယုဇနဖောင်ဒေးရှင်းမှ GRAND HANTHA INTERNATINOAL HOSPITAL ဆေးရုံကြီးတွင် စက်တင်ဘာ(၁)ရက်မှ (၃၀)ရက်နေ့အထိ လူဦးရေ (၄၅၀၀)အား အထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ လိုအပ်ချက်အရ သွေးစစ်ဆေးခြင်း၊ ဓါတ်မှန်ရိုက်ကူးခြင်းများကို အခမဲ့ဆောင်ရွက်ပေးသွားပါမည်။ အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၅၂၃၀၀၀၊ ၀၁ ၅၂၃၁၁၁၊ ၀၁ ၅၂၃၂၂၂၊ ၀၉ ၅၂၀၂၂၈၂၊ ၀၉ ၅၂၀၂၂၈၃၊ ၀၉ ၅၂၀၂၂၈၄ သို့ အမြန်စာရင်းပေးသွင်းနိုင်ပါသည်။

## သားဖွားနှင့် မီးယပ် အထူးကုဆရာဝန်ကြီးများ

**ပါမောက္ခဦးကျော်ညွန့်**
M.B.,B.S (Mdy), Dip.Obst, M.Med.Sc (OG), Dr.Med.Sc (OG), Senior Obstetrician & Gynaecologist

**ပါမောက္ခဦးသိန်းမြင့်သူ**
M.B.,B.S, D.Obst, M.Med.Sc (OG), M.R.C.OG (UK), F.R.C.OG (UK), Dr.Med.Sc (OG)

**ဒေါက်တာဦးဝင်းစိန်**
M.B.,B.S, M.Med.Sc (OG), Subspeciality in Gynaecological Oncology (Surgery)

**ပါမောက္ခဒေါ်ချယ်ရီသန်းသန်းတင်**
M.B.,B.S, D.Obst, M.Med.Sc (OG), Dr.Med.Sc (OG), M.R.C.OG, F.R.C.OG (UK), M.F.F.P (UK), LFIBA (Cambridge), A.B.A (USA)

**ပါမောက္ခဒေါ်ဝင်းဝင်းမြ**
M.B.,B.S, M.Med.Sc (OG), M.R.C.OG (UK), Dr.Med.Sc (OG), Dip.Med.Edu, F.R.C.OG (UK)

**ပါမောက္ခဒေါ်မြသီတာ**
M.B.,B.S, M.Med.Sc (OG), Dr.Med.Sc (OG), MRCOG (UK), F.R.C.OG (UK), MFFP (UK), FFSRH (UK), Dip.Med.Ed

**ပါမောက္ခဒေါ်ခင်လေးကြွယ်**
M.B., B.S, M.Med.Sc (OG), Dr. Med.Sc (OG), M.R.C.OG (UK), F.R.C.OG (UK), Dip.Med.Ed (ME)

**ပါမောက္ခဦးစောကလယ်ရှု**
M.B.,B.S, M.Med.Sc (OG), M.R.C.OG (UK), DFFP (UK), Dr.Med.Sc (OG), F.R.C.OG (UK), Dip.Med.Edu

**ပါမောက္ခဦးအေးအောင်**
M.B.,B.S, M.Med.Sc (OG), M.R.C.OG (UK), D.F.F.P (UK), Dr.Med.Sc (OG), Dip.Med.Edu

**ပါမောက္ခဒေါ်ခင်ထားရီ**
M.B.,B.S, M.Med.Sc (OG), M.R.C.OG (UK), F.R.C.OG (UK), Dr.Med.Sc (OG), Dip.Med.Edu

**ပါမောက္ခဒေါ်ယဉ်ယဉ်စိုး**
M.B.,B.S, M.Med.Sc (OG), Dr.Med.Sc (OG), M.R.C.OG (UK), F.R.C.OG (UK), Dip.Med.Edu

**ပါမောက္ခဒေါ်ကြည်ကြည်ညွန့်**
M.B.,B.S (Ygn), M.Med.Sc (OG), M.R.C.OG (UK), Dr.Med.Sc (OG), FRCOG

**ပါမောက္ခဒေါ်တင်တင်ချို**
M.B.,B.S, M.Med.Sc (OG), Dr.Med.Sc (OG), Dip.Med.Edu

**ပါမောက္ခဒေါ်ထားထားရီ**
M.B.,B.S, M.Med.Sc (OG), M.R.C.OG (UK), F.R.C.OG (UK), Dr.Med.Sc (OG)

**ပါမောက္ခဒေါ်ရင်ရင်စိန်**
M.B.,B.S, M.Med.Sc (OG), Dr.Med.Sc (Reproductive Health)

**ပါမောက္ခဒေါ်ဒါလီအောင်**
M.B.,B.S, M.Med.Sc (O & G), M.R.C.OG (UK)

**ပါမောက္ခဒေါ်ခင်ပြုံးကြည်**
M.B.,B.S, M.Med.Sc (OG), M.R.C.OG (UK), F.R.C.OG (UK), DFFP (UK), Dr.Med.Sc (OG)

**ပါမောက္ခ ဒေါ်ခင်မေသင်း**
M.B.,B.S, M.Med.Sc (OG), M.R.C.OG (UK), F.R.C.OG (UK), Dr.Med.Sc (OG), Dip.Med.Ed

**တွဲဖက်ပါမောက္ခဒေါ်ချိုချိုခင်**
M.B.,B.S, M.Med.Sc (OG), MRCOG (UK), Dr.Med.Sc (OG), Dip.Med.Edu

**တွဲဖက်ပါမောက္ခဒေါ်ဖြူဖြူသိန်း**
M.B.,B.S, M.Med.Sc (OG), Dr.Med.Sc (OG), MRCOG (UK), FRCOG (UK), DFFP (UK), Dip in Advanced Obstetric Ultrasound (UK)

**တွဲဖက်ပါမောက္ခဒေါ်သင်းသင်းအောင်**
M.B.,B.S (Ygn), M.Med.Sc (OG), M.R.C.OG (UK), F.R.C.OG, Dr.Med.Sc (OG)

**တွဲဖက်ပါမောက္ခဒေါ်စန္ဒီလှ**
M.B.,B.S (YGN), M.Med.Sc (OG)

**တွဲဖက်ပါမောက္ခဒေါ်လှသိန်းအေး**
M.B.,B.S, M.Med.Sc (OG), MRCOG, FRCOG (UK)

**ဒေါက်တာဒေါ်ခင်မျိုးဦး**
M.B.,B.S, M.Med.Sc (OG)

**ဒေါက်တာငြိမ်းမိုးသော်**
M.B.,B.S, M.Med.Sc (OG), Dr.Med.Sc (OG)

**ဒေါက်တာမီမီသိန်း**
M.B.,B.S, M.Med.Sc (OG)

**ဒေါက်တာနှင်းသီတာထွန်း**
M.B.,B.S, M.Med.Sc (OG)

**ဒေါက်တာယုယုခင်**
M.B.,B.S, M.Med.Sc (OG), Dip.Med.Ed

## ကလေးအထူးကုဆရာဝန်ကြီးများ

**ပါမောက္ခဦးဆမ်မြူရယ်လ်ကျော်လှ**
B.A, M.B.,B.S, D.C.H, M.Med.Sc (Paed), FRCP (Edin)

**ပါမောက္ခဦးဇေသက်ခင်**
M.B.,B.S, M.Med.Sc (Paed), MRCP (UK), MRCP.CH (UK), Dip.Med.Ed, FRCP (London), FRCP (Edin)

**ပါမောက္ခဒေါ်ကြူကြူခင်**
M.B.,B.S, DCH, M.Med.Sc (Paed), MRCP (UK), MRCPCH, FRCP (Edin), Dip.Med.Edu

**ပါမောက္ခဒေါ်အေးအေးသိန်း**
M.B.,B.S, D.C.H, M.Me.Sc (Paed), MRCPCH, FRCP

**ပါမောက္ခဒေါ်အေးအေးမြင့်**
M.B.,B.S, M.Med.Sc (Paed.), MRCPCH, DCH (London), MRCP (UK), MRCS (Edin), F.R.C.P (UK), Dr.Med.Sc (Paed) Consultant Paediatrician

**ပါမောက္ခဒေါ်ဖြူဖြူဦး**
M.B.,B.S, M.Med.Sc (Paed)

**ပါမောက္ခဒေါ်ကေသီထွန်း**
M.B.,B.S, M.Med.Sc (Paed), DCH (Glasgow), M.R.C.P (UK), FRCP, F.A.C.T.M (Australia), Dr.Med.Sc (Paed)

**ပါမောက္ခဒေါ်ခင်ညိုသိန်း**
M.B.,B.S, M.Med.Sc (Paed), FRCP (Edin), MRCPCH (UK), Dr.Med.Sc (Paed)

**တွဲဖက်ပါမောက္ခဒေါ်နွဲ့နွဲ့ဝင်း**
M.B.,B.S, M.Med.Sc (Paed)

**ဒေါက်တာနီလာလွင်**
M.B.,B.S, M.Med.Sc (Paediatric), MRCP, FRCPCH (UK), Dip.Med.Ed

**ဒေါက်တာရဲကျော်သူ**
M.B.,B.S, M.Med.Sc (Paed), MRCPCH (UK)

**ဒေါက်တာမြစန္ဒာသိန်း**
M.B.,B.S, M.Med.Sc (Paed), MRCPCH (UK)

**ဒေါက်တာခိုင်ဇာမောင်**
M.B.B.,S, M.Med.Sc (Paed)

## ကလေးခွဲစိတ် အထူးကုဆရာဝန်ကြီးများ

**ပါမောက္ခဦးထူးဟန်**
M.B.,B.S, M.Med.Sc (Surgery), FRCS (Edin)

**တွဲဖက်ပါမောက္ခဒေါ်ညီညီဝင်း**
M.B.,B.S (Ygn), M.Med.Sc (Surgery), Dr.Med.Sc (Pediatric Surgery), Associate Professor, Senior Consultant Pediatric Surgeon

## အကြောအဆစ်ရောဂါနှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး အထူးကုဆရာဝန်ကြီးများ

**ပါမောက္ခဒေါ်သန်းသန်းဌေး**
M.B.,B.S,M.Med.Sc,Dip.Med.Sc,Dr.Med.Sc(Rehab.Med)

**ပါမောက္ခဒေါ်ခင်မျိုးလှ**
M.B.,B.S (Ygn), Ph.D (Japan), Dip.Med.Ed

**ပါမောက္ခဒေါ်သီဂီလှိုင်**
M.B.,B.S, M.Med.Sc (Rehab.Med), Dr.Med.Sc (Rehabilitation Medicine)

**ပါမောက္ခဒေါ်ခင်စောဦး**
M.B.,B.S, Dip.Med.Sc, M.Med.Sc, Dr.Med.Sc (Rehabilitation Medicine), Dip.Med.Edu

**တွဲဖက်ပါမောက္ခဒေါ်စိုးစိုးခိုင်**
M.B.,B.S, M.Med.Sc (Rehabilitation Medicine)

**တွဲဖက်ပါမောက္ခဒေါ်မျိုးသူဇာခင်**
M.B.,B.S, M.Med.Sc (Rehab.Med), Dr.Med.Sc (Rehab.Med), Dip.Med.Ed, MBA

**ဒေါက်တာပန်ဒိုရာအောင်ကြီး**
M.B.,B.,S, Dip.Med.Sc (Rehab.Med), M.Med.Sc (Rehab.Med), Dr.Med.Sc (Rehabilitation Medicine)

**ဒေါက်တာဂါဂါအောင်**
M.B.,B.S, M.Med.Sc (Rehabilitation Medicine)

**ဒေါက်တာခင်သီတာအောင်**
M.B.,B.S, M.Med.Sc (Rehabilitation Medicine)

**ဒေါက်တာနွယ်ဝင်းနိုင်**
M.B.,B.S, M.Med.Sc (Rehabilitation Medicine)

## ၂၄နာရီ အချိန်ပြည့် ကျန်းမာရေးဝန်ဆောင်မှုပေးနေပါသည်။
















MPT
ရွှေသို့လှမ်းချီမြန်မာပြည်
ရှယ်ပြော
မြန်မာပြည်မှာအသက်သာဆုံး
*234*3# ကို ဖုန်းခေါ်ဆိုပြီး ရယူလိုက်ပါ။
၁၅ ကျပ်
၁မိနစ်
ရှယ်ပြော အစီအစဉ်တွင် MPT အချင်းချင်း ဖုန်းခေါ်ဆိုတိုင်း ၁မိနစ်လျှင် ၁၅ ကျပ်သာ ကျသင့်ပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday


၅၀%
ဖုန်းငွေလက်ဆောင်နဲ့
ပေါင်းကူး 2GB နှင့် 3.5GB
အစီအစဉ်
အခုပဲရယူဖို့ *140# ခေါ်ဆိုပါ
ooredoo
ပျော်ရွှင်ခံစား အင်တာနက်စွမ်းအား




## မော်လမြိုင်ကျွန်းမြို့နယ် မြို့နယ်သမဝါယမအသင်းစု
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မော်လမြိုင်ကျွန်းမြို့-မြို့နယ်သမဝါယမအသင်းစု ပိုင်ဆန်စက် အမှတ်(၅၁၃) ဆင်းရွှေဝါဆန်စက်အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် မြန်မာနိုင်ငံသားများထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရေးအတွက် မြေအကျယ် ၁ဒသမ ၉၇ဧကရှိသော ဆန်စက်၏မြေနှင့် စက်ရုံအလုပ်ရုံနှင့် သိုလှောင်ရုံများအပါအဝင် စက်မှုဂရန်ရှိပြီးဖြစ်ပါသဖြင့် တင်ဒါဝယ်ယူနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။

- တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဖုန်း-၀၄၂-၂၁၂၁၃
- တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ် ဖုန်း-၀၄၂-၂၁၃၀၆
- မြို့နယ်သမဝါယမဦးစီးဌာန ဖုန်း-၀၄၂-၅၀၀၇၃
- မြို့နယ်သမဝါယမအသင်းစုရုံး ဖုန်း-၀၄၂-၅၀၆၄၁
  ၀၉-၇၈၂၄၂၁၈၇၇

**အိတ်ဖွင့်လေလံရောင်းချရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ ဒေသ(၇)၊ ရခိုင်ပြည်နယ်ရုံးမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ရခိုင်ပြည်နယ် အစိုးရရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းအမျိုးအစား | တင်ဒါအမျိုးအစား |
|---|---|---|
| ၁။ | တောင်ကုတ်မြို့၊ လက်ပံကျွန်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း | လုပ်ငန်းတစ်ခုလုံး |
| ၂။ | သံတွဲမြို့နယ်၊ ရွှေလှေ-ပေါက်တောကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း | ” |

အထက်ဖော်ပြပါလုပ်ငန်းများအား ဌာနမှ သတ်မှတ်ဒီဇိုင်းဖြင့် ရေနည်းရာသီတွင် ဆောင်ရွက်ရမည်ဖြစ်ပြီး ရေလမ်းအခြေအနေ မြေအနေအထားအရ ဒီဇိုင်းနှင့် လုပ်ငန်းသုံးပစ္စည်းများ ပြောင်းလဲနိုင်ပါသည်။

**တင်ဒါပုံစံယူရမည့်နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ စစ်တွေမြို့

**တင်ဒါပုံစံယူရမည့်ရက်** - ၁၅-၈-၂၀၁၇ရက်မှ ၂၁-၈-၂၀၁၇ ရက်အထိ ရုံးချိန်အတွင်း

**တင်ဒါပိတ်မည့်ရက်** - ၁၅-၉-၂၀၁၇ ရက် ၁၆း၀၀နာရီထိ

**တင်ဒါတင်သွင်းမည့်နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သတ္တဌာနလမ်း၊ ပြည်တော်သာရပ်ကွက်၊ စစ်တွေမြို့

အသေးစိတ်သိရှိလိုပါကရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စစ်တွေမြို့၊ ဖုန်း-၀၄၃-၂၂၂၉၈ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲလက်အောက်ရှိ ကျုံပျော်လျှော်ရွေးလျှော်ထုတ်စက်ရုံအား ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ နှစ်ရှည်ငှားရမ်းခြင်း ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ငှားရမ်းမှုအိတ်ဖွင့်တင်ဒါဈေးနှုန်းပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါရောင်းချမည့်ရက်** - ၁၄-၈-၂၀၁၇ရက်မှ ၂၉-၈-၂၀၁၇ရက်ထိ ရုံးချိန်အတွင်း

**တင်ဒါရောင်းချမည့်နေရာ** - စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲ၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၃-၉-၂၀၁၇ရက် ၁၃း၀၀နာရီ

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်အသေးစိတ်ကို စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့်လျှော်မျှင်ထွက် သီးနှံဌာနခွဲ၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ ဖုန်း-၀၆၇-၄၃၁၁၆နှင့် ၀၆၇-၄၃၁၁၈တို့သို့ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်စိစစ်ရေးအဖွဲ့**
**စိုက်ပျိုးရေးဦးစီးဌာန**

## ပညာရေးဝန်ကြီးဌာန
## သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန
## သတင်းအချက်အလက်နှင့်
## ဆက်သွယ်ရေးနည်းပညာသုတေသနဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာသုတေသနဌာနတွင် အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေနှင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | အမျိုးအစား | အရေအတွက် |
|---|---|---|
| (၁) | ရုံးသုံးစက်ကိရိယာ | (၁၈) မျိုး |
| (၂) | ရုံးသုံးပရိဘောဂ | (၄) မျိုး |

၂။ **တင်ဒါရောင်းချမည့်ရက်** - ၁၄-၈-၂၀၁၇ ရက်

**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၈-၈-၂၀၁၇ ရက် ၁၆း၀၀နာရီ

**တင်ဒါတင်သွင်းရမည့်နေရာ** - သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ သုတေသနဌာန၊ ပါရမီလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့

၃။ တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာန ဖုန်း-၀၁-၆၅၂၅၄၂၊ ၀၁-၆၅၂၅၂၉တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၁၄-၈-၂၀၁၇ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၇-၈-၂၀၁၇ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## စာမေးပွဲဖြေဆိုရန် အသိပေးကြော်ငြာခြင်း

၁။ ၄-၇-၂၀၁၇ ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၅-၇-၂၀၁၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာများတွင် ထည့်သွင်းခေါ်ယူထားသော အငယ်တန်းစာရေး (၈၀)နေရာ၊ အငယ်တန်း အင်ဂျင်နီယာ-၄(၁၂၀)နေရာ ဝန်ထမ်းရာထူးနေရာများအတွက် အရည်အချင်းစစ် စာမေးပွဲများကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် အောက်ပါစာစစ်ဌာနများတွင် ကျင်းပပြုလုပ်ပါမည်-

(က) ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်
အထက(ခွဲ)(၃)၊ သပြေကုန်းအဝိုင်းအနီး၊ ပျဉ်းမနား-တောင်ညိုလမ်း၊ နေပြည်တော်။

(ခ) ကချင်ပြည်နယ်
အထက(၁)၊ ဆွမ်ပရာဘွမ်လမ်း၊ ဧရာရပ်ကွက်၊ မြစ်ကြီးနားမြို့

(ဂ) ကယားပြည်နယ်
အထက(၂)၊ အမှတ်၈လမ်း၊နောင်ယား(ခ)ရပ်ကွက်၊ လွိုင်ကော်မြို့

(ဃ) ကရင်ပြည်နယ်
အထက(၃)၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၅)ရပ်ကွက်၊ ဘားအံမြို့

(င) ချင်းပြည်နယ်
အထက(၁)၊ ဟားခါးမြို့

(စ) စစ်ကိုင်းတိုင်းဒေသကြီး
အထက(၁)၊ဘုရားနီလမ်း၊အောင်မင်္ဂလာရပ်၊ မုံရွာမြို့
အထက(၂)၊ ပြည်သူ့ဆေးရုံလမ်း၊ ဒေါနခြံရပ်၊ မုံရွာမြို့
အထက(၃)၊ ဗိုလ်ချုပ်လမ်း၊ ဆူးလေကုန်းရပ်၊ မုံရွာမြို့

(ဆ) တနင်္သာရီတိုင်းဒေသကြီး
အထက(၁)၊ အာဇာနည်လမ်း၊ မြောက်ရွာရပ်၊ ထားဝယ်မြို့

(ဇ) ပဲခူးတိုင်းဒေသကြီး
အထက(၁)၊ ပဲခူးမြို့

(ဈ) မကွေးတိုင်းဒေသကြီး
အထက(၁)၊ စိုးကောမင်းရပ်ကွက်၊ အထက(၁)လမ်း၊ မကွေးမြို့

(ည) မန္တလေးတိုင်းဒေသကြီး
အထက(၁)၊ လေးစုရပ်ကွက်၊ အမရပူရမြို့
အထက(၂)၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့

(ဋ) မွန်ပြည်နယ်
မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ မောင်ငန်ရပ်ကွက်၊
(၂)လမ်း၊ တောင်ပိုင်းလမ်း၊ မော်လမြိုင်မြို့

(ဌ) ရခိုင်ပြည်နယ်
အထက(၄)၊ ပြည်တော်သာရပ်ကွက်၊ စစ်တွေမြို့

(ဍ) ရန်ကုန်တိုင်းဒေသကြီး
ကျေးလက်ဦးစီးဌာနရိပ်သာ၊ အမှတ် ၂၄၅၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

(ဎ) ရှမ်းပြည်နယ်
အထက(၁)၊ ကျောက်တိုင်ကွင်းအနီး၊ တောင်ကြီးမြို့

(ဏ) ရှမ်းပြည်နယ်ရုံးခွဲ(လားရှိုး)
အလက(၅)၊ လမ်းမတော်လမ်း၊ အမှတ်(၂)ရပ်ကွက်၊ လားရှိုးမြို့

(တ) ရှမ်းပြည်နယ်ရုံးခွဲ(ကျိုင်းတုံ)
ရှမ်းပြည်နယ်ရုံးခွဲ(ကျိုင်းတုံ)၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊
နောင်ကုန်သဲဆိုင်းရပ်၊ မြို့ပတ်လမ်းထောင့်၊ ကျိုင်းတုံမြို့

(ထ) ဧရာဝတီတိုင်းဒေသကြီး
အထက(၁)၊ အမှတ်(၃)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ ပုသိမ်မြို့

၂။ စာမေးပွဲဖြေဆိုရန်အတွက် ခုံနံပါတ်များကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများတွင် ကြိုတင်ကြော်ငြာပေးထားမည်ဖြစ်ပြီး စာမေးပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်-

(က) **စာမေးပွဲဖြေဆိုရမည့်ရက်** - ၂၀-၈-၂၀၁၇ ရက်(တနင်္ဂနွေနေ့)

(ခ) **ဖြေဆိုရမည့်ဘာသာရပ်များ** - နံနက် ၈း၀၀နာရီမှ ၁၁း၀၀နာရီထိ မြန်မာစာ-အထွေထွေဗဟုသုတ
နံနက် ၁၂း၀၀နာရီမှ ၁၄း၀၀နာရီထိ အင်္ဂလိပ်စာ

၃။ စာမေးပွဲဝင်ရောက်ဖြေဆိုမည့်သူများသည် ဖြေဆိုမည့် ၂၀၁၇ခုနှစ် ဩဂုတ် ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၇း၃၀နာရီအရောက်ဖြေဆိုရမည့်နေရာများသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်အတူ လာရောက်သတင်းပို့ရန်နှင့် စာမေးပွဲခန်းမအတွင်းသို့ အချိန်နောက်ကျ ရောက်ရှိလာသူများအား စာမေးပွဲဖြေဆိုခွင့်ပြုမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သဃ်န်းကျွန်းမြို့နေ ဦးကျော်အေး-ဒေါ်တင်လှတို့၏ သား မောင်အောင်စိုးထက်သည် မိဘ၏ ဆုံးမမှုကိုမနာခံဘဲ မိမိသဘောအလျောက်ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝ တာဝန်မယူပါ။

**ဦးကျော်အေး ၁၀/ကထန(နိုင်)၀၀၆၄၆၄**

## ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ သဲတောအထက အခ္ဌမတန်းမှ မောင်အေးမင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်လှိုင်ဦး ၉/ဝတန(နိုင်)၀၀၂၅၃၉ ဖြစ်ပါကြောင်း။ **ဦးကျော်လှိုင်ဦး**

## ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက ဆပ်ခင်းတက္ကသိုလ်ဝင်တန်းမှ မဝါဝါဝင်း၏ ဖခင်အမည်မှန်မှာ ဦးပေါချောင် ၉/ဝတန(နိုင်)၁၅၆၇၁၇ ဖြစ်ပါကြောင်း။ **ဦးပေါချောင်**

## ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက သဲတော တက္ကသိုလ်ဝင်တန်းမှ မပန်းဖြူ၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော် ၉/တတဉ(နိုင်)၀၉၇၁၁၀ ဖြစ်ပါကြောင်း။ **ဦးမင်းဇော်**

## ဖခင်အမည်မှန်

မုံရွာမြို့နယ်၊ ကြေးမုံရွာ အထက မုံရွေး-ကြေးမုံ အခ္ဌမတန်း(B)မှ မဆုမြတ်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းအောင် ၅/မရန(နိုင်)၁၉၉၃၄၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက(၁) အခ္ဌမတန်း(B)မှ မနှင်းဧကရီကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဌေး ၅/တဆန(နိုင်)၀၉၆၃၇၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မုံရွာမြို့နယ်၊ မုံရွေးရွာ အထက မုံရွေး-ကြေးမုံ အခ္ဌမတန်း(B)မှ မနှင်းဝေသန့်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းသန့် ၅/မရန(နိုင်)၂၀၂၈၃၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မူဆယ်မြို့၊ အထက(၁) အခ္ဌမတန်း(B)မှ မောင်ထွန်းထွန်းဦးနှင့် အခ္ဌမတန်း(D)မှ မောင်ကျော်ဦး တို့၏ ဖခင်အမည်မှန်မှာ ဦးချွန်လန့် ၁၃/ကခန(နိုင်)၀၅၂၂၆၃ ဖြစ်ပါကြောင်း။ **ဦးချွန်လန့်**

## ဖခင်အမည်မှန်

ကလေးမြို့နယ်၊ ရာဇဂြိုဟ်ရွာ၊ အထက တက္ကသိုလ်ဝင်တန်းမှ မဝင်းစန္ဒာထွန်း၊ သတ္တမတန်းမှ မောင်ကျော်ဝင်းထွန်းနှင့် ပဥ္စမတန်းမှ မဝင်းသီရိထွန်း တို့၏ ဖခင်အမည်မှန်မှာ ဦးဆန်းမင်းထက် ၄/ဟခန(နိုင်)၀၃၂၄၃၅ ဖြစ်ပါကြောင်း။ **ဦးဆန်းမင်းထက်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ အထက လက်ပန်လှ၊ တက္ကသိုလ်ဝင်တန်း(က)မှ မဖော်လီသင်း၏ ဖခင်အမည်မှန်မှာ ဦးမော် ၉/စကန(နိုင်)၀၆၀၀၁၁ ဖြစ်ပါကြောင်း။ **ဦးမော်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊တံတားဦးမြို့နယ်၊ ကျောက်တိုင်ရွာနေ ဦးဌေးအောင်၏သမီး အမည်မှန်မှာ မသဲဝါနှင့် မသဲသဲဝါ ၉/တတဥ(နိုင်)၀၉၁၄၁၄မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မသဲဝါ(ခ)မသဲသဲဝါ**

## မိဘအမည်မှန်

မူဆယ်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(B)မှ မောင်ယီအောင်ဆာ၏ မိဘအမည်မှန်မှာ ဦးအိုက် ၁၃/မဆတ(နိုင်) ၀၃၆၂၇၅ နှင့် ဒေါ်အီ ၁၃/မဆတ(နိုင်)၀၃၆၇၉၆ ဖြစ်ပါကြောင်း။ **ဦးအိုက်-ဒေါ်အီ**

## မိဘအမည်မှန်

ဝမ်းတွင်းမြို့နယ်၊ သဲတော အထက အခ္ဌမတန်းမှ မပြည့်ပြည့်ဖြိုး၏ မိဘအမည်မှန်မှာ ဦးဇော်ဦး ၉/ဝတန(နိုင်) ၁၂၇၂၇၅နှင့် ဒေါ်ဌေးဌေးကြိုင် ၉/ဝတန(နိုင်)၁၀၅၂၉၄ ဖြစ်ပါကြောင်း။ **ဦးဇော်ဦး-ဒေါ်ဌေးဌေးကြိုင်**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/7992 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (မုံရွာ)**

**Republic Of The Union Of Myanmar**
**Ministry Of Agriculture, Livestock And Irrigation**
**Agricultural Development Support Project (ADSP)**

**Invitation for Quotation**

**Contract Reference No.** G 5, G 7

1. The Government of Myanmar has received financing from the International Development Association (IDA) of the World Bank Group toward the cost of the Agriculture Development Support Project, and intends to apply part of the proceeds toward payments under the contracts for procurement of goods described in Paragraph 2

2. The Department of Irrigation and Water Utilization Management, Ministry of Agriculture, Livestock and Irrigation, Office No. 15, NayPyiTaw, Myanmar now invites sealed bids from eligible bidders for the supply of :

**G 5: Rice Transplanterand Other Machines**

**G 7: Teaching and Learning Materials for MTC (workshop tools)**

3. Bidding will be conducted through the Request for Quotation procedures as specified in the World Bank's *Guidelines:Procurement of Goods, Works and Non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers* revised *July 2014* ("Procurement Guidelines"), and is open to all eligible bidders as defined in the Procurement Guidelines. In addition, please refer to paragraphs 1.6 and 1.7 setting forth the World Bank's policy on conflict of interest.

4. Interested eligible bidders may obtain further information from the address below and inspect the bidding documents during office hours e i.e. 09[00] to 16[00] hours Myanmar time at the address given below.

5. A complete set of bidding documents in English can be obtained by interested eligible bidders upon the submission of a written application to the address below. The Bidding Documents will be issued through e-mail only.
   1. The Request for Quotations must be delivered to the address below on or before 11.9.2017, 14[00] hours, Myanmar time.
   2. Electronic bidding will not be permitted. Late bids will be rejected. Bids will be publicly opened in the presence of the bidders' designated representatives and anyone who choose to attend at the address below

6. All Quotations must be accompanied by a Bid Securing Declaration (in accordance with the format provided in the Request for Quotation)

7. The address referred to above is:

Attn: **Mr. TintLwin, Director of Procurement**
Address: **Department of Irrigation and Water Utilization Management**
**Ministry of Agriculture, Livestock and Irrigation, Building No.43**
Floor/ Room number: **1st floor, Office of Director of Procurement,NayPyi Taw**
Country: **Republic of the Union of Myanmar**
Telephone: +95-67-410019,Fax: + 95-67-410102,E-mail: tlwin4.irr@gmail.com

**To contact for the document for the Request for Quotation**

Mr. Min ZawOo,
Telephone: +95-9-979464196,E-mail : pmadsp.wb@googlemail.com



အင်းစိန်မြို့နယ်၊ ကြို့ကုန်း၊ မဟာသုခိတာလမ်းမကြီးနေ ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက်၊ အင်ဂျင်နီယာဌာန၊ အတိုင်ပင်ခံအင်ဂျင်နီယာ၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ဗိသုကာဌာန ပါမောက္ခ ဦးစိုးနိုင်အောင်၊ ပါရမီဖြည့်ဘက် ဒေါ်သင်းသင်းခိုင်တို့က သမီးလေး အေးမြမြသင်းအောင်၏ (၈)နှစ်ပြည့် မွေးနေ့အလှူအဖြစ် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသို့ အလှူငွေကျပ် (၈)သိန်းကို အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)သို့ ပေးအပ်စဉ်။

## ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲတော်ကြီး

(၁၁၇) ကြိမ်မြောက်၊ (၁၂၀) နှစ်ပြည့်၊ ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲတော်ကြီးကို -



ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော်

၁၃၇၉ - ခုနှစ်၊ တော်သလင်းလဆန်း (၁၂) ရက် (၂.၉.၂၀၁၇) နေ့မှ တော်သလင်းလပြည့်ကျော် (၁) ရက် (၆.၉.၂၀၁၇) နေ့အထိ (၅) ရက် တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ပါသည်။

၁၃၇၉ - ခုနှစ်၊ တော်သလင်းလဆန်း (၁၃) ရက် (၃.၉.၂၀၁၇) နေ့ နေ့လည် ( ၁ ) နာရီမှ စတင်၍ ဗုဒ္ဓမြတ်စွယ်တော်ကို ဆင်ရတနာပေါ်သို့ ပင့်ဆောင်ပြီး ယိမ်း - နိပါတ် - ဘာသာရေးအဖွဲ့အစည်းများ လိုက်ပါခြံရံလျက် မြို့ပေါ်သို့ လှည့်လည် အပူဇော်ခံပါမည်။

၁၃၇၉ - ခုနှစ်၊ တော်သလင်းလဆန်း (၁၄) ရက် (၄.၉.၂၀၁၇) နေ့မှ တော်သလင်းလပြည့် ( ၅ . ၉ . ၂၀၁၇ ) နေ့ ည (၁၀) နာရီအထိ ဗုဒ္ဓမြတ်စွယ်တော်ရတနာ ကို စိန်ကြုတ်မှ ဖွင့်လှစ်၍ ပကတိအတိုင်း ပူဇော်ခံထားရှိမည် ဖြစ်သည်။

လေလံဆိုင်ခန်းများကို - ၁၃၇၉ - ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ( ၆ ) ရက်နေ့ (၁၃.၈.၂၀၁၇) နေ့ နံနက် (၉) နာရီ အချိန်တွင် ယခင်နှစ်များအတိုင်း ဈေးပြိုင်စနစ်ဖြင့် ရောင်းချပါမည်။

ဈေးဆိုင်ဟောင်းများကို တော်သလင်းလဆန်း ( ၁ ) ရက် ( ၂၂ . ၈ . ၂၀၁၇ ) နေ့ မှ စ၍ တော်သလင်းလဆန်း ( ၃ ) ရက် ( ၂၄ . ၈ . ၂၀၁၇ ) ရက်နေ့အထိ ရောင်းချပြီး ဈေးဆိုင်သစ်များကို တော်သလင်းလဆန်း ( ၄ ) ရက် ( ၂၅ . ၈ . ၂၀၁၇ ) ရက်နေ့မှ စတင်ရောင်းချပါမည်။

"ဗုဒ္ဓမြတ်စွယ်တော်နှင့်ပါတ်သက်သောအမှတ်တရ အင်္ကျီ – ရောဘတ် – တံဆိပ် – CDခွေများ လုံးဝရောင်းချခွင့်မပြု။"

**အခြားမြို့နယ်များသို့ အလှူခံ စေလွှတ်ခြင်းမရှိပါ။**

မြတ်စွယ်တော်အခမ်းအနားစီစဉ်မှုအဖွဲ့ ပေါင်းတည်မြို့။
ဖုန်း – ၀၅၃ – ၃၈၁၁၀

## ဖေယျာနန္ဒာရာမဝေဠုဝန်တောရလယ်တီဓမ္မရိပ်သာ ရက်ပေါင်း(၅၁)ရက် လယ်တီကမ္မဋ္ဌာနာစရိယ ဆရာဖြစ်သင်တန်းနှင့် ဓမ္မကထိကရက်ရှည်

# အထူးတရားစခန်း ဖွင့်လှစ်မည်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အရိုးတောင်အုပ်စု၊ ဇောတိကျေးရွာနှင့် ဘုရားကြီးစံပြကျေးရွာအနီးတွင်တည်ရှိသော ဖေယျာနန္ဒာရာမဝေဠုဝန်တောရ လယ်တီဓမ္မရိပ်သာကြီးတွင် ၉-၁၁-၂၀၁၇ မှ ၃၁-၁၂-၂၀၁၇ အထိ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်မှ ပြာသိုလဆန်း ၁၃ ရက်အထိ မဟာသဒ္ဓမ္မဇောတိက ဓဇ ဆရာကြီး ဦးသန်း၏တပည့်၊ ကမ္မဋ္ဌာနာစရိယဆရာများ၊ နိုင်ငံကျော်ဓမ္မကထိကများ၊ ပြည်တွင်းပြည်ပ ဝိပဿနာဂုရု ဆရာကြီးများ အနီးကပ်ပို့ချမည့် ရက်ပေါင်း(၅၁)ရက် လယ်တီကမ္မဋ္ဌာနာစရိယ ဆရာဖြစ်သင်တန်းနှင့် ဓမ္မကထိကသင်တန်း ရက်ရှည် အထူးတရားစခန်း ဖွင့်လှစ်မည်ဖြစ်ပါ၍ သင်တန်းတက်ရောက်လိုသော ရဟန်း၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီးများသည် အသေးစိတ်သိရှိလိုပါက လယ်တီကမ္မဋ္ဌာနာစရိယ ဆရာဖြစ်သင်တန်းတာဝန်ခံ လယ်တီကမ္မဋ္ဌာနာစရိယ အရှင်ဖေယျာနန္ဒ(ပုဂံ)ဆရာတော်ထံတွင် စုံစမ်းနိုင်ပါသည်။

**မှတ်ချက်။** ။ပစ္စည်းလေးပါး လှူဒါန်းလိုသူများ လှူဒါန်းနိုင်ပါသည်။

**သင်တန်းတာဝန်ခံ**
**လယ်တီကမ္မဋ္ဌာနာစရိယ အရှင်ဖေယျာနန္ဒ(ပုဂံ)**
**ရတနာမဥ္ဇူဓမ္မရိပ်သာ**
**သမိုင်း(၁)ရပ်ကွက်၊ ၂ လမ်း၊ မရမ်းကုန်းမြို့နယ်၊**
**ဖုန်း-၀၁-၉၆၆၃၈၀၂၊ ၀၉-၅၁၉၇၀၂၇၊ ၀၉-၄၄၈၅၃၄၅၁၃**

## သဲအင်းဂူခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၉ ရက်မှ ၂၇ ရက်အထိ ခုနစ်ရက် အဓိဋ္ဌာန် တရားစခန်းပွဲတွင် မူလသဲအင်းဂူဆရာတော်ကြီး ဦးဥက္ကဋ္ဌ ၏ ကမ္မဋ္ဌာန်းမူနှင့်အညီ အဖွဲ့၏ဩဝါဒါစရိယ၊ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးသီဟ (ပုသိမ်) အရှင်သူမြတ်က သမထဝိပဿနာ တရားတော်များကို ချီးမြှင့်ဟောကြား ပြသမည် ဖြစ်ပါသည်။ တရားစခန်းဝင်လိုသူများ ဩဂုတ်လ ၁၉ ရက် (စနေနေ့) ညနေ ၅း၀၀ နာရီ အရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်း လှူဒါန်းလိုသူများနှင့် ဓမ္မဗိမာန် ပြုပြင်ရန် အလှူရှင်များ ဖုန်း ၀၉-၈၆၂၃၉၉၇၊ ၀၉-၇၉၇၉၉၉၉၅၁ တို့သို့ ဆက်သွယ်ပါရန် နှိုးဆော်အပ်ပါသည်။

ရန်ကုန်တမြို့လုံးဆိုင်ရာသဲအင်းဂူသာသနာပြုအဖွဲ့

## ရခိုင်ပညာသင်ဆုချီးမြှင့်ပွဲအခမ်းအနား ဖိတ်ကြားလွှာ

ရခိုင်သဟာယအသင်း(ရန်ကုန်)မှ စီစဉ်ပြီး ရခိုင်လူမှုရေးအသင်း (ဂျပန်)၊ ဂျပန်ပြန် ရခိုင်လူမှုရေးအသင်း(ရန်ကုန်)၊ ရခိုင်အသင်း (စင်ကာပူ)၊ ဩစတြေးလျအသင်း(ဆစ်ဒနီ)၊ ရခိုင်သင်္ဘောသားများ လူမှုရေးအသင်း(ရန်ကုန်)နှင့် ဂျပန်လူမျိုးအလှူရှင်များ ပူးပေါင်းပါဝင်သော ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါ၍ ရခိုင်သဟာယအသင်း၏ လက်ရှိ ကျောင်းသားအလှူရှင်များ၊ အလှူရှင်ဟောင်းများ၊ ပညာရေးပဒေသာပင်အလှူရှင်များ ကြွရောက် ချီးမြှင့်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အခမ်းအနားအစီအစဉ်**

**နေ့ရက်** - ၁၃-၈-၂၀၁၇ ရက် (တနင်္ဂနွေနေ့)
**အချိန်** - မွန်းလွဲ ၁ နာရီမှ ၅ နာရီထိ
**နေရာ** - IBC (Grand Ballroom)၊ အမှတ်(၈၈)၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်

**ဆုချီးမြှင့်ပွဲကျင်းပရေးကော်မတီ**

## ပုဂံ ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် စာအောင်သံဃာတော်များ

# ဂုဏ်ပြုပူဇော်ပွဲ ဖိတ်ကြားခြင်း

ပုဂံ ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ (၁၅)ကြိမ်မြောက် ပုဂံ ညောင်ဦး မြို့နယ်ဖွား ကျောင်းထိုင်ဆရာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း နှင့် အစိုးရဓမ္မာစရိယဘွဲ့ရ အရှင်သူမြတ်တို့အား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပပြုလုပ် မည်ဖြစ်ပါသည်။

အသင်းသူ/အသင်းသားများ၊ မြို့နယ်သူ/မြို့နယ်သားများ ကြွရောက် ကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၃၇၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ ရက် ၂၀-၈-၂၀၁၇ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉ နာရီမှ ၁၂ နာရီထိ
**ကျင်းပမည့်နေရာ** - မှန်ကျောင်း၊ ဓမ္မသုခတိုက်၊ ကြားတောရလမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ရန်ကုန်မြို့

**နေ့လယ်စာကို မြန်မာထမင်း၊ ဟင်းဖြင့် ဧည့်ခံကျွေးမွေးပါမည်။**

ဝါဆိုသင်္ကန်းနှင့် အလှူငွေများ လှူဒါန်းလိုပါက သံဃာတစ်ပါးလျှင် သင်္ကန်းဒွိစုံအပါအဝင် ငွေကျပ် ၂၇၀၀၀ိ/-နှုန်းဖြင့် လှူဒါန်းမည်ဖြစ်ပါ၍ အောက်ပါပုဂ္ဂိုလ်များထံ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါသည်-

| | | | |
|---|---|---|---|
| ၁။ ဦးသိန်းအောင် | ဖုန်း-၀၉-၅၁၆၀၂၈၅ | ၂။ ဦးသောင်းညွန့် | ဖုန်း-၀၁-၅၅၂၄၈၉ |
| ၃။ ဦးမြင့်လွင် | ဖုန်း-၀၉-၅၁၃၀၈၄၃ | ၄။ ဦးယုတင် | ဖုန်း-၀၉-၅၀၂၈၀၄၅ |
| ၅။ ဦးကြည်စိုး | ဖုန်း-၀၉-၅၁၀၆၇၀၆ | ၆။ ဦးကျော်ဝင်း | ဖုန်း-၀၉-၄၂၀၄၆၂၉၉ |
| ၇။ ဒေါ်ဆွေဆွေ | ဖုန်း-၀၉-၇၃၀၂၄၄၃၉ | ၈။ ဦးကျော်မြင့် | ဖုန်း-၀၉-၄၃၀၄၀၁၈၆ |

**အမှုဆောင်အဖွဲ့**

